စိတ်စိတ်ကူးချို့ချို့စာအုပ် ၇၃

ဂူလီယံနီနှင့်
အမေရိကကိုပြောင်းလဲခဲ့သောနေ့

မိုးဟိန်းကို

၂၀၀၂ ၊ စက်တင်ဘာလ

မာတိကာ

၁။ ဂူလီယံနှင့် အယ်လ်ဘမ်

၂။ တိုင်းမ်မဂ္ဂဇင်း၏

၂၀၀၁ ဂုဏ်ပြုခံပုဂ္ဂိုလ်ဂူလီယံနီ ၉

၃။ ဂူလီယံနီရဲ့ ၉/၁၁ ပါးစပ်ရာဇဝင် ၇၃

၄။ စက်တင်ဘာ ၁၁ နှင့်

အမေရိကန်အယ်လ်ဘမ်

၅။ အမေရိကကိုပြောင်းလဲစေခဲ့သောနေ့ ၈၇


ဂူလီယံနှင့်
အယ်လ်ဘမ်




နယူးယောခ်က လူးလွန့်ကုန်းထနေချိန်မှာ မြို့တော်ဝန် ရူဒီဂူလီယန်နီက လည်း ကြောက်ရွံ့ထိတ်လန့်ခြင်းတို့ကို ဒူးမထောက် လက်မမြောက်၊ တုန်ခါသွား သည့်မြို့တော်နှင့် ထိတ်လန့်သွားသည့် ကမ္ဘာ ပြန်လည်နိုးထလာရန် သူ့အရင်းခံ မာကျောသည့် စိတ်ဓာတ်နှင့် မမောနိုင်မပန်းနိုင် ကြိုးပမ်းခဲ့သည်။



နယူးယောခ်၏ ရဲရင့်စွန့်စားသူတို့က ဂူလီယန်နီကို ဝန်းရံကြသည်။ ရုတ်တရက် ဝိုင်းဝန်းကူပံ့မှုတွေကို လက်ခံရရှိသော်လည်း ဆုံးရှုံးမှုတို့အတွက် ခံစားရမှုကမူ လျော့နည်းသွားခဲ့သည်မရှိပေ။



မြို့တော်ဝန်ကြီးက အသက်ဆုံးရှုံးခဲ့ရသူများစွာတို့အနက် အောက်မေ့ဆုတောင်းပွဲ ၂၀၀ကျော် တက်ရောက်ခဲ့ပြီး အသက်စွန့်ခဲ့သော သူရဲကောင်းတို့အတွက် ဥဒါန်းကျူးပြီး ကျန်ရစ်သူမိသားစုအားကို ရယူခဲ့သည်။



ပစ်မှတ်နေရာတွင်ရပ်တည်ပြီး ကျဆုံးသွားခဲ့ရသော မီးသတ်သမား နှစ်ဦးကို မြို့တော်ဝန်က နှစ်သိမ့်စကားပြောပြီး အားပေးနေသည်။ သူကိုယ်တိုင် မည်မျှခံစားနေရသည်ကိုလည်း ပြသနိုင်စွမ်းရှိသည့် မာကြောလှသူ ဖြစ်ကြောင်းကိုပါ သိလာစေနိုင်ခဲ့ပါသည်။




အသက်ဆုံးရှုံးခဲ့သူတို့အတွက် အသုဘသို့သွားသည်ကို ဂူလီယန်နီဟာ သတင်းသမားသွေကို အသိပေးလေ့တော့ မရှိပါ။ မြို့တော်ဝန်က အောက်မေ့ဆုတောင်းပြီး အသက်ဆုံးရှုံးသူတို့အတွက် ဝမ်းနည်းစကားပြောနေစဉ် ကြေကွဲသူတစ်ဦးက မှတ်တမ်းတင်ရယူထားလိုက်သည့် ပုံရိပ်ဖြစ်သည်။



ဒစ်ချီနေ၊ ဂျော့ပါတာကီတို့နှင့်အတူ။



ဆော်ဒီမင်းသားအင်တာလာက အမေရိကန်မူဝါဒကို ဝေဖန်၍
သူလျှိုသော ချက်လက်မှတ်ကို ဂူလီယန်နီက ပြန်ပေးခဲ့သည်။



ကုလသမဂ္ဂ၌ ပထမဆုံး မိန့်ခွန်းပြောခွင့်ရသော
နယူးယောခ်မြို့တော်ဝန်။



သမ္မတဘုရှ်အား အပျက်အစီးများကို မွန်အက်ဆင်၊

ကန့်တို့နှင့်အတူ ပြနေစဉ်။



ပြည်တွင်းလုံခြုံရေးအကြီးအကဲ တွမ်ရစ်နှင့်အတူ



နယ်လ်ဆင်မင်ဒဲလားအား ရှင်းပြနေစဉ်။




ယန်းကင်းစတေဒီယံ၌ ဟီလာရီ၊ ဘီလ်ကလင်တန်

တို့နှင့်အတူ အောက်မေ့ဖွယ်ဆုတောင်းနေကြစဉ်။




ရုရှားသမ္မတ ပူတင်(ယာ)အား ရှင်းပြနေစဉ်။



ရော့ကဝေတွင် လေယာဉ်ပျံ ၅၈၇ ပျက်ကျပြီးနောက်



ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲနှင့်အတူ




ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်အား ရှင်းပြနေစဉ်။



အစ္စရေးဝန်ကြီးချုပ် အေရီယယ်လ်ရှာရွန် (ဝဲ) နှင့်

ဂူလီယန်နီ



ဘက်ထရီပစ်တွင် လူထုအပန်းဖြေ ပရိမီနိဒ်ကို ပြန်ဖွင့်ပေးနေကြစဉ်။



တာဝန်ထမ်းရင်း အသက်ဆုံးရှုံးသွားခဲ့ရသော မီးသတ်သမား၏နှမ မင်္ဂလာ ဆောင်အခမ်းအနားတွင် ပါဝင်ပေးနေသော မြို့တော်ဝန်ဂျလီယန်နီ။




အကြမ်းဖက်သမားတို့ ကိုယ့်ကိုယ်ကို အသေခံဗုံးခွဲခဲ့၍ အသက်ဆုံးရှုံးခဲ့ရသူ တစ်ဦး၏ နှမငယ်တစ်ဦးအား နှစ်သိမ့်မှုပေးနေသော နယူးယောခ်မြို့တော်ဝန်။

ဖြစ်ပေါ်ခဲ့သော ဆိုင်ကယ်တိုက်မှုတွင် ဆိုင်ကယ်စီးသူ ဦးမောင်မောင်ထွန်း (၅၀) နှင့် ဆိုင်ကယ်စီးသူ ဒေါ်ခင်ခင်ဝင်း (၄၅) တို့ ဦးခေါင်းနှင့် ကိုယ်အင်္ဂါအနှံ့ ဒဏ်ရာရရှိခဲ့ပြီး ဦးမောင်မောင်ထွန်း ဆေးရုံတွင် ကုသမှုခံယူနေစဉ် ဆုံးပါးသွားခဲ့ရသည်။ ဒေါ်ခင်ခင်ဝင်းမှာ ဆေးရုံတွင် ကုသမှုခံယူနေရသည်။ ထိုတာဝန်မဲ့ယာဉ်မောင်းသူကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရန် ကြိုးပမ်းဆောင်ရွက်နေသည်။

အထက်တန်းကျောင်းသားဘဝရူလီယန်နီ


၁၉၆၁၊ ကျောင်းထွက်လျှင် ဘုန်းကြီးလုပ်ရန် စိတ်ကူးသူ ရူလီယန်နီအား အတန်းနိုင်ငံရေး ခေါင်းဆောင် ရွေးတင်ကြသည်။





တွဲဘက်ရွေ့နေချုပ်


၁၉၈၁၊ ရိုနယ်လ်ရေဂင်၏ တရားရေးဌာနတွင် တတိယအဆင့်ဖြင့် တရား ရေးဌာနတွင် တတိယအဆင့်မြင့် ဝါရင်တန်သို့ လိုက်ပါခဲ့သည်။



၁၉၈၃၊ မာဖီးယားနဲ့ ဝေါလမ်းမမှ အတွင်းလှည့်စားနေသူများကို အရေးယူနိုင်ရန် နယူးယောခ်ဌာနသို့ ဝါရှင်တန်မှ ပြန်ခဲ့သည်။




၁၉၉၈၊ အမေရိက အစိုးရရှေ့နေ ဂူလီယာနီ၊ ဆီးနိတ်လူကြီးအဲလ်ဒီအမ်မာလို (ယာ) မင်ဟန်တန်မှာ သူတို့ဝယ်ယူရရှိသည့် မူးယစ်ဆေး ဖန်ပုလင်းလေးကို ပြနေစဉ်။



၁၉၉၄၊ မြို့တော်ဝန် ကျမ်းသစ္စာ ပြုခဲ့စဉ်က မိသားစုနှင့်အတူ။


၁၉၉၉ တွင်မူ အိမ်ထောင်ကွဲစ ပြုနေသည်။



ဂူလီယန်နီ မြို့တော်ဝန်မဖြစ်မီက ရှုပ်ခဲ့လေသမျှကို လပိုင်းအတွင်းမှာ ရှင်းလင်းနိုင်ခဲ့သည်။



၁၉၉၉၊ ဘာမာဒူယာလိုအား ရဲကပစ်ခတ်ခဲ့မှုတွင် ဂူလီယန်နီက ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခဲ့စဉ် ရုပ်တန်စင်တာနှင့် ဒင်ကင်တို့က ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။



၉/၁၁ အပြီးတွင် ဂူလီယန်နီ သူစိတ်ကြိုက်မြို့တော်ဝန်ရာထူးဆက်ခံမည့် သူရွေးချယ်သည်။ ၂၀၀၂ နှစ်သစ်အဝင် သန်းခေါင်ကျော်စတွင် မိုက်ဘလွန်း ဘက်ကို သစ္စာပြုစေပြီး တာဝန်လွှဲအပ်ခဲ့သည်။



၂၀၀၀ ကင်ဆာရောဂါ ကုသပေးမှုတွင်
မြို့တော်ဝန်က ဂျူဒစ်သ်နာသန်နှင့်တွဲပြီး
ရင်ဆိုင်ကြုံပမ်းခဲ့သည်။

Time မဂ္ဂဇင်း၏ ၂၀၀၁ ဂုဏ်ပြုခံပုဂ္ဂိုလ် နယူးယောခ်မြို့တော်ဝန် ဂူလီယံနီ

သူရဲကောင်းက လူဆိုးတွေရှိမှ ပေါ်လာတယ်။

ကောင်းမှုတွေကလည်း မကောင်းမှုတွေရှိမှ ပေါ်လာတယ်။

ဒီလိုမြင်ကြ၊ ပြောချင်ကြတယ်။ ဒါပေမဲ့ သူရဲကောင်းနဲ့ လူဆိုးဟာ မိတ်ဖက်မဟုတ်သလို ကောင်းမှုကလည်း မကောင်းမှုတွေကို ကျေးဇူးသိတတ်နေဖို့မလိုတာကို စက်တင်ဘာ (၁၁) ရက် ၂၀၀၁ မှာ အကြမ်းဖက်သမားတွေက တိုက်ခိုက်တဲ့နောက်မှာ ပေါ်လာတဲ့ အကျိုးတရားတွေက သဘောပေါက်လာစေပါလိမ့်မယ်။

ဒါကြောင့်လည်း အကြမ်းဖက်သမားတွေ တိုက်ခိုက်တာက အရေးမပါလှပါဘူး၊ အကြမ်းဖက်သမားတွေကို ဘယ်လိုရဲရဲဝံ့ဝံ့ တုံ့ပြန်ခဲ့တယ်ဆိုတာက ပိုအရေးပါပါတယ်လို့ နယူးယောခ်မြို့တော်ဝန် "ရူဒီဂူလီယံနီ" ပြောခဲ့တာ ဖြစ်ပါတယ်။

ဂူလီယံနီက မပျာဘူး၊ ကြောက်လို့လည်း ဒူးမထောက်ဘူး။ မမောနိုင် မပန်းနိုင် အရင်းခံစိတ်ရိုးရိုး ကြမ်းကြမ်းကြီးနဲ့ ထိခိုက်တုန်လှုပ်နေတဲ့ ကမ္ဘာကြီးကို ပြန်လည်နိုးထလာအောင် ဦးဆောင်ပါတယ်။

တိုင်းမဂ္ဂဇင်းက ဒါကို ဂုဏ်ယူတယ်။ အသိအမှတ်ပြုတယ်။ ၂၀၀၁ ခုနှစ်ရဲ့ အမှတ်အသားလို့ ချီးကျူးပြီး၊ ဒီနှစ်ရဲ့ ဂုဏ်ပြုခံပုဂ္ဂိုလ်အဖြစ် တင်ဆက်ထားပါတယ်။

ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန အမြွာညီနောင်မိုးထိ တိုက်ကြီးကို အပိုင်စီးလာတဲ့ လေယာဉ်ကြီးနှစ်စီးနဲ့ အကြမ်းဖက်သမားတို့က တိုက်ခိုက်ဖြိုချလိုက်လို့ သေကြေဒဏ်ရာရတဲ့ ဝန်းကျင်မှာ ဂူလီယံနီက မခွာဘူး၊ နောက်မတွန့်ဘူး၊ မအိပ်ဘူး၊ ရဲရဲရင်ဆိုင်နေခဲ့တယ်။

“အမေရိကန်လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့တဲ့ တို့ဘိုးဘေးတွေလို တို့သတ္တိရှိကြသေးရဲ့လား။ ကျူးပိုင် ကျွန်ပိုင်စနစ်ပျောက်ကွယ်သွားအောင် တိုက်ခဲ့တဲ့ တို့ဘိုးဘေးတွေလို တို့အားကောင်းကြသေးရဲ့လား။ နာဇီနဲ့ ကွန်မြူနစ်တွေကို တိုက်ခိုက်ခဲ့တဲ့ တို့အဖေတွေ တို့ဘကြီးတွေလို တို့ အင်အားကောင်းကြသေးရဲ့လား...”

မိတ်ဆွေတစ်ယောက်ရဲ့ အသုဘမှာ ဂူလီယံနီက ပြင်းပြတဲ့ စိတ်နဲ့ ပြောခဲ့ပါတယ်။

“အကြမ်းဖက်သမားတွေက ကျုပ်တို့ သူရဲဘောကြောင်မယ်ထင်တယ်”

“ခု သူတို့ ကျုပ်တို့အကြောင်းသိသွားပါပြီ”

“ကျုပ်တို့ကလည်း သူတို့ကိုသိပါတယ်”

ဂူလီယံနီ ဆက်ပြောတဲ့စကားတွေက စိန်ခေါ်မှုကို

လက်ခံပြီး ပြန်စိန်ခေါ်သံဆိုတာ ရှင်းပါတယ်။

အနိုင်အရှုံးကို သချိုင်းတွေနဲ့သာ ဆုံးဖြတ်မယ်ဆိုရင်တော့ အိုစမာဘင်လာဒင်ကိုယ်တိုင် ကိုယ့်သချိုင်းကိုယ်တူးရပါလိမ့် မယ်။ အမေရိကန်သမိုင်းမှာ အကြမ်းဖက်သမားတွေကြောင့် သေခဲ့ရတာတွေထက် စက်တင်ဘာ (၁၁)ရက်မှာ ပိုသေရပါ တယ်။ ဒီလို သူဖျက်ဆီးခဲ့တဲ့ အကုသိုလ်က သူ့ကို ဒဏ်ခတ် ပါလိမ့်မယ်။ ဘယ်လောက်ကြီးကြီး သူ့ကို ဒဏ်ခတ်လိမ့်မယ် ဆိုတာကတော့ ကျုပ်တို့ကိုယ်တိုင် မသိနိုင်ပါဘူး။

၂၀၀၁ ခုနှစ် ကုန်ဆုံးချိန်ကာလမှာ အမေရိကန်မှာ ဖြစ် ခဲ့တာတွေအတွက် ခံရဖို့ဆိုရင် ဘင်လာဒင်ဆိုတဲ့လူက သေး ငယ်လွန်းလှပါတယ်။ သူ့ရာဇဝတ်မှုတွေ အတိုင်းအတာနဲ့ ယှဉ် နိုင်အောင် လူတွေက တွေးကြလို့သာ ဘင်လာဒင်က ကြီးနေ တာပါ။ သမိုင်းမှာ ဆိုးလှပြီဆိုတဲ့ လူတွေလောက် သူက မကြီး သေးပါဘူး။

မခံချင်စိတ်ကို အကြမ်းဖက်တဲ့ ဘက်ပြောင်းဖို့က မခက် ပါဘူး။

သူလွတ်လိုက်တဲ့ လူသတ်သမားတွေက သူ့ထက် သတ္တိ ကောင်းတယ်လို့တောင် ဆိုရပါမယ်။

ဘင်လာဒင်မှာ ငွေတွေ အများကြီး ရှိသလို အမုန်းတွေ ကလည်း အားကြီးလှပါတယ်။ သူမရှိတော့ သူ့နေရာ ဝင်ယူကြ မယ့် လူတွေလည်း ရှိတယ်။

ဘင်လာဒင့်လူတွေရဲ့ လုပ်ရပ်နဲ့ ဒီရာစုသစ်ရဲ့အစကို မော်ကွန်းတင်ကြမလား။

မော်ကွန်းတင်သင့်တင်ထိုက်တဲ့ အဆင့်မရှိတာက အမှန် ပါ။

စက်တင်ဘာ ၁၀ ရက်နေ့က အမေရိကန် ကွန်ဂရက်မှာ ဆွေးနွေးနေခဲ့ကြတဲ့ အရေးကြီးတဲ့ ပြဿနာတွေက အခွန်တွေ လျှော့ချဖို့နဲ့ ကျောင်းက ကလေးတွေရဲ့ ဝတ်စုံတွေ သတ်မှတ်ပေးဖို့ကိစ္စတွေ ဖြစ်ပါတယ်။

စက်တင်ဘာ ၁၂ ရက်နေ့မှာ သမိုင်းက လူးလွန့်ပြီး အားကောင်းမောင်းသန် လှုပ်ရှားလာပါတယ်။

အဲဒီအစမ်းအသပ်ခံကာလကို ဖြတ်သန်းတဲ့အခါမှာ ဆွေးနွေးစရာဇာတ်လမ်းတွေပေါ်လာမယ်။ မှားမှားယွင်းယွင်း သင်ခန်းစာယူမိကြမယ်။ အမှန်တရားကို ယုံတမ်းစကားလို့လည်း ထင်မိတတ်ကြတယ်၊ သေရင် သူရဲကောင်းလို့ ထင်ကြတယ်။ ကံ ကို ကြမ္မာလို့ ထင်ကြတယ်။ အမာရွတ်ကိုလည်း တံဆိပ်ထင်ကြပါတယ်။ မီးသတ်သမားတွေကိုတော့ တွေ့သူတိုင်းက သူရဲကောင်းတွေလို့ ဂုဏ်ပြုကြတယ်။ လက်ဆောင်တွေ ပေးကြပြီး သူတို့ဘေးရန်ကင်းဖို့ ခွက်မြှောက်ဆုတောင်းကြပါတယ်။

မီးသတ်သမားတွေကိုယ်တိုင်က သူတို့တာဝန် မပြီးဆုံးသေးဘူးလို့သာ မြင်နေကြတယ်။

မိခင်တို့မှာ ကလေးတွေအမေးကို ဖြေရခက်နေပါတယ်။ ကလေးတွေ သဘောပေါက်အောင် ပြောရခက်နေကြသလို ခရစ်စမတ်ပွဲ ဘယ်လိုနွဲ့ရမလဲဆိုတာကိုလည်း ဝေခွဲမရဖြစ်နေကြတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီက ကျမ်းသစ္စာဆိုပြီး သမ္မတ ရာထူးလက်ခံခဲ့တဲ့ သမ္မတအနေနဲ့ ဆန္ဒစုံလှတဲ့နိုင်ငံသူနိုင်သားတွေရဲ့ ထွေပြားလှတဲ့ ဆန္ဒတွေ ပြည့်ဝအောင် လုံးပန်းနေရပါတယ်။

“ကျုပ်တာဝန်ယူထားရတာ နိုင်ငံတစ်နိုင်ငံလို့ ထင်နေတာမဟုတ်ဘဲကိုး၊ ကမ္ဘာတိုက်ကြီးတစ်တိုက် ဖြစ်နေတယ်”

ကျော့ဒဗလျူဘုရှ်က ပြောပါတယ်။

သမ္မတတာဝန်ကို ထိုက်ထိုက်တန်တန် ထမ်းဆောင်ပါမယ်ဆိုတဲ့ ဘုရှ်အတွက် ပြည်သူ့ယုံကြည်ကိုးစားမှုရဖို့က မလွယ်ဘူး။ ယုံကြည်ကိုးစားမှုကို အတုလုပ်ယူလို့ မရဘူး၊ ခဏငှားယူထားလို့လည်း မဖြစ်ပါဘူး။

ဒါပေမဲ့ ရန်သူက နယ်နိမိတ်ကိုလည်း ဂရုမစိုက်၊ ဥပဒေကိုလည်း မလိုက်နာ၊ ဗီဇာမပေးဘဲထားလို့လည်း မရတဲ့အခါ ရင်ဆိုင်ပြီး တိုက်ရံုကလွဲလို့ တခြားလမ်းမရှိတော့။

ပြည်သူကို ပေးရန် အဖြေက ဒါပဲ။

တိုက်မှ ယုံကြည်ကိုးစားခံရတော့မယ်။

“သူရဲကောင်းတစ်ယောက်ပြစမ်းပါ။ သူ့အတွက် အလွမ်း ဇာတ်ရေးပေးပါမယ်”

အလ်ဖ်စကော့ဖစ်ဇာဂျရယ်က ရေးပါတယ်။ အဲဒီနံနက်ပိုင်းမှာ မြို့တော်ဝန်ရှဒီဂူလီယံနီ နဲ့ အဖွဲ့သားတို့ လှုပ်ရှားခဲ့ကြပါတယ်။ အင်အားကို ကိုယ်စားပြုတဲ့ မိုးမျှော်တိုက်တို့က သနားစရာလက္ခဏာ ဖြစ်နေပါတယ်။

ဟုတ်ပါတယ်။ သံမဏိစိတ်နဲ့လူလည်း ကင်ဆာကို မခံနိုင်ရှာပါဘူး။ လူမှန်တစ်ယောက်လည်း အကျင့်ပျက်လာတော့ ရူးသလိုဖြစ်သွားပါတယ်။ ဒါပေမဲ့ ကိုယ့်မြို့တော် ကိုယ့်လူထုကို သစ္စာရှိတဲ့လူ၊ ကိုယ့်ရဲ့သားတွေ ကိုယ့်လမ်းတွေနဲ့ ဘောလုံးကန်နေကြတဲ့ ကလေးတွေကိုပါ သံယောဇဉ်ကြီးခဲ့ပါတယ်။ အခုတော့ မြို့တော်ဝန်သက်တမ်းကုန်လို့ ဆက်ခံမည့်သူကို ရွေးရတော့မယ်။

အဲဒီလို ခရီးမဆုံးခင်မှာ ဇာတ်သိမ်းခန်းနဲ့ လက်တစ်ကမ်းအလို ရောက်ခဲ့ပါတယ်။ အကြမ်းဖက်သူတို့ အတိုက်ခံရပြီ

လို့ သတင်းရလျှင်ရချင်း အရောက်သွားခဲ့တယ်။ အရှင်လတ်လတ် မြေမြှုပ်ခံရမယ့်ဘဝနဲ့ နည်းနည်းလေးလွဲသွားပါတယ်။

လမ်းတွေပိတ်သင့်တာပိတ် ဖွင့်သင့်တာဖွင့် ချက်ချင်း ဂူလီယံနိဌာနချုပ်ဖွင့်၊ သေသူတို့အတွက် နေရာပေး။ ရှင်သူတွေကို ကုသထိန်းသိမ်းပေး၊ လက်အိတ်အရံတစ်သန်း၊ ဖုန်ကာအင်္ကျီကာနှာခေါင်း ပါးစပ်ပိတ်အကာတွေ အသက်ရှူပေးမယ့် စက်တွေရသမျှ စုရပါတယ်။ ရတဲ့နည်းနဲ့ လက်စားချေမယ်ဆိုတဲ့ လူအုပ်ကြီးကိုလည်း ထိန်းရချော့ရသေးတယ်။

မြို့တော်ကြီးရဲ့ သေလောက်တဲ့ ဒဏ်ရာမဟုတ်သေးပါဘူး။ တစ်မြို့လုံး ဝိုင်းဝန်းကြဖို့ ကယ်ဆယ်ကြဖို့ ကူကြဖို့ လှုံ့ဆော်ရတယ်။

မြို့တော်ဝန် သက်တမ်းစေ့ချိန်မှာ ကျင်းပတဲ့ မြို့တော်ဝန် အရည်အချင်းစစ်စာမေးပွဲကို ဂူလီယံနီ ပထမနေ့မှာပဲ ဂုဏ်ထူးနဲ့ အောင်သွားပါတယ်။

သမ္မတကိုတော့ လုံခြုံရေးအတွက် အဲဒီနေ့က ပွဲမထုတ်ကြသေးပါဘူး။

ကျန်လူတွေက ကိုယ့်အရေးကိုယ့်ကိစ္စမှန်သမျှကို စွန့်ထားလိုက်ကြတာကတော့ ညီပါတယ်။ တိုင်းပြည်အတွက် လုပ်ကြမယ်ဆိုတဲ့ စိတ်ကူးတော့ ရှိကြပါတယ်။ ဘာကစလုပ်ရမှန်းမသိတာ အခက်ဆုံး၊ ပြီးတော့ ဘယ်ကို ဦးတည်ရမယ်ဆိုတာကိုလည်း မသိကြ။

မဝေခွဲတတ်၊ တွေဝေသူတို့ကို ဂူလီယံနီက ထိန်းတယ်၊ လှုပ်ရှားရင် တည်ငြိမ်အောင် တာဝန်တွေပေးလိုက်တယ်။ သူနဲ့ယှဉ်ပြီးလုပ်ကြဖို့ပဲ။

အဲဒီနေ့ရော၊ နောက်နေ့တွေပါ ဂူလီယံနီက ဦးဆောင်

တယ်။ မှန်တယ်။ လူတွေ အကောင်းမြင်ပြီး စိတ်ဓာတ်တက်လာပါတယ်။ ဘေးရန်ကတော့ မကင်းသေးပါ။

လုပ်ကိုင်နေသူတို့ ခံစစ်နဲ့ လုံခြုံရေး အစီအစဉ်တွေက ဖြစ်သလိုသာ ရှိသေးတယ်။ ရန်သူက လာနေဆဲလို့ ခံယူထားရပါမယ်။ သတင်းနဲ့ စိတ်ဓာတ်တက်အောင် လှုံ့ဆော်မှုတွေကို ဂူလီယံနီက ခွဲခွဲခြားခြားသိတယ်။ သတင်းကို သတင်းလို ပြောပြီး စိတ်ဓာတ်တက်အောင် လှုံ့ဆော်ပုံကိုလည်း လှုံ့ဆော်မှု အဖြစ်နဲ့သာ သုံးတယ်။ တစ်ခုနေရာတစ်ခုသွားပြီး အစားထိုးခံတဲ့ ဂူလီယံနီ မဟုတ်ပါဘူး။

ဒီမြို့တော်ကြီးဟာ ခဏကလေးဆိုပြီး အလစ်ပေးလို့ မရတဲ့ မြို့တော်ကြီး။ ခုလိုအချိန်မျိုးမှာ ပေါ့လို့မရပါဘူး။ ခဏလေးနဲ့ အပြောင်းအလဲတွေ အများကြီးဖြစ်သွားနိုင်ပါတယ်။

ဂူလီယံနီမာတယ်ဆိုတာ လုပ်ဖော်ကိုင်ဖက်တွေက သိကြပေမဲ့ ဒီအချိန်မှာ သူ့ပျော့ပျောင်းတဲ့ဟန်၊ အကြင်နာစိတ်ဓာတ်တွေကို ပြနိုင်ဖို့ ကြိုးစားရပါတယ်။ ခဏလေး နောက်ကျသွားလို့ မဖြစ်တဲ့ကိစ္စဖြစ်ပါတယ်။ တခြားအရေးကြီးတဲ့ စီမံခန့်ခွဲရေးတွေ ခေတ္တခဏလွှဲထားပြီး မုဆိုးမတွေ၊ လူမမည်းကလေးတွေကို မြို့တော်ဝန်ကြီး ဂူလီယံနီတွေ့ရတယ်။ အားပေးရတယ်။ မကျန်စေရ။ ထောင့်စေ့အောင် ပြောဆိုနှုတ်ဆက်ပေးကမ်းပြုစုရတဲ့ ဂူလီယံနီ ဖြစ်သွားတယ်။

သူ့ရဲ့သားက လက်နက်မဲ့တစ်ယောက်လို (၄၁) ချက်ပစ်သတ်ခံခဲ့ရတဲ့ လူရဲ့အမေလို ဟိုတုန်းက ဘယ်လိုချော့ရမှန်းတောင်းပန်ရမှန်းမသိတဲ့ ဂူလီယံနီ ခုတော့ တတ်သွားပါပြီ။

ဘာပြောရမယ်၊ ဘာမပြောရဘူးဆိုတာ ဂူလီယံနီ သိသွားပါပြီ။

လူတိုင်းထွက်ပြေးချင်စိတ်ပေါက်နေတဲ့ အခြေအနေမှာ လုပ်ရင်း ကိုင်ရင်းနဲ့ အသုဘ ၂၀၀ ကျော် သူလိုက်ပို့လိုက် တယ်ဆိုပဲ။ ဒီလို သူများကို အားပေးစကားတွေပြောရင်း သူ ကိုယ်တိုင်လည်း အားရှိလာပါတယ်လို့ ဂူလီယံနိုက ပြောပါ တယ်။

လွမ်းဆွေးမနေကြနဲ့တော့၊ ရှေ့ဆက်ရမယ့် ခရီးတွေ မှာ ပိုပင်ပန်းမယ်၊ ပိုခံစားကြရမယ်။ ပြီးတော့ ပိုတန်ဖိုးရှိတဲ့ ကာလတွေ ကြုံကြရမှာပါ။ ဒီလိုတာဝန်တွေကို စိတ်ပါလို့ လုပ်နေကြတာပါ။ လုပ်ရမယ်ဆိုလို့ လုပ်ကြတာ မဟုတ်ပါဘူး။

ခရစ်စမတ်ပွဲကို ကျင်းပဖြစ်အောင်လည်း ကျင်းပပါ မယ်။ ကန်ဒါဟာမြို့သိမ်း တိုက်ပွဲများ၊ ဒီမိုးထိမ္မော်စင်တိုက် ကြီးညီနောင်မှာ သေခဲ့ရတဲ့ အမျိုးသား၊ အမျိုးသမီးတွေရဲ့ အမည် တွေ ရေးထိုးထားတဲ့ အလံတော်ကြီးများ လွှင့်ထူကြပါမယ်။

ပထမအဆင့်အောင်ပွဲရလို့ ဝိုင်းဝန်းကြသူတွေ တာဝန် ပြီးဆုံးပေမဲ့ မြို့တော်ဝန်သက်တမ်းကုန်တဲ့ ဂူလီယံနီကတော့ တာဝန်မပြီးသေးဘူး၊ ဆက်ရဦးမယ်။

ကမ္ဘာ့မြို့တော်ဝန်

မိုးထိတိုက်ညီနောင် ပြိုကျခဲ့တာ ၁၆ နာရီကြာခဲ့တဲ့အထိ မနားသေးတဲ့ ဂူလီယံနီကို နားပါတော့လို့ ဝိုင်းပြောနေကြရပါ တယ်။

အနိုင်မခံတဲ့ နယူးယောခ်မြို့တော်ဝန်ဟာ တစ်နေ့နဲ့ တစ်ည တစ်မြို့လုံးကို စုစည်းကွပ်ကဲနေတယ်။ ဒုတိယလေယာဉ် ဝင်တိုက်ပြီးခါစမှာ ရောက်လာတဲ့ ဂူလီယံနီက အပေါ်က အရှင် လတ်လတ်ကြီး ခုန်ခုန်ဆင်းလာနေတဲ့ လူတွေကို မော့ကြည့်နေ

တုန်း တောင်ဘက်က မိုးထိတိုက်ကြီး ပြိုကျလာလိုက်တဲ့အောက် ကံကောင်းလွန်းလို့ ရောက်မသွားတာပါ။

ဒီမှာလာတွေ့နေတဲ့ မြို့တော်က အရာရှိတွေ၊ သတင်းသမားတွေနဲ့ မြို့တော်သူမြို့တော်သားတွေကို ဖုန်တွေအမှုန်တွေကြားကနေ မြောက်ဘက်ဆီကို သူက ခေါ်သွားပါတယ်။

စုံထောက်တစ်ယောက် ရိုက်ဖွင့်ပေးတဲ့ မီးသတ်ရုံလေးမှာ မြို့တော်ဝန်ရဲ့ ကွပ်ကဲရေးရုံးဖွင့်လိုက်တယ်။ မြို့တော်သူမြို့တော်သားတွေ ပူပန်သောကမရောက်ကြဖို့ အဲဒီကနေ အသံလွှင့်ပြောကြားနေပါတယ်။ ပြီးတော့မှ လုံခြုံရေးနဲ့ ကယ်ဆယ်ရေးအဖိန့်တွေ တစ်ရာကျော်လောက်ထုတ်ပြီး ကွပ်ကဲနေတယ်။ ဆေးရုံတွေဆီကိုလည်း သွားပြီးတွေ့သမျှ မိသားစုတွေကို အားပေးလိုက်သေးတယ်။ ပျောက်နေသေးတဲ့ လူတွေအတွက်လည်း ကမ္ဘာပျက်နေတဲ့ တိုက်ပြိုကြီးဆီ လေးခေါက်လောက် ဝင်လိုက်ထွက်လိုက်နဲ့ အနီးကပ်ကွပ်ကဲမှာကြားပါတယ်။ အနီးအနားတွေ့ရတဲ့ မိဘဆွေမျိုးတွေကိုလည်း ချော့မော့နှစ်သိမ့်ရပါသေးတယ်။

သန်းခေါင်းကျော်နှစ်နာရီခွဲလောက်မှာ ဟိုဝဒ်ကိုပဲလ်ပေးထားတဲ့ နယူးယောခ် အရှေ့အပေါ်ပိုင်းက သူ့အိပ်ခန်းကြီးဆီကို သွားခဲ့ပါတယ်။ ဒုတိယဇနီးနဲ့ ကွဲပြီးဆင်းလာကတည်းက ပေးထားတဲ့နေရာပါ။

ပြာတွေအလူးလူးနဲ့ ဂူလီယံနီကို ကိုပဲလ်က ဆီးကြိုပွေ့ဖက်လိုက်ပါတယ်။ အဲဒီရောက်မှပဲ ရုပ်သံက ထုတ်လွှင့်နေတဲ့ တိုက်ကြီးညီနောင် ပြိုကျနေပုံကို ဂူလီယံနီ မြင်ဖူးပါတော့တယ်။

အိပ်ရာပေါ်တက်ပြီး ခွံ့တွေပေနေတဲ့ သူ့ဘွတ်ဖိနပ်ကို

ခုတင်ဘေးမှာပဲ အသင့်ထားတယ်။ အရေးကြုံရင် ချက်ချင်းပြန်စွပ်နိုင်အောင်လို့ပါ။ ပြီးတော့ တီဗွီကြီးကို မပိတ်တော့ဘူး၊ တိုက်ကြီး တဝုန်းဝုန်း တဒိုင်းဒိုင်း ပြိုကျပေါက်ကွဲနေတာတွေကို ပြနေတာကို ဖွင့်ထားလိုက်တယ်။ ကြည့်မနေပေမဲ့ အကြမ်းဖက်သမားတွေ နောက်ထပ်များ လာတိုက်ကြဦးမှာလား‌လို့ နားစွင့်နေလိုက်တယ်။

အိပ်ရာပေါ်သာရောက်တယ်။ မအိပ်တဲ့ ဂူလီယံနိကသူ့အိပ်ရာဘေး အသင့်ရှိနေတဲ့ ရွိုင်းဂျန်ကင်းရေးတဲ့ “ချာချီ” အကြောင်း သမိုင်းကို ယူပြီး ချာချီပြောတဲ့ ...

“ငါ့မှာ ပေးစရာဆိုလို့ ‘သွေး’ရယ်၊ ‘ချွေး’ရယ်၊ ‘မျက် ရည်’ရယ်ပဲ ရှိတယ်။ ပြီးတော့ ငါထပ်ပေးနိုင်တာက ငါ့ရဲ့ မဆုတ်မနစ် ကြိုးပမ်းအားထုတ်မှုပဲ”

ဒီစကားတွေထဲ ဂူလီယံနိ နစ်မျောသွားခဲ့ပါတယ်။

လူပ်ရှားနေတဲ့ မဟာခေါင်းဆောင်တစ်ယောက်ဟာသူ့ ကို ဆက်ဦးဆောင်ညွှန်ပြမယ့် ပုဂ္ဂိုလ်ကို အသင့်တွေ့လိုက်တဲ့ အခါမှာ လင်းလက်သွားပါတယ်။

စက်တင်ဘာ (၁၁) မနက်ပိုင်းကစပြီး ကိုယ့်အသက်ကိုယ် လုပြေးနေကြရတဲ့ မြို့တော်သားတွေကို ကြည့်ပြီး ချာချီကို သွားသတိရနေမိတယ်။

ကြောက်ရွံ့ပြီး စိတ်ရှုပ်ရှုပ်နဲ့ ပြေးလွှားနေတဲ့ မြို့တော်သူမြို့တော်သားတွေကို ကြည့်ပြီး ဂူလီယံနိ ဂုဏ်ယူနေပါတယ်။ သူတို့အခြေအနေ ရှုပ်ထွေးအောင်တော့ မလုပ်ကြလို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဘယ်လိုဦးတည်ပြီး ဘာလုပ်ကြရမယ် ဆိုတဲ့ ကျွန်တော့်အသည်းနှလုံးထဲက ဖွင့်ဟမယ့်အသံကို သူတို့ မျှော်နေကြပြီဆိုတာကိုလည်း ကျွန်တော် သိလိုက်ပါတယ်။

ကျွန်တော် ဘယ်က ဘာကို ရှာဖွေတင်ပြဦးဆောင်သွားရမယ် ဆိုတာကို တွေးလိုက်တယ်။ ချာချီကို သတိရလိုက်တယ်။ ၁၉၄၀ က ခေါင်းမထောင်နိုင်အောင် ဂျာမနီက ဗုံးတွေ ကြဲချနေတဲ့ အချိန်မှာ အနိုင်မခံတဲ့ ချာချီက အပြိုအပျက်တွေကြားသွားရင်းကနေ လန်ဒန်မြို့တော်သူမြို့တော်သားတွေကိုပါ ပြန်ထူထောင်နိုင်ကြဖို့ကို လှုံ့ဆော်စည်းရုံးသွားတာကို သွားသတိရလိုက်မိတယ်။

ဂူလီယံနီက ပြန်ထူထောင်ကြဖို့ နှိုးဆော်လိုက်ပါတယ်။

အဲဒီတစ်နေ့လုံးလောက် ဖျောက်ထားရတဲ့ သမ္မတအခြေအနေကြောင့် အဲဒီအချိန်က ဂူလီယံနီအသံဟာ အမေရိကန်အသံဖြစ်နေခဲ့ပါတယ်။

ဂူလီယံနီ ပြောလိုက်တိုင်းလူတွေ သန်းချီပြီး နေသာထိုင်သာ ရှိလာပါတယ်။

သူ့အသံတွေက ကြေကွဲသံပါသလို ခိုင်မာတင်းရင်းနေမှုကိုလည်း သိစေပါတယ်။ နယူးယောခ်ကို နှိုးဆော်ရင်းနဲ့ တစ်နိုင်ငံလုံးကိုလည်း တက်ကြွလာနေပါစေတယ်။

“မနက်ဖြန်ဆိုရင်
နယူးယောခ်ဟာ သူရှိမြဲအတိုင်း
ဒီမှာပဲ ရှင်သန်လှုပ်ရှားနေမယ်
ကျုပ်တို့ပြန်တည်ဆောက်ကြမယ်
အရင်ကထက် ကျုပ်တို့ ပိုအားကြီးလာမယ်
မြို့တော်သားတွေက စံပြအဖြစ်ရပ်တည်ပြလိုက်
ကြစေချင်ပါတယ်
တစ်ကမ္ဘာလုံးကိုလည်း
စံပြအဖြစ်ရပ်တည်ပြလိုက်ကြစမ်းပါ

အကြမ်းဖက်မှုက
နယူးယောခ်ကို ရပ်တန့်မသွားစေနိုင်
ပါဘူး ... လို့”

ဂူလီယံနီအသံက စိန်ခေါ်သံတွေပါလာတယ်။ သူ့အသံကြားတဲ့လူထုကလည်း အကြမ်းဖက်သမားတွေကို ပြန်စိန်ခေါ်လိုက်ကြပါတယ်။

အဲဒီမှာ အဆက်အစပ်မဲ့ သွားမြင်လိုက်တာက စက်တင်ဘာလ (၁၁) ဟာ ဂူလီယံနီ ကို ဆက်ခံမယ့် မြို့တော်ဝန်သစ်ကို မဲပေးရွေးရမယ့် အခြေခံရွေးကောက်ပွဲနေ့ ဖြစ်နေတာကိုပဲ ဖြစ်တယ်။

နယူးယောခ်မှာ ပထမဆုံး ရီပတ်ဘလီကန်မြို့တော်ဝန်အဖြစ် သက်တမ်း (၂) ကြိမ် ဆက်ခဲ့ပြီးတဲ့ ဂူလီယံနီဟာ မဟာမြို့တော်ဝန်အဖြစ် သမိုင်းမှာ နေရာရခဲ့ပြီးနေပါပြီ။

ရာဇဝတ်မှုထူပြောလှတဲ့ နယူးယောခ်မှာ သုံးပုံနှစ်ပုံလျော့ကျအောင် သူလုပ်နိုင်ခဲ့တယ်။ သက်သာထောက်ပံ့ကြေးနဲ့ အသက်ဆက်နေရတဲ့ လူ (၆၉၁၀၀၀) ကိုလည်း ကယ်ဆယ်ခံရတဲ့ဘဝက လွတ်မြောက်အောင် ဂူလီယံနီ ကြိုးပမ်းနိုင်ခဲ့တယ်၊ မြေစျေးတွေ ကောင်းလာအောင် လုပ်ပေးရင်းကနေ ဆင်းရဲသားရော လူချမ်းသာတွေပါ မြို့တော်ထဲက မြေကွက်တွေကို ပြန်သစ်လာအောင် ဖော်နိုင်လာကြစေပါတယ်။

ဒါပေမဲ့ မြို့က အပိုင်းတော်တော်များများကတော့ ဂူလီ ယံနီ ကို စိတ်ကုန်နေပါပြီ။

မပြတ်မလပ် လှုပ်ရှားတိုက်ပွဲဝင်ပြီး ပေါက်ကွဲလွယ်တဲ့ သူ့စိတ်ကို လူတွေက တော်လောက်ပြီလို့ ထင်ထားကြတယ်။

နိုင်ငံရေးရန်ဘက်တွေ၊ သူခန့်ထားပြီး အားမရတဲ့လူတွေ၊ မိဒီယာတွေ၊ မြို့တော်က ငွေကြေးထောက်ပံ့ထားတဲ့ ပြတိုက်ငွေ၊ လူမည်းခေါင်းဆောင်တွေ၊ ခေါင်းရွက်ဗျပ်ထိုးတွေ၊ လမ်းသလားနေကြတဲ့ မိန်းမလျာတွေ၊ နောက်ဆုံး သူ့ဇနီးကိုပါ မကျန် ဂူလီယံနီ တိုက်ထားကိုင်ထားခဲ့တာတွေက မကျန်တော့ဘူး။ ဂူလီယံနီ ဆိုရင် ရှောင်ကြရှားကြလို့တောင် ပြေးကြရတဲ့ ဘဝရောက်ကုန်ကြပါတယ်။

တီဗွီမှာ ကျော်ကြားတဲ့ ဒွန်နာဟာနိုဘာနဲ့ အိမ်ထောင်ရေးကလည်း ကျော်မကောင်းကြားမကောင်း သတင်းစာတွေမှာ စာလုံးမည်းကြီးတွေနဲ့ပါ။ သတင်းစာရှင်းလင်းပွဲတွေ အပြန်အလှန်ခေါ်ရှင်းတွယ်လိုက်ကြတာကလည်း ဝက်ဝက်ကွဲ။

ဒီလူမျိုးက မြို့တော်ဝန်ဖြစ်လာတော့ ခိုးဆိုးတွေလည်း လစ်ကြတော့ မူခင်းကလည်း ကျဆင်းတာပေါ့။

ဒီလိုဇာတ်ကြမ်းမှာ ဆေးအရောင်းမန်နေဂျာကလေး ‘ဂျူ ဒစ်နာသန်’က ဂူလီယံနီ “ပရောစတိတ်ကင်ဆာ”ဆီးကျိတ်ကင်ဆာကို ပျောက်ကင်းအောင် ကုပေးနိုင်တဲ့ဇာတ်လမ်းကပေါ်လာပြန်သေးတယ်။ မောင်မင်းကြီးသား ဂူလီယံနီနဲ့ ဂျူဒစ်တို့ မြို့တော်ဝန်သက်တမ်း မြန်မြန်ပြီးဆုံးပြီး ပျော်ရာမှာ မြန်မြန်တော်သလိုသာသွားနေကြပါလို့ ဆန္ဒပြုရတဲ့ နယူးယောခ်မြို့တော်သူမြို့တော်သားတွေလည်း အခုလို အရေးကြုံတော့ မဆုတ်မဆိုင်း အပြေးရင်ဆိုင်တတ်တဲ့ ဂူလီယံနီကို အားကိုးကြရပြန်ပါတယ်။

ဒါပေမဲ့ ကံကြမ္မာက ဒီလိုစိတ်ကူးပုံမရဘူး။

အကြမ်းဖက်သမားတွေက ကြွက်မနိုင် ကျီမီးရှို့တော့ ဂူလီယံနီ ကြွလာတယ်။ ပုံအမျိုးမျိုးနဲ့ ခေါင်းဆောင်တယ်။ ဒါ

မျိုးစောင့်နေတာကြာပြီဆိုတဲ့ ဂူလီယံနီပါ။

တစ်ခါတည်း အမေရိကန်ရဲ့ ပြည်တွင်းလုံခြုံရေးတာဝန်ခံကြီးဖြစ်သွားတယ်။ အောင်လည်းအောင်မြင်တယ်။

လူထုကို တည်ငြိမ်အောင် အသိပေးတယ်။ အကြမ်းဖက်ခံခဲ့ရပုံကို အသိပေးရုံမက ထူးထူးကဲကဲ တုံ့ပြန်ခဲ့တာတွေကိုလည်း အသိပေးတယ်။

မြင်သာထင်သာ ပကတိရှိနေစေမယ့် အနေအထားနဲ့ လုံခြုံရေးအစီအစဉ်တွေကို မတိမ်းမစောင်းအောင် ထိန်းပေးတဲ့ အဆုံးအဖြတ်တွေကို ဂူလီယံနီကပဲ ဆုံးဖြတ်တယ်။ နယူးယောခ် စတော့ စျေးနဲ့ မေဂျာလိဂ်ဘေ့စ်ဘောပွဲတွေကိုပါ ပိတ်ထားချင်သူတွေကို ခွင့်မပြုဘဲ အဲဒါတွေကို ပုံမှန်ရောင်းဝယ်နေစေ၊ ယှဉ်ပြိုင်ကစားနေကြစေလို့ အမိန့်ပေးတယ်။

နယူးယောခ်ဟာ မနားမနေ ရှင်သန်လှုပ်ရှားနေတယ်လို့ ဖြစ်နေစေရမယ်ဆိုတာ ဂူလီယံနီ ကွပ်ကပ်မှုရဲ့ အခြေခံဖြစ်ပါသတဲ့။

မြို့တော်ရဲ့ ကျွမ်းကျင်သူမျိုးစုံ၊ ပြည်နယ်ရဲ့ ပညာရှင်စုံနဲ့ ပြည်ထောင်စုရဲ့ အာဏာပိုင်တွေကို စုစည်းခန့်ခွဲတဲ့ အကျပ်အတည်း၊ မန်နေဂျာ ဘေးကျပ်နံကျပ်အခြေအနေတွေကို ကျော်လွှားနိုင်အောင် ကွပ်ကဲသူ ဂူလီယံနီပါတဲ့။

“အထိအခိုက် အသေအပျောက်တွေက ကျွန်တော်တို့ ခံစားနိုင်ကြမှာထက်တောင် ပိုလိမ့်မယ်ထင်ပါတယ်”

ဒီလိုပြောတဲ့ ကွပ်ကဲရေးမှူးချုပ် ဂူလီယံနီအသံက ကရဏာ၊ အကြင်နာတွေတင်မကဘူး၊ ချစ်ခြင်းမေတ္တာတွေပါ လွှမ်းကျနေတဲ့ အသံမျိုးပါ။

ပြီးတော့ လူတွေ ဘယ်လိုမှ သိကြရမှာ မဟုတ်တဲ့ အပိုင်းကိုလည်း အသိပေးခဲ့ပါမယ်။

ဂူလီယံနီ ရဲ့ စွမ်းဆောင်ချက်တွေက မြို့တော်ရဲ့သမိုင်းမှာ အကြီးမားဆုံးမြို့တော်ဝန်အဖြစ် သတိရနေကြစေမှာပါ။ "ဂိုသမ်ဦးဆောင်ခဲ့တဲ့ သူ့ သူရဲကောင်း ဖီယိုရဲလိုလာဂါဒီယာ ထက်ကို ဂူလီယံနီကတောင် ပြောင်နေပါတယ်။

ဗလာဒီမာပူတင်ကနေ နဲလ်ဆင်မင်ဒဲလာနဲ့ တိုနီဘလဲတို့အထိ ကမ္ဘာ့ခေါင်းဆောင်တွေက ဂူလီယံနီနဲ့အတူ နယူးယောခ်'ပစ်မှတ်အခြေ Ground Zero'ကို လာကြည့်အားပေးပြီး မျှဝေခံစားခဲ့ကြပါတယ်။

ပြင်သစ်သမ္မတကြီး 'ဂျက်ရှီရက်'ကတော့ ရူဒီဂူလီယံနီကို 'ရူဒီသရော့ခ်' "Rudy the Rock" မာလည်းမာတဲ့ ကျောက်တောင်ကြီးလို့ တင်စားခေါ်ဝေါ်ခဲ့ပါတယ်။

စက်တင်ဘာ (၁၁) ရက်က ဂူလီယံနီကိုင်စွဲခဲ့တဲ့ ချာချီအတ္ထုပ္ပတ္တိကိုရေးတဲ့ ကလောင်ရှင် 'ဂျန်ကင်း'ကတော့ "၁၉၄၀ နွေက အပြင်းထန်ဆုံးခံခဲ့ရတဲ့ ချာချီ အောင်ပွဲရအောင် ယူပြနိုင်ခဲ့သလို ဂူလီယံနီကလည်း အောင်ပွဲရအောင် ယူနိုင်နေပါတယ်" လို့ တိုင်းမဂ္ဂဇင်းကို ပြောခဲ့ပါတယ်။

"ပြီးတော့ ကျွန်တော်တို့တစ်တွေအတွက် တွေဝေမှုတစ်ခုကို ဖန်တီးခဲ့ပါတယ်။ တို့အောင်မြင်အောင် ကြိုးစားနိုင်ကြမှ ဒီတွေဝေမှုက လွတ်မြောက်နိုင်လိမ့်မယ်လို့ မြင်အောင် ဂူလီယံနီက ဖန်တီးနိုင်ခဲ့ပါတယ်"

ရွိုင်းဂျန်ကင်းက ထပ်ပြောပါသေးတယ်။

ကြိုးမြတ်တဲ့လှည့်ဖြားမှု

"ဘယ်လောက်များ လှည့်ဖြားခဲ့တယ်ဆိုတာ ကျုပ်တော့ ခုမှပဲ အံ့သြနေမိတယ်"

ဒုတိယကမ္ဘာစစ်အတွင်းက ချာချီပြောခဲ့တာတွေကို စဉ်းစားမိပြီး ဂူလီယံနီက ပြောလိုက်ပါတယ်။

မိုးထိတိုက်ညီနောင်ဖြို့ချခံရပြီး(၃)လမှာ တိုင်းက သတင်း သမားနဲ့အတူ သူ့ကြက်သွေးရောင် SUV ကားကြီးနဲ့ ၉/၁၁ ပစ်မှတ်အခြေ အလယ်ဗဟိုကို အတားအဆီးတွေ စစ်ဆေး ရေးဂိတ်တွေကို ကွေ့ကောက်သွားပြီး ရောက်ခဲ့ပါတယ်။

"တော်တော်ပြန်ဆောက်ယူရမှာပဲ၊ အင်္ဂလန်ပြန်နိုင်လိမ့် မယ်လို့ သိနိုင်ခဲ့မှာ မဟုတ်ပါဘူး၊ သိနိုင်ဖို့ကလည်း မဖြစ်နိုင် ပါဘူး"

ဒီလိုချာချီအပေါ် ဂူလီယံနီပြောတာကို တိုင်းသတင်း သမားက ...

"စက်တင်ဘာ(၁၁)ရက်က ခင်ဗျားပြောခဲ့တာတွေထဲ မှာရော ခင်ဗျား တကယ်ယုံတာတွေ ဘယ်လောက်ပါပါသလဲ"

"တချို့တော့ပါတာပေါ့၊ တကယ့်အကျပ်အတည်းမှာ ခင်ဗျားအကောင်းမြင်တတ်ဖို့တော့ လိုတယ်။ မြို့တော်ရဲ့ စိတ် ဓာတ် ပိုမြင့်တက်လာလိမ့်မယ်လို့ ကျုပ်ပြောခဲ့တာမျိုးကျတော့ ကျုပ် တကယ်သိလို့ ပြောတာ ဘယ်ဖြစ်နိုင်မလဲ၊ ကျုပ်ကိုယ် တိုင်က ယုံလို့ပြောတာပဲ။ တချို့စကားမှာ 'လိမ့်မယ်'ဆိုတာတွေ ပါတတ်ပါတယ်။ အဲဒီ 'လိမ့်မယ်' 'May be' ဆိုတဲ့ အသုံး အနှုန်းမျိုးတွေနဲ့တော့ ဒီလိုပွဲမျိုးမှာ ဘယ်ဦးဆောင်ကျော်လွှား လို့ရပါ့မလဲ။ ခင်ဗျားကလည်း အဲဒါမျိုးတွေ နားထောင်နေမှာ မဟုတ်ပါဘူး"

ဂူလီယံနီက ပြောလည်းပြောတယ်၊ SUV ကားထဲက ထွက် အပျက်အစီးတွေ ကြည့်ပြီးလည်း ပြောလိုက်ပါသေးတယ်။

“တကယ်အံ့သြဖို့ ကောင်းပါတယ်နော်”

ဝန်ချီစက်တွေ တဲတွေမှာ အမေရိကန်ပြည်ထောင်စုအလံတွေက တလူလူ။ လုပ်ကိုင်ဆောင်ရွက်သူတို့ ဦးထုပ်မာမာတွေမှာလည်း အလံတွေ ရေးခြယ်ထားလို့ တွေ့နေရတယ်။ ကမ္ဘာလှည့်ခရီးသည်တို့လည်း အုပ်လိုက်ချီပြီး လာကြည့်နေကြပါတယ်။ ကွေးကောက်နေတဲ့ သံပေါင်ကြီးတွေ၊ တိုင်ငုတ်တိုကြီးတွေ၊ မြောက်ဘက်က မိုးထိတိုက်ကြီးရဲ့ နဖူးစည်းကိုလည်း နောက်ဆုံးအနေနဲ့ ကြည့်ချင်ရင် ကြည့်လို့ရပါသေးတယ်။ မကြာခင်ရက်ပိုင်းအတွင်းတော့ သယ်ထုတ်သွားတော့မယ်။

ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုဌာန (၆) လို့ ဆိုပြီး သုံးခဲ့တဲ့ နေရာက ကျင်းကြီးထဲက အလောင်းတွေကို ဖော်ထုတ်လို့ ရနေဆဲပါ။ အစုလိုက် အပြုံလိုက် မြှုပ်နှံထားတဲ့ သချိုင်းကြီးလိုလည်း ဖြစ်နေပါတယ်။

“ဒီနေရာက တကယ်စိတ်ထိခိုက်စရာကောင်းတဲ့နေရာပါ။ အဲဒီမနက်က အဲဒီနေရာကို ကျွန်တော် ရောက်ခဲ့ပါတယ်”

မြောက်ဘက်က တိုက်ကြီးရှိခဲ့တဲ့နေရာကို လက်ညှိုးထိုးပြပြီး “အဲဒီက လူတစ်ယောက် ခုန်ချလာတယ်။ မော့ကြည့်လိုက်တော့ လူတစ်ယောက်ခုန်ချလာတာကို တွေ့လိုက်ရတယ်။ သူကျဆင်းလာတာက မီးတွေအပေါ်ကို ဖြစ်နေတယ်။ အထပ် (၁၀၀) ကျော်က ကျလာတာနဲ့ တူပါတယ်။ ကျွန်တော့်မျက်လုံးက သူ့ဆီက ခွာလို့မရဘူး။ တစ်လျှောက်လုံး လိုက်ကြည့်နေလိုက်မိပါတယ်။ အဲဒီတိုက်ကြီးထိပ်ပေါ်တည့်တည့် သူကျသွားတယ်”

6°°WTC°ဆိုတဲ့ အဆောက်အအုံရဲ့ ကျန်ခဲ့တဲ့အပိုင်းတွေဆီ ထိုးပြတယ်။

“မိုးသတ်က လူတွေ ကွပ်ကဲရုံးဖွင့်ထားတဲ့အပေါ်ကိုပေါ့”

မိုးသတ်ရဲ့ ထိပ်တန်းပုဂ္ဂိုလ်တွေ ဖြစ်ကြတဲ့ဌာန အကြီးအကဲ ‘ပီတီဂန်စီ’၊ ကော်မရှင်နာ‘တော်မီဗွန်အယ်ဆန်’၊ ပထမဒုတိယကော်မရှင်နာ ‘ဆီးလ်မီးဟန်’နဲ့ အထူးလူပ်ရှားမှု အကြီးအကဲ ‘ရေးဒေါင်နီ’တို့ ကွပ်ကဲနေတဲ့နေရာပေါ့။ ဗွန်အယ်ဆန်က လွဲပြီး အားလုံးသေကုန်ကြပါပြီ။

လမ်းအတိုင်း မြန်မြန်လေး သုံးလှမ်းလောက် ဂူလီယံနီက သွားလိုက်ပြီး ...

“ဘုန်းတော်ကြီးဖားသားဂျဒ်ကို ဒီမှာတွေ့တာပါ”

မိုးသတ်ဌာနရဲ့ ဘုန်းတော်ကြီးကို ဂူလီယံနီက တွေ့တဲ့နေရာကို ပြပါတယ်။

“ကျွန်တော်တို့အတွက် ဆုတောင်းပေးပါဘုရား”

လို့ ဘုန်းတော်ကြီးလက်ကို ကိုင်ပြီး ဂူလီယံနီက ဘုန်း တော်ကြီးကို လျှောက်ထားပုံကိုလည်း ပြောပြပါတယ်။

“အေး ... ငါအမြဲဆုတောင်းပါတယ်”

ဘုန်းတော်ကြီးက ပြန်အမိန့်ရှိပြီး၊ မြောက်ဘက်မိုးထိတိုက်ကြီးထိုးပြပြီး မကြာဘူး။ အဲဒီက ကျလာတဲ့ အကျိုးအပဲ့တွေ ထိမှန်ပြီး ဘုန်းတော်ကြီးလည်း ပုံလွန်တော်မူသွားခဲ့ပါတယ်။ ကွယ်လွန်သူတွေအတွက် ဆုတောင်းပေးရင်းနဲ့ ဖြစ်ပါတယ်။

“ခင်ဗျားလည်း ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး၊ ဒီတော့သူတို့ ပြန်လည်ရှင်သန်လာနေတယ်လို့သာ ခင်ဗျားမှတ်ယူ

ထားလိုက်ပါတော့”

ဂူလီယံနိက ခုတော့ သူ့ဘေးမှာရှိတဲ့ တိုင်းက သတင်းသမားကို ဒီလောက်ပဲ ပြောပါတော့တယ်။

“မြို့တော်ဝန်ကြီး ကျွန်တော့်ကို ခွင့်ပြုပါခင်ဗျာ၊ ကျွန်တော့်ဦးထုပ်ပေါ်မှာ အမှတ်တရ လက်မှတ်ရေးထိုးပေးပါခင်ဗျာ”

အလွန်ထွားကျိုင်းတုတ်ခိုင်ပြီး အလွန်ညစ်ပတ်ပေတေနေတဲ့ အလုပ်သမားကြီးက တအံ့တသြ တုန်တုန်လှုပ်လှုပ်နဲ့ သူ့ဦးထုပ်မာမာဖြူဖြူကို ထိုးပေးရှာပါတယ်။

“ဝမ်းသာလိုက်တာဗျာ၊ ခင်ဗျားဆန္ဒရှိတာ ရစေရမှာပေါ့”

ဂူလီနီယံက ပြောပြောဆိုဆို လက်မှတ်ရေးထိုးပေးလိုက်ရော။ နောက်ထပ် (၁၀) ယောက်က ဦးထုပ်ဖြူ (၁၀) လုံးနဲ့ အသင့်တန်းစီနေရာယူပြီး နေကြပါပြီ။

ဆန်းတော့မဆန်းဘူး။ ဂူလီယံနိ သွားလေရာ ဒါမျိုးကကြုံနေကျ။

ဧန်နဝါရီလ (၁) ရက်မှာ မြို့တော်ဝန်ဘဝက ခွာရတော့မယ်။ ဂူလီယံနိ ကို ...

“ကျေးဇူးပဲ ရှုဒီ”

လို့ အသံကျယ်ကျယ်ဝိုင်းအော်သံက ဟိန်းထွက်သွားပြီး ...

“ခင်ဗျားကတော့ တကယ်ကို မဟာ့မဟာမြို့တော်ဝန်ကြီးပါ။ မဟုတ်ဘူးလား ခင်ဗျာ”

လို့လည်း ဆက်အော်လိုက်ကြပါသေးတယ်။

ဆွေးရောင်သန်းနေတဲ့အပြုံးနဲ့ ဂူလီယံနိကလည်း သူ

တို့ကို ပြန်နှုတ်ဆက်လိုက်တယ်။

အကြမ်းဖက်သမားတို့ရဲ့ ပစ်မှတ်အခြေနဲ့ ဗဟိုမှာရပ် တည်ရင်းနဲ့ နယူးယောခ်မြို့တော်သူမြို့တော်သား‌တို့ မေတ္တာခံယူရတာ ကောင်းလှပေမဲ့ ဒီနေရာမှာ ပေးဆပ်ခဲ့ရတဲ့ အသက်တွေ ဆုံးရှုံးရတာကိုတော့ သူ့ခံနိုင်ရည်ထက် ပိုလွန်သွားလို့ ရင်ဆိုးပြီး ခံနေရရှာပါတယ်ဆိုတဲ့ ဂူလီယံနီရဲ့ ခံစားချက်တွေက သူ့မျက်နှာပေါ်နေပါတယ်။

အဘိုးကြီးရူဒီ

“ဒီမေးခွန်းက တော်တော်ကလေးဆန်တဲ့ မေးခွန်းပဲဗျာ။ မိုက်မဲရာလည်းကျတဲ့ မေးခွန်းပဲ”

ဂျေရှဆလင်အနောက်ပိုင်းက ဖုန်ထူတဲ့ဂီလို တောင်စောင်းကို ဂူလီယံနီ ရောက်နေပါတယ်။ ဒီနေရာဘက်မှာ လွန်ခဲ့တဲ့ (၁၅)လက ပါလက်စတိုင်းတွေက မော်တာနဲ့ပစ်၊ လက်ဖြောင့်သမားနဲ့ ပစ်ခဲ့လို့ အစ္စရေး (၂၁)ယောက် သေခဲ့ရတာကို အားပေးတဲ့အနေနဲ့ လာခဲ့တာဖြစ်ပါတယ်။ အသေခံဗုံးခွဲနေတဲ့ လူတွေရဲ့ ရန်ကိုပါ မမှုတဲ့ ဂူလီယံနီပါ။

ဒီကိုလာရတာ မကြောက်ဘူးလားလို့မေးတဲ့ သတင်းထောက်ကို တော်တော်မိုက်မဲကလေးဆန်တဲ့လူလို့ ဂူလီယံနီက ပြောလိုက်ပြန်လို့ သတင်းထောက်က ကျုပ်မှာ မေးပိုင်ခွင့်ရှိတယ်လို့ ထပ်ကဲလိုက်ပြန်ပါတယ်။

“အေး ဟုတ်တယ်၊ မင်းမှာလည်း မေးခွင့်ရှိတယ်။ ငါ့မှာလည်း ပြောပြခွင့်ရှိတယ်။ တော်တော်ကို မိုက်မဲကလေးဆန်တဲ့ မေးခွန်းပဲ၊ ငါကြောက်တတ်ရင် ဒီနေရာမျိုးရောက်နေပါ့လား”

မြေကိုခြေနဲ့ ဆောင့်ပြပြီး ထွက်သွားတဲ့ ဂူလီယံနီကို

တွေ့လိုက်ကြုံလိုက်ကြရတယ်။

နယူးယောခ်မှာ သူ့ကို ဝိုင်းဝန်းပူဆွေးနေတဲ့ကြားကနေ ကျေးဇူးတင်ကြသူတွေ နှုတ်ခွန်းဆက်ကြတဲ့လူက ဝိုင်းနေပေမဲ့ သူ့မှာ သိဝှက်ထားတဲ့ မခံမရပ်အောင် ဖြစ်နေတဲ့ စိတ်တွေကို ဖုံးကွယ်ထားလို့ မရနိုင်အောင် ရှိလာနေတယ်။

'ဂျယ်ရီဟော့တာ'ဆိုတဲ့ အကြမ်းဖက်ဝါဒ တန်ပြန်တိုက်ဖျက်ရေး ကျွမ်းကျင်သူကို ထုတ်ပယ်ပစ်ရင်း စက်တင်ဘာ (၂၂) က ဂူလီယံနီ ပြန်ပေါ်လာပါတယ်။ ဟော့တာကို သူခန့်ခဲ့တာ (၈) ရက်ပဲ ရှိသေးတယ်။ ဟော့တာက ပြိုင်ဘက်ဒီမိုကရက်နဲ့ အတူ သတင်းစာရှင်းပွဲမှာ ရပ်တည်ပြခဲ့လို့တဲ့။

အောက်တိုဘာ (၁၁) ရက်မှာ အဘိုးကြီး ရှုဒီ တစ်ခါထပ်လာပြန်သေးတယ်။ ဆော်ဒီမင်းသား အဲလ်ဝါလစ်ဘင်တာလ်လား‌ရဲ့ ဒေါ်လာ(၁၀)သန်းတန် ချက်ကို ပြန်ပေးလိုက်ပြန်တယ်။ အစ္စရေးကို ထောက်ခံနေတာကို အမေရိကန်ပြန် စဉ်းစားသင့်တယ်လို့ 'ဝါလစ်'က ပြောလို့တဲ့။

သူမြို့တော်ဝန်အဖြစ် သက်တမ်းတိုးနိုင်အောင် ကြိုးစားတုန်းက ရိုးမှရိုးရဲ့လားဆိုတဲ့ လူတွေကို အဘိုးကြီး ရှုဒီတွယ်ခဲ့ပြီးပါပြီ။

ခုလိုအချိန်မှာ တကယ်သာ အရွေးခံခွင့်ရှိရင် ရှုဒီမဲတွေ ရလိုက်မှာကတော့ မပြောနဲ့တော့။

၁၉၉၀ နှစ်တွေ အလယ်လောက်က တစ်ကြိမ် ပထမဆုံး နယူးယောခ်ကို သူကယ်ခဲ့ပြီးပါပြီ။

ရာဇဝတ်မှုတွေ ထူပြောလှတဲ့ နယူးယောခ်ကို ရှင်းပေးခဲ့တာက ပထမအကြိမ် ဖြစ်ပါတယ်။

ခု စက်တင်ဘာ (၁၁) မှာက ဒုတိယအကြိမ်ပါ။

(၂) ကြိမ်စလုံးမှာ သူ့ကိုယ်ခန္ဓာကိုယ်ပါ ပေးအပ်စွန့်လွှတ်ပြီး နယူးယောခ်ကို ကယ်ခဲ့တာ ဖြစ်ပါတယ်။

သူ့ကိုယ်သူ မတန်တဆကြီးကျယ်လှပါတယ်လို့ ထင်ခဲ့တဲ့ ဂူလီယံနိ က မဖြစ်နိုင်ဘူးဆိုတာကိုမှ ရင်ဆိုင်အောင်နိုင်ဖို့ ရှာနေခဲ့တဲ့လူပါ။

ဘရုတ်ကလင်က မီးသတ်သမားတွေ၊ ရဲတွေ၊ ရာဇဝတ်သားတွေပါဝင်တဲ့ မိသားစုမှာ ဂူလီယံနိကို မွေးခဲ့ပါတယ်။ ဦးလေး (၅) ယောက်က ယူနိဖောင်းဝတ်ဝန်ထမ်းတွေ၊ ရာဇဝတ်သင့်ခဲ့ဖူးတဲ့ ဖခင်နဲ့ မာဖီယားတွေနဲ့ အဆက်အသွယ်ရှိတဲ့ ဦးလေးတို့က ငွေစုငွေချေးလုပ်ငန်းတွေမှာ အလုပ်လုပ်ကြပါတယ်။ သူကတော့ အမှန်တရားကိုသာ ရွေးပြီး အဆိုးအမိုက်တွေနဲ့ ရင်ဆိုင်လိုက်တယ်လို့ ဂူလီယံနိက ဆိုပါတယ်။

၁၉၈၀ နှစ်တွေက အမေရိကန်ရှေ့နေချုပ်အနေနဲ့ နယူးယောခ်မှာ တကယ်လက်စွမ်းပြပြီး အောင်မြင်ခဲ့တဲ့ ဂူလီယံနိ ဖြစ်ပါတယ်။ မာဖီယားခေါင်းဆောင်တွေ၊ လိမ်တဲ့ညာတဲ့ နိုင်ငံရေးသမားတွေ၊ ဝေါလမ်းမကြီးမှာ အတွင်းဝင်ရှုပ်နေတဲ့ ငွေကြေးသမားတွေကို ထိထိရောက်ရောက် ရုံးတင်အပြစ်ပေးပြီး အကျဉ်းချထားခဲ့ပါတယ်။

ကိုယ့်ကိုယ်ကို ယုံလွန်းတာရယ်၊ ကျော်ကြားလိုစိတ်ပြင်းလို့ ထင်ပေါ်ချင်တာရယ်တို့ကြောင့် အလွန်အကျွံတွေ ဖြစ်ပြီး မှားခဲ့တာတွေလည်း ရှိလာခဲ့ပါတယ်။

၁၉၈၇ က စတော့ပွဲစားနှစ်ယောက်ကို သူ့လူတွေက ဖမ်းပြီး လက်ထိတ်ခတ်တယ်။ တီဗွီကင်မရာရှေ့ ဖြတ်လျှောက်ခိုင်းခဲ့တယ်။ နောက်ကျတော့ ဂူလီယံနိက တိတ်တိတ်လွှတ်ပစ်ခဲ့တယ်။

၁၉၉၃ မှာ ဂူလီယံနီက မြို့တော်ဝန်အဖြစ် ဒုတိယအကြိမ် အရွေးခံပါတယ်။ အဲဒီအရင် (၄) နှစ်က ဒီမိုကရက်ဒေးဗစ်ဒင်ကင်းစ်ကို သူရှုံးခဲ့ပါတယ်။ နယူးယောခ်မြို့တော်ဝန်ဖြစ်တော့ အာဖရိကန္တယ် အမေရိကန်ထဲက ပထမဆုံးဖြစ်ပါတယ်။ ရုံးတော်မှာ ရာဇဝတ်သားတွေကို ဆွဲချ၊ အကျဉ်းချနိုင်ခဲ့တဲ့ ရှေ့နေချုပ်တစ်ယောက်အနေနဲ့ နယူးယောခ်လို ရာဇဝတ်မှုတွေ ထူတဲ့မြို့နဲ့ သင့်တော်တဲ့တင်းမာလှတဲ့ ဂူလီယံနီ ဖြစ်ပါတယ်။

သက်သာချောင်ချိရေး အထောက်အပံ့တွေ၊ အကြမ်းဖက်တဲ့ရာဇဝတ်မှုတွေ၊ ကိုကင်းနဲ့ မူးယစ်ဆေးဂိုဏ်းတွေ ကြမ်းနေတဲ့ နယူးယောခ် ဖြစ်ပါတယ်။ အခွန်အတုတ်တွေကလည်းကြီး၊ အလုပ်လက်မဲ့တွေကလည်း များလှတယ်။

အလစ်သုတ်တဲ့အလုပ်ကလည်း နယူးယောခ်မှာ လူကြီးရော ကလေးပါ ကျွမ်းတဲ့အလုပ်ဖြစ်နေတယ်။ ကားတွေရပ်ထားခဲ့ ရင်လည်း အထဲမှာ ရေဒီယိုတောင်မထားခဲ့ဘူးလို့ သိသာစေမယ့် လက္ခဏာအမှတ်အသားလေးတွေ ကားမှာ ကပ်ထားခဲ့ရတယ်၊ ဒါမှ သက်သာတယ်။

ဒီမြို့ဟာ အုပ်ချုပ်လို့မရတဲ့မြို့လို့ ပြောကြတာကတော့ လွယ်ပါတယ်။ ဂူလီယံနီကတော့ သူအရွေးခံရတဲ့အချိန်ကတည်းက ချာချီရဲ့စိတ်ဓာတ်နဲ့ ရင်ဆိုင်ဖို့ ပိုင်းဖြတ်ထားခဲ့ပါတယ်။

တကယ်လို့ လန်ဒန်စစ်ပွဲကြီးမှာ ဗုံးမိုးရွာချနေတဲ့အချိန်ကသာ ချာချီက ဒီလိုဗုံးရန်က ကင်းဝေးအောင်တော့ သူမကယ်နိုင်ပါဘူးလို့ ပြောခဲ့ရင် ဘာတွေဖြစ်ကုန်ကြမလဲ စဉ်းစားသာကြည့်ကြပါ။ အခုလည်း နယူးယောခ်က ခေါင်းဆောင်တွေခြောက်လိုက်တာနဲ့ ရာထူးကဆင်းပေးနေကြတဲ့ ဘဝရောက်ကုန်ကြပါပြီ။

ဒါပေမဲ့ ဒီအမြင်တွေကို ဂူလီယံနီမဲဆွယ်ပွဲတွေမှာ ပွင့် ပွင့်လင်းလင်း တင်ပြလို့ မဖြစ်တော့ပါဘူး။ လျှို့ထားခဲ့ရပေမဲ့ ဒင်ကင်းစ်ကို အနိုင်ယူပြီးလိုက်တဲ့ နောက်မှာတော့ သူကို မြို့တော်ဝန်တင်ခဲ့ရာမှာ ဒါတွေပါတယ်ဆိုပြီး ဂူလီယံနီက တာဝန်ကျေစေခဲ့ပါတယ်။

နယူးယောခ်မှာ အစဉ်အလာလုပ်ခဲ့ကြတဲ့ နိုင်ငံရေးက မထိရောက်ဘဲ အဆောင်အယောင်တွေနဲ့ ရှိလာခဲ့တာကို ဂူလီယံနီက ဖျက်တယ်၊ လက်တွေ့လုပ်တယ်၊ ဖြေရှင်းပေးတယ်။

နယူးယောခ်ရဲ့ မင်းကြီးကိုယ်တိုင်က လမ်းတိုင်းဝင်တိုက်မယ်၊ ရပ်ကွက်တိုင်းကို ဝင်ကိုင်မယ်လို့ဆိုပြီး ချာချီလိုပဲ စတယ်၊ ကွန်ပျူတာရဲ့ အထောက်အကူနဲ့ ရာဇဝတ်သားတွေကိုလိုက်၊ အချက်အချာတွေကို ဖမ်းခဲ့တယ်။

(၂) နှစ်အတွင်း ရဲက ရာဇဝတ်မှုကြီးတွေကို သုံးပုံနှစ်ပုံနဲ့ လူသတ်မှုတွေက ထက်ဝက်လျော့ကျသွားအောင် လုပ်နိုင်ခဲ့တယ်။

ဒါပေမဲ့ နယူးယောခ်မှာ ချာချီတစ်ယောက်ပဲ ရှိလို့ရတယ်။ ဂူလီယံနီက ရဲမင်းကြီးဘရပ်တန်ကို ရာထူးက ထွက်အောင် ဖိအားပေးထွက်စေခဲ့တယ်။ ရဲမင်းကြီး ဘရပ်တန်ကလည်း စားလုံးမည်းကြီးတွေနဲ့ သတင်းစာမှာပါတာက နည်းနည်းများသွားခဲ့တယ်။ ဘရပ်တန်မရှိတော့လည်း ရာဇဝတ်မှုက ဆက်ကျဆင်းနေလို့ ဂူလီယံနီ ဝမ်းသာသွားတယ်။ မြို့တော်လူထုကလည်း လမ်းတွေထဲ ရာဇဝတ်သားတွေ ကင်းသွားလို့ ပျော်ကြပါတယ်။

ဒီလိုကျတော့လည်း မြို့တော်လူထုက ဂူလီယံနီ ဘာလုပ်လုပ်လက်ခံတယ်။ သိပ်သစ္စာမရှိလှဘူးထင်တဲ့ အရာရှိကို

ဂူလီယံနီဖြုတ်လည်း ကြိုက်နေကြတာပဲ။ ကျုပ်ကို ရွေးကောက်တင်မြှောက်ကြတာကိုက ကျေအေးဖို့ စေ့စပ်ပေးဖို့ မဟုတ်ဘူးလေ။ အဲဒီလို လူလိုချင်ရင် ဒင်ကင်းစ်ကို သူတို့တင်ကြမှာပေါ့ ပြောင်းလဲပစ်စေချင်လို့သာ ကျုပ်ကို တင်တာပေါ့။ ဒီတော့ ကျုပ်က တစ်ယောက်ကို တိုက်မှ ပြောင်းရမှာပေါ့။ လူတွေမှာစွဲနေတဲ့ အစွဲလျှတ်ဖို့က ထိပ်တိုက်ဆော်သင့်ဆော်၊ မွှေသင့်မွှေ၊ စိတ်ဆိုးသင့်လည်း ဆိုးရမှာပဲ။

မြို့တော်ဝန်ဖြစ်လာတဲ့ ဂူလီယံနီလေက တော်တော်တင်းတယ်။

လူစေ့အောင်တွယ်ပြီး မလှန်နိုင်အောင်ထားပြီးမှ သူကအုပ်ချုပ်တယ်။ ဒါပေမဲ့ ကျောင်းတွေ ပြုပြင်ရေးကျတော့ သူ့နည်းတွေနဲ့မရတော့ မအောင်မြင်ပါဘူး။ ဒီတော့ ကျောင်းတွေလည်း တိုးတက်မလာဘူး။ ဘော့စ် Boss လို့ ခေါ်ကြတဲ့ သူ့လူတွေကို ထူးထူးကဲကဲ သစ္စာစောင့်စေပါတယ်။ ပြီးတော့လည်း ထိထိရောက်ရောက်သူက ပြန်စောင့်ရှောက်ပါတယ်။

လမ်းတစ်လမ်းလောက်ကိုသာကိုင်ရတဲ့ စုံထောက် ဘားနဒ်ကီရစ်ကို မြို့တော်အုပ်ချုပ်ရေးအဆင့်ရောက်အောင် တင်ပေးတယ်။ နောက်ကျတော့ ဘားနဒ်ရဲမင်းကြီး ဖြစ်သွားပါတယ်။

ဂူလီယံနီအတွင်းပိုင်းရောက်အောင် ဝင်ခွင့်ရသွားဖို့က မာဖီးယားမိသားစုထဲက မွေးထုတ်လိုက်တဲ့ လူလိုဖြစ်သွားမှရမယ်လို့ ဘားနဒ်က နှိုင်းယှဉ်ပြောပြပါတယ်။

အမေရိကန်တစ်ပြည်လုံးမှာ ရာဇဝတ်မှုတွေ တက်နေပေမဲ့ နယူးယောခ်မြို့တော်မှာတော့ ရာဇဝတ်မှုတွေ ကျဆင်းသွားလိုက်တာ မပြောပါနဲ့တော့လို့ ဘားနဒ်ကီရစ်က ပြောတယ်။

“ဂူလီယံနီမှာ အသည်းနှလုံးရှိတယ်လို့ ဘယ်သူကမှ

မယုံပါဘူး၊ ရှိလည်းရှိလို့မှမရဘဲ၊ သူက တိရစ္ဆာန်ပဲ၊ ရိုင်းတယ် မာန်ကြီးတယ်၊ ဒါပေမဲ့ ခင်ဗျား သဘောမပေါက်သေးတာက သူက လုပ်ရမှာကို ပြီးအောင်လုပ်တယ်။ သူ့အသည်းက ကြီးတယ်။ သူ့လိုလုပ်ပြီး သူ့ကို ဆက်ခံနိုင်မယ်တော့ မထင်နဲ့။ ဂူလီယံနိမှာ အညိုရောင်နယ်မြေဆိုတာမျိုး မရှိဘူး။ ကောင်းသလား မကောင်းဘူးလား ဒါပဲ”

“အဲဒါ ဂူလီယံနိပဲ
မကြိုက်ဘူးလား။
မကြိုက်ရင်သွားပေါ့ ဒါပဲ”

ရဲမင်းကြီးဖြစ်အောင် သူတင်လိုက်တဲ့ ‘ဘားနဒ်ကီရစ်’ က ပြောပါတယ်။

မြို့တော်က လူမည်းတွေရဲ့ လက်တင်ခေါင်းဆောင်တွေက ဒါမျိုးကို မကြိုက်ကြဘူး။ နယူးယောခ်မှာ တစ်ပုံစံတည်း သဘောထားပြီး တစ်ပုံစံတည်းဆက်ဆံတယ်၊ ဘုန်းတော်ကြီး အဲလ်ရှင်တန်တို့လိုမျိုး သူက လက်မခံဘူး။ လူမျိုးရေးအခွင့်အရေးသမားလို့ မြင်တယ်။ ဘယ်လူနည်းစုခေါင်းဆောင်နဲ့မှ ဂူလီယံနိ တွေ့လေ့ ဆက်ဆံလေ့မရှိပါဘူး။ သူ့လူတွေက လူမျိုးရေးအရ ခွဲခြားဆက်ဆံတယ်ဆိုလို့ ကလင်တန်အစိုးရက စုံစမ်းစစ်ဆေးခဲ့ဖူးတယ်။

ဂူလီယံနီလက်အောက်မှာ ရဲတွေ သေနတ်သုံးတာ (၄၀) ရာနှုန်းကျသွားပေမဲ့ လူနည်းစုခေါင်းဆောင်တွေက မကျေနပ်ကြပေဘူး။

ရက်ရက်စက်စက် တွယ်ခဲ့တဲ့ အမှုကြီး (၃) မှုကို ကိုင်ခဲ့တဲ့ ရဲရဲ့ လက်စွမ်းပြတာကို ဂူလီယံနီ ခေတ်လို့တောင် ပြောစမှတ်ပြုကြပါတယ်။

ငြိမ်းချမ်းရေးဆုံးရှုံးရပြီ

ဟေတီသားလက်နက်မဲ့ သူလျှို အဲလ်ဘဲနာ လိုအူမာကို ရဲက လိင်မှုမတော်တရော် ညှဉ်းဆဲခံခဲ့ရပါတယ်။ နောက် (၂)နှစ်အကြာမှာ လမ်းတွေထဲ ရှုပ်နေသူ 'အဟာဒူဒိုင်ယာလို' ကို ရဲတို့က (၄၁)ချက် ပစ်ပြီး သတ်ခဲ့ပြန်တယ်။ နောက် (၁) လလောက်အကြာမှာ လက်နက်မဲ့ လုံခြုံရေးတစ်ယောက် 'ပက်ထရစ်ဒက်စမွန်'တက္ကစီခေါ်နေစဉ် ရဲက ပစ်သတ်ခဲ့ပြန်တယ်။ 'လိုအူမာ'ကို မတော်တရော်လုပ်သူကိုသာ ဂူလီယံနီက အပြစ်တင်ရှုတ်ချပြီး ကျန်နှစ်ယောက်သေရတာနဲ့ ပတ်သက်ပြီး ရဲကို ဂူလီယံနီ အကာအကွယ်ပေးခဲ့ပါတယ်။ အဲဒီနှစ်မှုကို ရုံးတင်တော့လည်း ဂျူရီတွေက အပြစ်မရှိဘူးလို့ ဆိုခဲ့ပြန်ပါတယ်။

'ဒက်စမွန်'သေပြီးမှ ဒက်စမွန်ဆိုးခဲ့မိုက်ခဲ့တဲ့ မှတ်တမ်းကို ထုတ်ပေးလိုက်ပါသေးတယ်။ သေတဲ့လူတွေအနေနဲ့ ကိုယ်ရေးကိုယ်တာဆိုတာ မရှိပါဘူးလို့ ဂူလီယံနီက ပြောလိုက်တော့ သူမိတ်ဆွေဟောင်းတွေကတောင် အံ့သြသွားကြပါတယ်။

သူ့လုပ်ရပ်တွေကို ထောက်ခံကြတဲ့ အားက (၃၂) ရာခိုင်နှုန်းအထိ ကျသွားပါတယ်။

နယူးယောခ်မြို့တော်က ပိုကောင်းလာသလိုတော့ ရှိပါတယ်။ ဒါပေမဲ့ မြို့တော်ဝန်ကတော့ ပိုဆိုးသွားသလို ဖြစ်နေတယ်။

"နယူးယောခ်မှာ သူလုပ်တာမဟုတ်ပါဘူးလို့ ရှုဒီက ဂုဏ်ယူမပြောတဲ့ ကောင်းတဲ့အရာဆိုတာ ရှိသေးရဲ့လား" လို့ နယူးယောခ်မဂ္ဂဇင်းက ကြော်ငြာပြီး လူထုဆန္ဒကို ရယူခဲ့ပါတယ်။ ဘတ်စကားတွေမှာ ကပ်ထားတဲ့ အဲဒီကြော်ငြာကို ဂူလီယံနီက လိုက်ခွာခိုင်းခဲ့တယ်။

မဂ္ဂဇင်းက တရားစွဲလို့ အနိုင်ရသွားတယ်။ ဂူလီယံနီဟာ ချာချီလိုပဲ ငြိမ်ချမ်းရေး အရယူဖို့ တော်တော်မနိုင်မနင်းဖြစ်လာပါတယ်။

“ယဉ်ကျေးသိမ်မွေ့ရေးတိုက်ပွဲ” ဂူလီယံနီဆင်နွှဲတော့တာပါပဲ၊ စည်းကမ်းမဲ့လမ်းဖြတ်ကူးသူတွေ၊ လမ်းဘေးဈေးသည်တွေ၊ ဟွန်းသံဆူတဲ့ကားတွေ၊ သူ့ကို ထိခိုက်စေတဲ့ လူထုတွေနဲ့ ပြနေတဲ့ အနုပညာလက်ရာပြပွဲတွေနဲ့ သူနဲ့ဆိုင်မိကုန်တယ်။

မြို့တော်ခန်းမမှာ ဂူလီယံနီဇနီးကို မတွေ့ရတာ ကြာတဲ့နောက်မှာ မျက်ရည်ရွှန်းလဲ့တဲ့ မျက်လုံးနဲ့ နယူးယောခ်သူ စတိုင်ကောင်းကောင်းနဲ့ ဂျုဒစ်နာသန်နဲ့ ဂူလီယံနီ တွဲလာတာကို တွေ့လာကြရပါတယ်။

သူနေပုံထိုင်ပုံနဲ့ သူမူဝါဒတွေရဲ့ ဝိရောဓိကို နယူးယောခ်ပေါ်ပေါက်အသိုင်းအဝိုင်းက ပြက်ရယ်ပြုတင်ဆက်ကြပါတယ်။

၂၀၀၀ ပြည့်နှစ် နွေဦးမှာ ဂူလီယံနီက သူစိတ်မဝင်စားပါဘူးလို့ ထင်ရတဲ့ နိုင်ငံရေးမျက်နှာစာတစ်ခုမှာ ဝင်လိုက်ပါတယ်။ ဟီလာရီ ရောဗ်ဟယ်ကလင်တန် အရွေးခံဖို့ ပက်ထရစ်မိုညီဟန်က ဖယ်ပေးလိုက်တဲ့နေရာမှာ ဂူလီယံနီ ထိပ်တိုက်သွားဝင်လိုက်ပါတယ်။

အဲဒီမှာ သူ့ဘဝသူ ကြပ်ကြပ်မတ်မတ် ထိန်းကျောင်းနိုင်ပါတယ်ဆိုတဲ့ ဂူလီယံနီ လမ်းချော်သွားတော့တာပါပဲ။

နာသန်နဲ့သူတွေ့လာ တွဲလာခဲ့တာက တစ်နှစ်လောက်ကျော်လာတော့ သတင်းစာတွေမှာ ခေါင်းစဉ်မည်းတွေနဲ့ ပါလာကုန်ကြပါပြီ။

ဂရေစီမန်ရှင်းမှာ ကျင်းပမယ့် မြို့တော်အခမ်းအနားတွေမှာ နာသန်တက်ရောက်ခွင့်ကို ရုံးတော်ရဲ့ အမိန့်နဲ့ ဒွန်နာ

ဟာဝါဒါ (ဇနီးဟောင်း) က တားမြစ်အောင်မြင်သွားခဲ့ပါတယ်။

ဂူလီယံနီ ရဲ့ ရှေ့နေကတော့ ဟာဝါဒါကို လှည့်ဖြားတဲ့ အကြံတွေနဲ့ တာဝန်မကျေတဲ့ မိခင်အဖြစ် တန်ပြန်ထိုးနှက်ခဲ့ပါတယ်။ Village Voice ရဲ့ သတင်းထောက် ဂူလီယံနီရဲ့ အတ္ထုပ္ပတ္တိကိုရေးသူ 'ဘားရက်'က ဂူလီယံနီ၏ဖခင်ရဲ့ ရာဇဝတ်မှုခင်းတွေအကြောင်း ဖွင့်ချလိုက်ပါတယ်။

၂၀၀၀ ပြည့်နှစ် ဧပြီမှာတော့ ဂူလီယံနီက သူမှာ ဆီးကျိတ်ကင်ဆာဖြစ်နေပါတယ်လို့ ကြေညာပါတယ်။ သူ့ဖခင်လည်း ဒီရောဂါနဲ့ပဲ ကွယ်လွန်ခဲ့ရပါတယ်လို့ ဆိုတယ်။ ဆီးနိတ်ရွေးကောက်ပွဲက ဂူလီယံနီ နောက်ဆုတ်လိုက်ပါတယ်။

ဒိုင်ယာလိုနဲ့ ဒက်စမွန်တို့ ပြဿနာတွေ သွေးမအေးကြခင်မှာပဲ နောက်ကျန်တဲ့ (၁၈)လကို သူဖန်တီးမိထားခဲ့ဟန်တူတဲ့ လူနည်းစုတွေနဲ့ သူနဲ့ကင်းသွားခဲ့ရတာကို ရင်ကြားစေ့နိုင်အောင် ကြိုးစားပါမယ်လို့ ဂူလီယံနီ လူသိရှင်ကြား လုပ်ရပါတော့တယ်။

"ဒီကိစ္စမျိုးကို သူများတွေ ဘယ်လိုရှင်းကြတယ် မသိပါဘူး။ သူတော့ မရမနေ ပြင်းပြင်းထန်ထန် ကြိုးစားဖြေရှင်းပါမယ်"

ဂူလီယံနီ လေပြေထိုးပြီး ပြေရာပြေကြောင်း လုပ်ရပါပြီ။

အတားအဆီးမဲ့သွားပြီ

သူ့အားနည်းချက်တွေကြောင့် လူထုနဲ့ သူနဲ့အကြားအဟန့်အတားတွေ ပေါ်လာခဲ့ရတာတွေကို စက်တင်ဘာလမှာ ရုဒီလူပ်ရှားလိုက်နိုင်လို့ ဖယ်ရှားပြီး ဖြစ်သွားပါတယ်။

နယူးယောခ်မြို့တော်သူမြို့တော်သားတွေကို သူတွယ်တာခဲ့လေသမျှကို ပြန်ပြသခွင့်ရသွားပါတယ်။ ခုမှ ဒီအသည်းနှလုံးမျိုး ဂူလီယံနီမှာ ရှိတာမဟုတ်ပါဘူး၊ ပင်ကိုကကို ရှိခဲ့တာပါလို့ အကဲဖြတ်သူတွေက ဆိုပါတယ်။

အပြင်ကလူတွေကတော့ မမြင်နိုင်ဘူးပေါ့။

လွန်ခဲ့တဲ့ (၈) နှစ်က ဒဏ်ရာရတဲ့ ရဲတွေ၊ မီးသတ်သမားတွေရဲ့ ခုတင်ဘေးမှာ သာသာလေးဝင်ထိုင်ပြီး အားပေးခဲ့ရတာတွေ၊ ဒီလိုသတင်းမျိုးတွေကို မိသားစုတွေထံကို သွားပြောခဲ့တာလည်း အကြိမ်တွေ မနည်းတော့ပါဘူး။ တစ်ခါတလေ ကွယ်လွန်သွားတဲ့ သူရဲ့ဇနီး မုဆိုးမကို သွားပြောရင်း အားပေးနှစ်သိမ့်ခဲ့ရတာကို မမေ့တဲ့အပြင် ခုနှစ်တွေကျော်တဲ့တိုင် အဲဒီအမျိုးသမီးအမည်ကို သူ အခုထိ မှတ်မိနေပါသေးတယ်။

ဒါမျိုးတွေက လူမသိပါဘူး။ သတင်းသမားတွေကလည်း အဲဒီအထိမှ မလိုက်ကြဘဲကိုး။

ကျော်ကြားချင်လွန်းတဲ့ ဂူလီယံနီက သတင်းစာရှင်းပွဲကို ရဲအသုဘမှာ သတင်းသမားတွေ စုမိတဲ့အခါလည်း လုပ်လိုက်တော့တာပဲ။

“ကျုပ်ကတော့ ဂူလီယံနီကို သိခဲ့တာကြာပါပြီ။ (၁၃) နှစ်သားကတည်းကပါ။ သူက တွေ့လိုက်တာနဲ့ ပြေးဖက်ပြီးနမ်းတဲ့ ကလေးပါ” လောင်းအိုင်လင်ကျွန်းပေါ်က ဘုန်းတော်ကြီးက ပြောပါတယ်။

“ခု သူ့အကြောင်းတွေက ပြောနေကြတဲ့အတိုင်းဆိုရင်တော့ ဂူလီယံနီ တော်တော် ပြောင်းသွားတာပဲ။ သူက အဲဒီအတိုင်းမဟုတ်ပါဘူး”

ဘုန်းတော်ကြီး ‘အလန်ပလာကာ’က ပြောပါတယ်။

သူ့စိတ်အရင်းခံက ဘာလဲဆိုတာ ခုတော့ ဂူလီယံနီ ပြခွင့်ရသွားတယ်။

စက်တင်ဘာ (၁၁) က အရေးမပါတာတွေကို ဘေး ဖယ်ပြီး လောကကို ဘယ်လိုမြင်ရမယ်ဆိုတာကိုပါ သိစေလိုက် တယ်ဆိုတာမျိုးက အခုတော့ ပြောရိုးပြောစဉ်လို ဖြစ်နေပါပြီ။ ဒါပေမဲ့ ဒီလိုပြောကြတာက ဂူလီယံနီအတွက်ကျတော့ မှန်နေ ပါတယ်။

မိုးထိတိုက်ကြီး (၂) လုံး ပြိုကျအပြီး (၆) ရက်မှာ ဂူလီ ယံနီပြောပုံကိုလည်း ကြည့်လေ ...

“အရင်က တစ်ယောက်နဲ့တစ်ယောက် တိုက်ခဲ့ခိုက်ခဲ့ ကြတာတွေက အလကားပါဗျာ”

သူ့မြို့တော်ဝန်လုပ်ငန်းတာဝန်တွေ ထမ်းဆောင်ရင်း ကြုံခဲ့ရတာတွေကို ပြောပါတယ်။

ခုဖြစ်ပျက်လိုက်တာကြီးနဲ့ ကြုံတော့မှ သူ့အရည်အသွေး အပြည့်က ပြခွင့်ရသွားတာပါ။ နယူးယောဉ်ခ် ရဲနဲ့ မီးသတ်တွေ ကို ကမ္ဘာက မြင်သိသွားကြတယ်။ ဂူလီယံနီကိုလည်း သူရင်း နှီးတဲ့မိတ်ဆွေတွေသာ သိခဲ့ကြတဲ့ အရည်အချင်းတွေကို တစ် ကမ္ဘာလုံးက သဘောပေါက်နားလည်သွားကြပါတယ်။

“ကျွန်တော့်မြို့တော်ဝန်သက်တမ်း ပထမ (၇) နှစ်ခွဲကို အဖေမှာတဲ့အတိုင်း နေခဲ့ပါတယ်။ ‘ချစ်လာကြအောင်ထက် လေးစားလာအောင်နေပါ’လို့ အဖေကမှာပါတယ်။ ဒါပေမဲ့ အဖေ့စကားနောက်ပိုင်းကို ကျွန်တော် မေ့နေပါတယ်။ ‘နောက်ကျ တော့ မင်းကို သူတို့ တဖြည်းဖြည်းနဲ့ ချစ်လာကြလိမ့်မယ်’လို့ ထင်ပါတယ်”

ဂူလီယံနီကပြောပါတယ်။ အရွယ်ကရလာတော့ အို

တော့ အိုလာတယ်။ ဒါပေမဲ့ သူနဲ့တော့ ကိုက်ပါတယ်။ ဖြူစ ပြူလာတဲ့ ဗိုလ်ကေကို သပ်သပ်ရပ်ရပ်လေး ဖြီးသထားပြီး ဘဲဥပုံမျက်မှန်ငယ်လေးနဲ့ နုငအောင်တော့ လုပ်ထားပါတယ်။

သူကင်ဆာနဲ့ ပြိုကျတဲ့ တိုက်ကြီးတွေကြောင့် ဂူလီယံနီ ပိုပြီး သွက်လက်ဖျတ်လက်လာတယ်။

“ကြံုရတာတွေကတော့ တကယ်ဆန်းတယ်”

မြို့တော်ခန်းမက သူ့ရုံးခန်းမှာ ကြံုတုန်း သူက စကား စတယ်။ ပြောရင်းက ရှစ်နှစ်တာ ဒီရုံးခန်းထဲရောက်နေတဲ့ သူနဲ့ ဆိုင်တဲ့ စာရွက်စာတမ်းတွေ၊ ဖိုင်တွေ၊ ဓာတ်ပုံတွေ ဘေ့စ်ဘော ရိုက်တံတွေ၊ ယန်းကီးဦးထုပ်ကို သိမ်းနေတယ်။

“ကိုယ်ရေးကိုယ်တာတွေပေါ့၊ ဒါပေမဲ့ အဲဒါတွေက လည်း မြို့တော်ဝန် တာဝန်ထမ်းဆောင်ရင်းက ပေါ်တာတွေပါပဲ”

“အဲဒီ ... စက်တင်ဘာ (၁၁) က မီးသတ်စက်ရုံအမှတ် (၂၄) မှာ ဖွင့်ထားတဲ့ သူကွပ်ကဲရေးရုံးမှာ သူရှိနေတယ်။ ခဏနေတော့ (၁၈) နှစ်တိုင်တိုင် သူ့အနီးကပ်နေခဲ့တဲ့ လက်ထောက် အမှူဆောင် ‘ဘတ်သ်ပက်ထရိန် ဟက်တန်’ ရောက်လာတယ်။ ၁၉၉၈ ကမှ ဂူလီယံနီ ဘတ်သ်ကို ဟက်တန်နဲ့ လက်ထပ်ပေး ခဲ့ပါတယ်။ တယ်ရီဟက်တန်က ကယ်ဆယ်ရေးအဖွဲ့ ကပ္ပတိန် ဖြစ်တယ်။ ဂူလီယံနီ မိသားစုဝင်တွေ ဖြစ်လာခဲ့ကြပါတယ်။

“တယ်ရီ အလုပ်သွားလားဟေ့”

“ဟုတ်တယ် သူသွားပြီ”

ဂူလီယံနီ ပြောလိုက်ချင်ပေမဲ့ စောပါသေးတယ်လို့ ထင်ပြီး နေလိုက်တယ်။

ဘတ်သ်ကတယ်ရီသွားပြီလို့ရှုဒီကြားအောင်ထပ်ပြော ပြီး မီးသတ်စက်ရုံထဲ ရှုဒီရုံးကို စုစည်းပြင်ဆင်ပေးနေလိုက်

ပါတယ်။ လူတွေက ဘတ်သ်ရဲ့ မျက်လုံးကို တည့်တည့်ကြည့်မပြောရဲကြ။ နက်နက်ရှိုင်းရှိုင်းခံစားနေကြရတာတွေကလည်း ဖုံးကွယ်လို့ကမလွယ်၊ မြင်တွေ့ခဲ့ရတာကလည်း မေ့လို့လည်း မလွယ်။

"တကယ်တော်တဲ့လူ အမြဲအသင့်ဖြစ်နေတဲ့လူ ကျွန်မတွေ့ခဲ့တိုင်း သူက အမြဲလို သတိနဲ့ ဖြစ်နေတယ်။ သူအပေါင်းအသင်းတွေ တော်တော်များများ ဆုံးရှုံးခဲ့ရပြီဆိုတာလည်း တယ်ရီသိပါတယ်။ သူလည်း မြို့တော်သူမြို့တော်သားတွေ စိတ်တည်ငြိမ်အေးချမ်းရအောင် လုပ်ဖို့လိုသေးတယ်ဆိုတာ သိလို့ ထွက်သွားတာပေါ့"

ဘတ်သ်က တယ်ရီအကြောင်းတွေ ပြောချင်သလောက် ပြောနေတယ်။

ဂူလီယံနီကလည်း သတင်းစုံအောင် ခိုင်မာအောင်စုပြီးမှ ဘတ်သ်ကို ပြောပြတော့မယ် စိတ်ကူးထားလိုက်ပါတယ်။

"တကယ်တက်ညီလက်ညီပါပဲရှင်၊ တစ်သက်တာအတွက် တကယ်ပြင်ဆင်ထားတာကိုး"

ဘတ်သ်ပက်ထရိုနီဟက်တန်က ဂူလီယံနီကို ဒါလောက်ပဲ ပြောပါတော့တယ်။

နေ့ညမနားရအောင် သူလုပ်ကိုင်နေရင်းက ဂူလီယံနီအနေနဲ့ ပက်ထရိုနီနဲ့ တွေ့နိုင်ဖို့ အချိန်ရခဲ့ပါသေးတယ်။ ပြန်ထူထောင်လာအောင် လိုအပ်တဲ့ ထောက်ပို့ကိစ္စတွေ လူအများနဲ့ စုပေါင်းပြီး ဝမ်းနည်းပူဆွေးမှုတွေ၊ တာဝန်ကျေအောင် သွားခဲ့ရတာတွေ၊ နယူးယောဉ်စတော့စျေး ပြန်ဖွင့်လာနိုင်အောင် ကြိုးစားပေးရတာတွေ ကြားကနေ ဟက်တန်ရဲ့ သွားကုသတဲ့ မှတ်တမ်းရယ်၊ သူ့ရုံးက ဟက်တန်ရဲ့ DNA အစအနရယ်၊

ပြီး ဟက်တန်ကို တမ်းတမိနေတယ်။ သူ့သားကို ဟက်တန်လို ဖြစ်လာစေချင်တယ်၊ အလွမ်းသယ်နေမိတဲ့ ဂူလီယံနီပါ။

စက်တင်ဘာ (၂၁) ရက်မှာ ပက်ထရိုနီဟက်တန် မမျှော်လင့်တဲ့ သတင်းကောင်းရလိုက်ပါတယ်။ သူမှာ ကိုယ်ဝန်ရှိနေပါပြီ။ ချက်ချင်းပဲ ဟက်တန်မိဘတွေဆီနဲ့ သူမိဘတွေနဲ့ ဂူလီယံနီဆီ ဘတ်သ်ဖုန်းဆက်လိုက်တယ်။

"တစ်ခုတော့ ထူးနေပြီ၊ ကျွန်မကလေးရတော့မယ်"

ဂူလီယံနီ ကို ပြောလိုက်တယ်။

"အဲဒါ ငါကြားရတာတွေထဲမှာ အကောင်းဆုံးသတင်းပဲ"

ဂူလီယံနီ ရဲ့ ပြန်ကြားသံဖြစ်တယ်။ တစ်ပတ်လောက်နေလို့ မြို့တော်ဝန်က သူ့ကိုခေါ်တော့ ပက်ထရိုနီက ဆရာဝန်ဆီမှာ ကလေးနှလုံးခုန်သံကို ပထမဆုံး နားထောင်နေမိလိုက်တဲ့ အချိန်ပေါ့။

ဂူလီယံနီ ဝတ်ပြုနေတဲ့ စိန့်ပက်ထရစ်ကျောင်းတော်ဆီကို ဘတ်သ်သွားလိုက်တယ်။

ဂူလီယံနီက ဘတ်သ်ဘေးမှာ အသာဝင်ထိုင်ပြီးမှ ဟက်တန်ရဲ့ ကြွင်းကျန်ရစ်တဲ့ ရုပ်ကလာပ်ကို တွေ့ပြီလို့ ပြောပါတယ်။ အဲဒီကို ခုပဲ သွားကြည့်ကြရအောင်လို့ ဘတ်သ်က ပြောလိုက်တယ်။

"ငါကြည့်ခဲ့ပါပြီ"

ရှုဒီက ပြောပြီး သူ့သူငယ်ချင်း ဟုတ်မဟုတ် အထောက်အထားတွေကို သူစစ်ဆေးကြည့်ခဲ့ပါပြီ။ ခုတွေ့နေရတဲ့ ပုံမျိုးနဲ့ ဘတ်သ် မကြည့်စေချင်ပါဘူးလို့လည်း ဂူလီယံနီက ပြောပြီး ဘတ်သ်ကို နှစ်သိမ့်ထားပါတယ်။

ပြောင်းလဲခြင်းရဲ့ ကိုယ်စားလှယ်တွေ

"၉/၁၁ ကစပြီးတော့ ပြောင်းသွားခဲ့သလားလို့ လူတွေ မေးလေ့မေးထ ရှိလာနေတယ်"

ဂူလီယံနီက ပြောပါတယ်။

"တကယ်တော့ ကျွန်တော်ဖြင့် ဆီးကျိတ်ကင်ဆာကြောင့် ပိုပြောင်းလာခဲ့ပါတယ်။ တကယ်ထိတာကိုး။ လူကိုလည်း တကယ် အသိတရားရစေပါတယ်။ ဘဝကို သိသွားတာပေါ့။ အနိစ္စ သဘောကို သိလွယ်တယ်။ မလွန်နိုင်ကြဘူးလေ။ ဒီတော့လည်း သေခြင်းကို မကြောက်တော့ဘူးပေါ့"

၂၀၀၀ ပြည့်နှစ်ရဲ့ ဒုတိယပိုင်းတစ်ခုလုံးကို ကင်ဆာကို ကုနေခဲ့ရတာနဲ့ပဲ ကုန်လွန်ခဲ့ရတယ်။

ဒီရောဂါကုသရေးမှာ စနစ်တကျ လေ့ကျင့်လာတဲ့ (၄၀)အရွယ် သူနာပြုဆရာမ နာသန်ဆီကရတဲ့ အတိုင်းအဆ မရှိတဲ့ အကူအပံ့တွေနဲ့ ပြင်းပြင်းလေ့လာဆည်းပူးပြီး နှိုးနှောတိုင်ပင်ရင်းနဲ့ ကင်ဆာကို ဂူလီယံနီ ရင်ဆိုင်ခဲ့တယ်။ ပြီးတော့ 'Radio Active - Seed' ရေဒီယိုဓာတ်ကြွအစေ့ မြုပ်နှံပြီး မခွဲစိတ်ဘဲ Radiotion ဓာတ်ရောင်ခြည်နဲ့ ကုခဲ့တယ်၊ မြုပ်နှံကုသမှုအပြီး နာရီပိုင်းအတွင်းမှာပဲ စက်တင်ဘာ (၁၉)ရက် ၂၀၀၀ ပြည့်နှစ်က ဂူလီယံနီက သတင်းစာရှင်းပွဲ လုပ်ခဲ့ပါတယ်။ နောက်နေ့မှာ ချီတက်ပွဲနဲ့ လိုက်ပါချီတက်ခဲ့ပြီး နှစ်ပတ်လောက် နေတော့ အရင်ကလိုပဲ နာကျင်မှု ခံစားလာရတယ်လို့ ပြောပါတယ်။

မြုပ်ထားတဲ့အစေ့တွေ "seeds" စလှုပ်ရှားလုပ်ကိုင်နေကြပြီတဲ့။

နိုဝင်ဘာမှာ ဓာတ်ရောင်ခြည်နဲ့ အပြင်ကပေး ကုသမှု ရက်သတ္တ (၆) ပတ်ခံယူလိုက်တယ်။ တော်တော်ပြင်းပြင်းခံစား ရတဲ့ ရက်တွေ ဖြစ်ပါတယ်။ မောတယ်၊ အရေပြားတွေ အသား တွေ ပူလာတယ်၊ အားကုန်လာတယ်။

သူ့အခြေအနေကို လူမသိအောင် အတတ်နိုင်ဆုံး ဖုံး ကွယ်ထားတယ်။ တစ်ခါတစ်ရံ သတင်းသမားတွေနဲ့ တွေ့ရတဲ့ စင်ပေါ်က ဆင်းသွားချင်တယ်။ နေ့တိုင်းလို တော်တော်များများ မှေးနေချင်ပါတယ်။

တစ်ခုလပ် ဆယ်ကျော်သက်သမီးလေးနဲ့ နာသန်က သူ့ဘေးမှာ အမြဲရှိနေခဲ့တယ်။

သူမှာလည်း ကင်ဆာနဲ့ ပတ်သက်တာ မှန်သမျှ အမေး ခံနေရပြီး ဖြေနေရပါတယ်။ နေကောင်းလား၊ ဒီလက္ခဏာတွေ က ကောင်းသလား ဆိုးသလားဆိုတာတွေ ဂျူဒစ်မှာ ဖြစရာ သုတေသနပြုပြီး အသင့်ရှိနေပါတယ်။

ကြည့်တယ်၊ ဆရာဝန်တွေ မေးသမျှလည်း ဖြေတယ်။ ကူလည်း ကူပါတယ်။

“တို့ကမ္ဘာကို ပြောင်းလဲကြပါစို့ Changing Our World”ဆိုတဲ့ ကုသိုလ်ဖြစ်အဖွဲ့မှာ နာသန်က ဒါရိုက်တာတစ် ယောက်ဖြစ်တယ်။ ဘယ်ခေမလဲ၊ ဂူလီယံနီရဲ့ ဖိအားပြင်းတဲ့ ပတ်ဝန်းကျင်မှာ လွယ်လွယ်နဲ့ လူပ်ရှားနိုင်တဲ့ နာသန်ဖြစ်ပါ တယ်။

အိုနယ်သမ်ပပ်ရဲ့ ပရိုက်ဗိတ် 727 ဂျက်လေယာဉ်ပေါ် မှာ ညဉ့်အတော်နက်မှ အစ္စရေးကို သွားကြတဲ့ ခရီးမှာ မြို့တော် ဝန်နဲ့ ဆုံကြရင်းက ကော်ဖီခွက်ကို မြှောက်ပြပြီး နာသန်က ရယ်စရာလည်း ပြောလိုက်သေးတယ်။

"ကော်ဖီထဲမှာပါတဲ့ ကာဖင်းဓာတ်လိုအပ်တာက ရဲနဲ့ သူနာပြုတွေ တူကြတာ အများကြီးထဲမှာ တူတာတစ်ခုပါ"

နာသန်က ရွှင်လန်းစေတဲ့ စကားပြောခဲ့ပါတယ်။

ဒွန်နာဟာဝါဒါနဲ့ ဂူလီယံနီတို့ ကလေး (၂) ယောက် ကာရိုလင်း (၁၂) နဲ့ ဘင်ဒရူ (၁၅) တို့နဲ့ Gracie Mansion မှာ အတူနေကြတဲ့ အချိန်မှာတော့ နာသန်လူပ်ရှားနေရတာက နောက်ကွယ်က ကတော်ကြီး Shadow First Lady လို ဖြစ်နေပါတယ်။ အောက်မေ့ဖွယ်တွေလည်း အတူတက်ခဲ့ရပေမဲ့ မြို့တော်ဝန်ကြီးနဲ့တော့ နာသန်အတူမထိုင်ခဲ့ပါဘူး။ နောက်ကွယ်မှာ အရေးပါပါ လူပ်ရှားခဲ့ပေမဲ့ လူရှေ့သူရှေ့မှာတော့ ခပ်လျှို့လျှိုပဲ နာသန်နေခဲ့ပါတယ်။

နယူးယောခ်က 'Pies 94' မှာ မိသားစုတို့ စုဝေးရာ 'Family Centre' ကို လုပ်အားပေး ၃၀၀၀ နဲ့ နာသန် ပါဝင်ကူညီစည်းရုံးပြီး ၁၂၅၀၀၀ စတုရန်းပေရှိတဲ့ နေရာကြမ်းကြီးကို (၃၆) နာရီအတွင်း ရှင်းလင်းဖယ်ရှားတည်ဆောက်ယူလိုက်နိုင်ခဲ့ပါတယ်။ ကျန်ရစ်သူတို့ စုဝေးပြီး သတ္တိရှိရှိနဲ့ လိုတဲ့အကူအညီတွေကို ထွေးထွေးနွေးနွေးနဲ့ ရယူနိုင်ကြစေပါတယ်။

အခုတော့ ဂူလီယံနီကင်ဆာနဲ့ ကင်ဝေးသွားပါပြီ။ စက်တင်ဘာ (၁၁) ရက်မှာ သူခေါင်းဆောင်နိုင်အောင် ဘုရားမတယ်လို့ပဲ နာသန် ယူဆထားလိုက်ပါတယ်။

တစ်နှစ်လောက်များ အကြမ်းဖက်သမားတွေ စောတိုက်ခိုက်ခဲ့ရင် သူဘာမှ တတ်နိုင်မှာ မဟုတ်ဘူးလို့ တွေးမိတိုင်း ဘုရားကျေးဇူးတော် ကြီးလှပေတာလို့ ဂူလီယံနီ ဦးခိုက်နေမိပါတယ်။

ပြီးတော့ ကင်ဆာရောဂါသာ မခံခဲ့ရရင် ဆီးနိတ်ရွေး

ကောက်ပွဲဝင်နိုင်ပြီး ဆီးနိတ်လူကြီး ဖြစ်သွားခဲ့ရင်လည်း ခုလို မြို့တော်ဝန်ဘဝနဲ့ သူ့မြို့တော်သူ မြို့တော်သားတွေကို ကယ်ဆယ်အလုပ်အကျွေးပြုနိုင်မှာ မဟုတ်ဘူးလို့လည်း ဂျူလီယံနီတွေးမိလိုက်တယ်။

"ကင်ဆာရောဂါ မခံစားခဲ့ရရင်လည်း စက်တင်ဘာ (၁၁) မှာ ထိထိရောက်ရောက် ဝင်လုပ်ပေးမိမှာပါ။ ဒါပေမဲ့ အဲဒီလို ကျွန်တော် ငြိမ်းငြိမ်းချမ်းချမ်းမနေရရင် အခုလို ထိထိရောက်ရောက်လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး" လို့လည်း ဂူလီယံနီက ဖြစ်တာပျက်တာတွေက ဖြစ်ချင်သလို ဖြစ်လာတာလား၊ ဒါမှမဟုတ် ဘုရားအလိုတော်အတိုင်းလားဆိုတာကို ဂူလီယံနီတွေးလို့ မပြီးနိုင်အောင် ဖြစ်နေဆဲပါ။

"ကျွန်တော် ခုထိ ဝေခွဲမရသေးတာကတော့ အမှန်ပါ။ ဘုရားကိုသာ စွဲစွဲမြဲမြဲ ယုံတဲ့ မုဆိုးမတွေကို ကျွန်တော် လေးစားမိပါတယ်။ ကျွန်တော် ပိုင်ဆိုင်သွားတဲ့ အတွေးကတော့ ဒါဘဝပန်းတိုင်ပါ။ အဲဒီအတိုင်း ဖြစ်လာနေတာကို ကိုယ်က ဘယ်လိုမှ ထိန်းချုပ်လို့မရဘူး ဆိုတဲ့ အသိရလာပါတယ်။ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ပြီး ရှေ့ကို ဆက်သွားရုံသာလိုတဲ့အတွက် ဘာကိုမှ ကြောက်စရာအကြောင်းမရှိတော့ပါဘူး"

ဒါဘုရားသခင်ရဲ့ အလိုတော်ရဲ့ တစ်စိတ်တစ်ပိုင်းပါ။ လူသားအနေနဲ့ ကျွန်တော်တို့ကို လုပ်ကိုင်ခွင့်ပြုပေးထားတာသာ ဖြစ်ပါတယ်။ ရွေးချယ်စရာတွေလည်း ပေးထားပါတယ်။ သူများကို ကယ်တင်ကြတဲ့ သူရဲကောင်းတွေလို့သိမှာ မဟုတ်ရင် မကောင်းဆိုးဝါးတို့လမ်း လိုက်လိုရင် လိုက်နိုင်ခွင့်ပါပေးထားပါတယ်။

သူဟာ ဒီအချိန်မှာ မြို့တော်ကို ဦးဆောင်ရမယ်လို့တော့

သူမပြောခဲ့ပါဘူး။

“ကျွန်တော် ဘုရားသခင်ကို ယုံပါတယ်။ ဘုရားက နိုင်ငံရေးထဲ ဝင်မပါဘူးလို့လည်း ယုံပါတယ်။ ဒါတွေအားလုံးမှာ အစီအစဉ်တော့ ရှိမယ်၊ ဒါပေမဲ့ လူ့အသိစွမ်းထက် ပိုနေရင်တော့ ကျွန်တော်တို့ နည်းနည်းလေးသာ မြင်နိုင်စွမ်းရှိပါလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ ကိုယ့်အတွက် ကိုယ့်မြို့တော်အတွက် ပိုကောင်းကောင်းလုပ်ပေးရင် အားလုံးအလိုကျဖြစ်လာပါမယ်လို့ မြင်တယ်”

ဂူလီယံနီက သူမြင်သမျှ တင်ပြပါတယ်။ သူ့မိတ်ဆွေပြောင်းလဲလာခဲ့သမျှကို ဘုန်းတော်ကြီး ပလာကာက ဒီလိုချုပ်ပြီး ပြောပါတယ်။

“ကင်ဆာက သူ့ကို သေနိုင်တယ်လို့ ပြလိုက်တယ်။ စက်တင်ဘာ (၁၁) က သူ့ကို မသေနိုင်တော့ဘူးလို့ သိစေလိုက်တယ်”

ဆရာတော်ပေါင်းစပ်ပြတဲ့ ဒီဖြစ်ရပ်နှစ်ရပ်က သူ့သမိုင်းမှာ အသေးအဖွဲတွေကို မေ့ထားခဲ့ဖို့ ဂူလီယံနီကို အသိတရားရစေပြီး ခေါင်းဆောင်မှုတာဝန်ကိုတော့ ဆက်ယူသွားစေခဲ့ပါတယ်။ ဂူလီယံနီက သူလုပ်တာတွေဟာ အသေးအဖွဲတွေရဲ့ အစိတ်အပိုင်းတွေ ဖြစ်နေမှာလည်း စိုးတယ်၊ ပြောကုန်ကြမှာတွေ ဖြစ်ကုန်မယ်။ ဒါမှမဟုတ်ရင် မဟာလူထုကြီးစွမ်းဆောင်နိုင်မယ်၊ လုပ်ငန်းရဲ့ အပိုင်ဖြစ်မယ်လို့ ယူဆထားပါတယ်။

စက်တင်ဘာ (၁၁) က ပေးခဲ့ရတဲ့ ရဲသားတွေ ရဲအရာရှိတွေ၊ မီးသတ်တွေ၊ အရေးပေါ် ကယ်ဆယ်ရေးသမားတွေရဲ့ အသုဘပေါင်း ၂၀၀ ကျော်ကို ဂူလီယံနီ တက်ရောက်ခဲ့ပါတယ်။

တက်ရောက်ခဲ့တိုင်းလည်း ...

"ဒီလိုဖျက်ဆီးလိုက်တဲ့အတွက် တို့ပိုအားရှိလာတယ်။ အသက်ပေးသွားတဲ့ သူရဲကောင်းတွေ ကျေးဇူးနဲ့ အမေရိကန် မြေပေါ်က အဆိုးဝါးဆုံး အတိုက်ခံရမှုကြီးကြောင့် အကြီးမားဆုံး ကယ်ဆယ်ရေးအောင်ပွဲကြီး ရခဲ့ပါတယ်။

အရပ်သားပေါင်း ၂၀၀၀ တို့ အသက်ကိုလည်း ကယ် ခဲ့နိုင်တယ်။

စက်တင်ဘာ (၁၁) ရက်က နယူးယောခ် ရဲတပ်ဖွဲ့ကို ဝေဖန်နေခဲ့ကြသံတွေကို တိတ်ဆိတ်သွားစေခဲ့တယ်။ အသက်ပေးလှူခဲ့ရတဲ့ ရဲသားတွေအတွက် ဝိုင်းဝန်ပူဆွေးကုန်ကြရတယ်" လို့ တစ်နေရာတစ်မျိုးမထပ်ရအောင် ဒီရည်ရွယ်ချက်တွေ ခံစားချက်တွေကို မျှဝေခံစားလာနိုင်ကြအောင် ပြောခဲ့ပါတယ်။ အဲဒီနေ့က အသက်ပေးသွားတဲ့ ရဲသား ၂၃ ယောက်နဲ့ မီးသတ်သမား (၃၄၃) ယောက်တို့ရဲ့ အသုဘကို သွားလိုသော်လည်း ဂူလီယံနီ မသွားခဲ့နိုင်ရှာပါ။ သူတို့ရဲ့ အောက်မေ့ဖွယ်တွေကို တက်ရောက်ပြီး သူတို့အပေါ် မြို့တော်သူ မြို့တော်သားတွေက ဘယ်လောက်ဂုဏ်ယူကြောင်း သူတို့မိသားစုတွေနဲ့အတူ ဘယ်လိုခံစားရကြောင်းကိုတော့ ပြနိုင်ခဲ့ပါတယ်။

ဒီအသက်ပေးသွားသူတို့ရဲ့ အသုဘတွေက သူ့ကို ဘယ်လောက်အကျိုးပြုသွားတယ် ဆိုတာကိုတော့ ဂူလီယံနီ မသိရှာပါ။

မျှဝေခံစားနှစ်သိမ့်ပေးသူအကြီးအကဲ

အသုဘတွေဟာ သူ့အတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာကို ဂူလီယံနီ သိပါတယ်။

စက်တင်ဘာ ၂၃ ညကပေါ့။

အဲဒီနေ့မွန်းလွဲပိုင်းကပ လူ ၂၀၀၀ယန်းကီးအားကစား

ကွင်းကြီးထဲမှာ စုဝေးပြီး ဝတ်ပြုဆုတောင်းခဲ့ကြပါသေးတယ်။

အကြမ်းဖက်အတိုက်ခံခဲ့ရပြီးတဲ့နောက် ပထမဆုံး လူထုစုဝေးပွဲဖြစ်လို့ သူ့လုံခြုံရေးတွေအဖို့ စိန်ခေါ်ပွဲကြီး ဖြစ်နေပါတယ်။

စက်တင်ဘာ (၁၁) ကစပြီး ကောင်းကောင်းမအိပ်ခဲ့ရတဲ့ ဂူလီယံနိမှာ ဒီလိုပွဲတွေက ပိုအားအင်ကုန်ခန်းစေပါတယ်။ တစ်ည (၃) နာရီလောက် အိပ်ရင်ရတဲ့ ဂူလီယံနိမှာ အဲဒီလောက်ကလေး အိပ်ခွင့်တောင်မရတော့ ခက်လာပါတယ်။ ဒီဝတ်ပြုပွဲမှာ သူနည်းနည်းနဲ့ တိုတိုပဲပြောခဲ့တယ်။

ဒုတိယအဆင့်မှာ ထိုင်ပြီး ပူဆွေးသူတွေရဲ့ မျက်နှာတွေကိုသာ ကြည့်နေမိပါတယ်။ ကွယ်လွန်သူတွေရဲ့ မိသားစုတွေ၊ သေမှန်းရှင်မှန်းမသိ ပျောက်နေလို့ ရှာဖွေနေရဆဲသူတွေရဲ့ ညှိုးငယ်လှတဲ့ မျက်နှာတွေနဲ့ သူတို့တွယ်တာမြတ်နိုးခဲ့ရသူတွေရဲ့ ဓာတ်ပုံတွေ ကိုင်ထားကြတာတွေက စေ့စေ့ကြည့်ဝံ့စရာမရှိပါ။ သူတို့အများစုကို ပြီးခဲ့တဲ့ (၁၂) ရက်အတွင်းက ဟိုတစ်စုဒီတစ်စု တွေ့ခဲ့မြင်ခဲ့ကြရပြီးသားပါ။

တချို့ကို မျက်နှာတွေမြင်လိုက်တာနဲ့ ဘယ်သူ့မိသားစုဆိုတာ သိနေပါပြီ။ တချို့ကိုလည်း ခုထိ မသိသေးပါဘူး။ တေးသံသာကို နားထောင်လိုက် ဘုန်းတော်ကြီးတို့ မေတ္တာပို့ကို နားထောင်လိုက်နဲ့ ရှိနေခဲ့ပါတယ်။

ဘလ်တီမစ်ဒ်လာရဲ့ သူရဲကောင်းတေး “ငါ့အတောင်ပံတွေ အောက်ကလေ Wind Beneath My Wings ”ကလည်း ဂူလီယံနိ အသည်းနှလုံးတွေကိုပါ ယူပြီး ပျံသန်းသွားသလို ခံစားနေရပါတယ်။

အစီအစဉ်က ဒီကပြီးရင် တော်တော်ဝေးဝေးကQueen

အစွန်းဘက်ဆီက Rockaway က အသုဘတစ်ခုကို ရဟတ်ယာဉ်နဲ့ ရောက်အောင်သွားဖို့ စီစဉ်ထားပါတယ်။ ဒါပေမဲ့ သူ့ကြည့်ရတာကတော့ မဟန်တော့ဘူး။ နာသန်နဲ့ အဖွဲ့က သူ့ကို ဒီတစ်ည အနားယူစေချင်နေပါတယ်။ SUV နဲ့ သွားရင် ကားနောက်ခန်းမှာ အိပ်လိုက်သွားပါမယ်လို့ ဂူလီယံနီက ကပ်နေတယ် မလျှော့ဘူး၊ (၄၅) မိနစ်နေတော့ Rockaway ကို ရောက်ပေမဲ့ မြို့တော်ဝန်ကြီး အားအင်ကုန်ခန်းနေဆဲပါ။

မဖြစ်ရင်တော့ အိမ်ကို တန်းပြန်မယ် စိတ်ကူးလိုက်ပေမဲ့ သူတို့ကို တွေ့လိုက်တော့ နတ်ဘုံနန်းဆီရောက်သွားသလိုကို ခံစားမိပြီး ဖယောင်းတိုင်မီးလေးတွေ ကိုယ်စီကိုင်ထားကြတဲ့ မိသားစုတွေကြား မျောပါသွားခဲ့ပါတယ်။

ရော့ကဝေးမှာ အတော်ကြာကြာနေခဲ့ဖူးတော့ သူတို့အတော်များများကို သူက သိနေတယ်။ သူတို့တစ်တွေကလည်း သိကြပါတယ်။

ရော့ကဝေးတော်တော် အထိနာထားပြီလို့ သိလိုက်တယ်။

ရဲအရာရှိတွေ မီးသတ်တွေ၊ ငွေကြေးစျေးကွက်မှာလုပ် ကြတဲ့ လူတွေ အမှုဆောင်အရာရှိတွေ၊ အတွင်းရေးမှူးတွေ စတော့ကိုင်တဲ့ လူတွေ အဲဒီမိုးထိတိုက်ညီနောင်နဲ့ အတူပါသွားကြမှာတွေ နည်းမှာ မဟုတ်ဘူး။

သူတို့ကြည့်လိုက်တော့ အားလျော့နေတာ မတွေ့ရဘူး။ ကိုယ်လည်း သူတို့အားတွေနဲ့ ပိုအားရှိသွားတယ်။

တို့အောင်မြင်မယ်ဆိုတာ သိလိုက်ပါတယ်။

“ဒီလာခဲ့တော့ ကျွန်တော် တော်တော်ပင်ပန်းနေပြီ၊ ခု တော်တော်အားရှိသွားပါတယ်၊ ခင်ဗျားတို့နဲ့ တွေ့လိုက်ရလို့ပါ”

ဂူလီယံနိက တွေ့တွေ့ချင်း ဒီလောက်ပဲပြောတယ်။ အကောင်းဆုံးက မြန်မြန်ဝတ်ပြုဆုတောင်းလိုက်နိုင်ဖို့ပါပဲ။

သူတို့တွေ့လိုက်တော့ အသည်းကွဲလောက်အောင် ခံစားရပေမဲ့ သူတို့က တက်ကြွစေပါတယ်။ "သူတို့တောင် ခံနိုင်သေးရင် ငါက ဘာကြောင့်မခံနိုင်ရမလဲ" လို့ မာန်တင်းလိုက်နိုင်ပါတယ်။

နောက်နေ့မနက်လည်း ရောကဝေးက အဲဒီဘုရားကျောင်းကိုပဲ ဂူလီယံနိလာခဲ့ပါသေးတယ်။ နောက်ထပ်တွေ့တဲ့ (၅) လောင်းရဲ့ အသုဘအတွက် မလာပြန်လို့ကလည်း မဖြစ်တဲ့ ဂူလီယံနိဆိုတဲ့ မြို့တော်ဝန်ကြီးလေ။

ဒါက ပထမ (၅) ယောက်အတွက်၊ ပြီးတော့ အဲဒီမှာပဲ နောက် (၈) ယောက်အတွက် အဲဒီမနက်မှာ ဆက်ရသေး တယ်။

နိုဝင်ဘာ (၁၂) ရက်မှာ ဂူလီယံနိ အဲဒီကို တစ်ခေါက်လာရပြန်သေးတယ်။ အမေရိကန်လေကြောင်းခရီးစဉ် အမှတ် (၅၈၇) အဲဒီနားမှာ ပျက်ကျလို့ (၂၆၅) ယောက် ကွယ်လွန်ခဲ့ရပြန်လို့ပါ။ ဂူလီယံနိရောက်လာလေတိုင်း ကွယ်လွန်သူတို့အတွက် ဂူလီယံနိနဲ့ အပေါင်းပါတို့က ပရိသတ်နဲ့အတူ ကြမ်းနဲ့ ခြေဆောင့်သံပါပေးပြီး သိမ့်သိမ့်တုန်အောင် ဝတ်ပြုဆုတောင်းကြပါတယ်။

ဂူလီယံနိ ခြွေခဲ့လေသမျှ အလွမ်းမိန့်ခွန်းတွေမှာ များသောအားဖြင့် သတင်းမှတ်တမ်းအဖြစ် ပါလေ့မရှိပါ။ ဘယ်အသုဘကို သွားမယ်လို့ ဂူလီယံနိက အသိပေးမထားလို့ သတင်းသမားတွေလည်း ရောက်မလာခဲ့နိုင်ကြလို့ ဖြစ်ပါတယ်။ လူ့ဘဝမှာ သဘာဝတရားကို မလွန်နိုင်ကြပေမဲ့ ရဲရဲရင့်ဆိုင်ပြီး စွန့်လွှတ်သွားကြသူတို့ရဲ့ သတ္တိကို နေရာတိုင်းမှာ ဂူလီယံနိ

ချီးကျူးပါတယ်။ ချစ်ခင်မှုကိုလည်း ပြခဲ့ပါတယ်။ ကျန်ရစ် သူ မိသားစု စိတ်ချမ်းသာစေမှုကိုလည်း မြို့တော်ဝန်က ပေး စွမ်းနိုင်နေပါတယ်။

“ကလေးတို့အတွက် စကားတစ်ခွန်းပဲ ပြောခဲ့ပါရစေ”

လောင်းအိုင်လင်ကျွန်းပေါ်က စိန့်ဝိလျံကျောင်းတော် ဝတ်ပြုပွဲမှာ မြို့တော်ဝန် ဂူလီယံနီမိန့်ခွန်းကို ဒီလိုစလိုက်ပါ တယ်။

ဒီလောင်းအိုင်လင်ဆင်ခြေဖုံးမှာ သူ့ရဲတွေ မီးသတ်တွေ အနေများနေပါတယ်။ ဒီတော့ စက်တင်ဘာလ (၁၁) ကလည်း သေတဲ့ လူဟာမနည်းဘူး။

ခု သူက တပ်ကြပ်ကြီး တင်မိုသီရှိုင် (၃၆) ရဲ့ အသုဘ ကိုလာတယ်။ ပျော်ပျော်ပါးပါးနေတတ်တဲ့ တင်မိုသီက ဒီနေ့က နားရက်ဖြစ်ပါတယ်။ ကုန်သွယ်ရေးဗဟိုဌာနကို လေယာဉ်ဝင် တိုက်တယ်လို့လည်း ကြားရော အရောက်သွားပြီး ပထမအတိုက် ခံခဲ့ရတဲ့ တောင်ဘက်က မိုးထိတိုက်ကြီးထဲကလူတွေ အပြင်ကို ဘေးရန်ကင်းကင်းနဲ့ ရောက်အောင် တင်မိုသီက ဝင်ရောက် ကူညီပေးခဲ့ပါတယ်။

အဲဒီတိုက်ကြီးက အရင်ဆုံးပြိုကြတဲ့ တိုက်ကြီးပါ။ တင်မိုသီကလည်း သူ့လိုပဲ ရဲတွေ မီးသတ်တွေများတဲ့ မိသားစု က ဖြစ်ပါတယ်။ အဲဒီမနက်က Ground Zero မှာ အစ္စရေး ဝန်ကြီးချုပ် အေရီယယ်ရှာရွန်ကို ကြိုဆိုပြသပြီး တခြားအစီ အစဉ်တွေကိုဖျက်ကာ တင်မိုသီ အသုဘကို ဂူလီယံနီ အရောက် သွားခဲ့ပါတယ်။

တင်မိုသီရဲ့ ကလေးသုံးယောက်အတွက်လည်း ဆုမွန်

ကောင်းပေးဖို့ပါလာပါတယ်။ သွားလေရာ အသုဘတို့မှာလည်း ဂူလီယံနီ ဒီလိုပဲ ကလေးတွေအတွက် ဆုမွန်ပေးလေ့ ရှိပါတယ်။

"မင်းတို့ဆီက မင်းတို့ ဖေဖေကို ဘယ်သူမှ ခေါ်သွားလို့မရဘူး။ ဖေဖေက မင်းနဲ့ခွဲခွာယူလို့ မရဘူး။ မင်းကိုယ်မင်း ဖေဖေရှိနေတယ်။ မေမေနဲ့ ဖေဖေတို့ဟာ မင်းဖြစ်ပါတယ်။ မင်းကိုယ်ရဲ့ အားအစွမ်းသတ္တိတွေဟာ မင်းဖေဖေ ဖြစ်တယ်။ မင်းရဲ့ ရှေ့ဘဝခရီးလျှောက်လှမ်းနေရတာဟာ မင်းဖေဖေရဲ့ ဘဝကို ပြောပြနေတာပါ။ မင်းရဲ့ဖေဖေ သိမ်မွေ့တာတွေ၊ သိတတ်တာတွေ၊ လူတွေအလို ဖြည့်စွမ်းတာတွေနဲ့ ခွန်အားရှိတာတွေ အားလုံးဟာ မင်းကိုယ်ထဲမှာ ရှိနေတယ်။

လူတိုင်းက မင်းဟာ မင်းဖေဖေအတိုင်းပါပဲလို့ ၁၀ နှစ်၊ ၁၅ နှစ်၊ နှစ် ၂၀၊ ၂၅ နှစ်တွေကြာတဲ့အထိ မင်းကို ပြောကြပါလိမ့်မယ်"

အားလုံးငိုကြွေးနေကြပေမဲ့ မြို့တော်ဝန်စကားတွေ သယ်ဆောင်သွားရာကို ပါသွားကြပါတယ်။

"ခုပဲ မင်းတို့မိသားစုမှာ မင်းတို့ဖေဖေကို တွေ့နေရပါပြီ။ တကယ့် မဟာမိသားစုပါလား။ သူမင်းတို့နဲ့အတူ ရှိနေတယ်။ ဘယ်သူမှ သူ့ကို ခေါ်သွားလို့ မရပါဘူး။ တခြားကလေးတွေမှာ မရှိတာတွေ မင်းမှာ ရှိနေပါတယ်။ မင်းတို့အဖေဟာ တကယ်လူကြီးလူကျယ်တစ်ယောက်ဖြစ်တယ်ဆိုတာကို မင်းအနေနဲ့ တကယ်ပြည့်ပြည့်စုံစုံသိနေတဲ့ အသိတရား မင်းမှာ ရှိနေတာက သူများတွေထက် သာတဲ့မင်းရဲ့ ထူးခြားချက်ဖြစ်တယ်"။

ဖေဖေနဲ့သား

သာမန်အားဖြင့် ကြည့်ရင်တော့ ဟာရိုးဂူလီယံနီဟာ လူကြီးလူကျယ်တစ်ယောက်တော့ မဟုတ်ပါဘူး။

၁၉၃၀ အသက် ၂၆ နှစ်အရွယ်က သူ့ကို မင်ဟက်တန် တိုက်ခန်းတွေထဲမှာ နို့ပို့တဲ့လူတစ်ယောက်ကို သေနတ်နဲ့ တေ့လုခဲ့လို့ အဖမ်းခံခဲ့ရဖူးတယ်။ ရုံးတော်က တာဝန်ပေးတဲ့စိတ်ပညာရှင်က သူ့ကိုစစ်ပြီး “ကိုယ်အတွက်သာ ကိုယ်သိတဲ့ ကြမ်းရမ်းတဲ့ လူစွာကလေး” လို့ သတ်မှတ်ပေးလိုက်ပါတယ်။

တစ်နှစ်ခွဲ အပြစ်ဒဏ်ခံပြီးတဲ့နောက် အရက်ဆိုင်မှာ ဝင်စားပွဲထိုးလုပ်တယ်။ ယောက်ဖလီယိုဒီအဒန်ဇူရဲ့ ငွေချေး လုပ်ငန်းမှာ ငွေပြန်ရအောင် လိုက်တောင်းပေးရတဲ့ လူလုပ်ခဲ့ရတယ်လို့ မျက်မြင်သက်သေတွေ ရုံးမှတ်တမ်းတွေအရ အတ္ထုပ္ပတ္တိရေးသူ ဘာရယ်က ဖော်ပြထားပါတယ်။ ၁၉၄၄ မှာ ထက်မြက်ပြီး စိတ်ပြင်းတဲ့ ဟဲလင်ဆိုတဲ့ ဟာရိုးရဲ့ဇနီးက တစ်ဦးတည်းသော သားရှဒီကို မွေးပါတယ်။ ရှဒီမိခင်ဟဲလင် ယခုတိုင် အသက်ရှင်လျက် ရှိနေပါသေးတယ်။

သူ့ဖခင်အကြောင်း အနည်းအကျဉ်းသာသိတယ်လို့ ဂူလီယံနီက ပြောပါတယ်။

“ကျွန်တော် တစ်စိတ်တစ်ပိုင်းပဲ သိပါတယ်။ အဲဒါကလည်း အမြဲလျှို့ဝှက်ထားတယ်။ သူငယ်ငယ်က ဒုက္ခရောက်ခဲ့တယ်ဆိုတာတော့ သိရပါတယ်။ အဲဒါ ဘယ်လိုဆိုတာတော့ သေသေချာချာ မသိပါဘူး”

၂၀၀၀ ပြည့်နှစ်မှာ ဘာရက်က ဖော်ထုတ်လိုက်တဲ့ အထိ ဖြစ်ပါတယ်။

“သူ့အကြောင်းတွေ ပိုသိလာရလေ သူ့သားဖြစ်ခဲ့ရပြီး

ကြီးပြင်းလာအောင် သူ ကျွန်တော့်ကို မွေးခဲ့ပုံတွေ သိရလို့ ခုဆို ကျွန်တော် အလွန်ကို လေးစားမိနေတာ ဖြစ်ပါတယ်”

ဂူလီယံနီက စိတ်လှုပ်ရှားစွာနဲ့ သူ့အဖေအကြောင်း ပြောပါတယ်။

ဆိုးခဲ့တဲ့ သူအဖေက ဖခင်ကောင်းပီသစွာ သူ့သား သူ့ လို မဖြစ်လာစေရအောင် အတတ်နိုင်ဆုံး ပြုစုစောင့်ရှောက် သွားခဲ့ပါတယ်။

“ဒါတွေကို သိအောင် ပိုကောင်းတဲ့နည်းလမ်းနဲ့ တင်ပြ နိုင်အောင် ကျွန်တော် ကြိုးစားနေပါတယ်။ ဒါပေမဲ့ စိတ်ပညာ သဘောနဲ့ တင်ပြမှဖြစ်လိမ့်မယ်ထင်ပါတယ်။ ကျွန်တော့်အဖေ က ကျွန်တော့်ကို ပြုစုရင်းနဲ့ ပြန်လည်ပေးဆပ်သွားတယ်လို့ လည်း မြင်မိပါတယ်။

ပြီးတော့ သူ့လို အမှားတွေ မကျူးလွန်ရအောင် တော် တော်ကို အလွန်အကျဲ သူ ကျွန်တော်ကို ကြိုးစားပေးခဲ့တယ်။ သူကြိုးစားသမျှ အောင်မြင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ကျွန်တော် အဖေ့ကို ကျေးဇူးတင်မိနေပါတယ်”

ဂူလီယံနီက သူ့ဖခင်ရဲ့ ကျေးဇူးကို ဖော်ထုတ်နေပါ တယ်။

ရာဇဝတ်ဘေး မကင်းတဲ့အသိုင်းအဝိုင်းနဲ့ ဝေးမှ သူ့သား သူ့လိုဖြစ်လာမှာ မဟုတ်ဘူးလို့မြင်တဲ့ ဟာရိုးက သူ့မိသားစု ကို ဘရုအာလင်ကနေ လောင်းအိုင်လန်ကျွန်းကို ပြောင်းခဲ့ပါ တယ်။ ဂူလီယံနီ (၇) နှစ်သားက ဖြစ်တယ်။

“ဒါကို အဖေက တစ်ပြောတည်း ထပ်တလဲလဲ ပြော ခဲ့ပါတယ်၊ ကိုယ့်ပစ္စည်း မဟုတ်ရင် ဘာကိုမှ မယူရဘူး၊ မခိုး ရဘူး၊ ဘယ်တော့မှ မလိမ်နဲ့ မခိုးနဲ့။

အဖေက ဒီလိုပြောခဲ့တယ်။ ကလေးဘဝ လူကြီးဘဝ ရောက်တဲ့တိုင် အဖေ ဒီလိုပြောခဲ့တာတွေ ဘာကြောင့်ပြောခဲ့ပါလိမ့်၊ ကျွန်တော်မှ ခိုးမှာ မဟုတ်ဘဲလို့ စဉ်းစားနေခဲ့မိပါတယ်။

ဟာရိုးက သန်ပျာတော်တယ်။ မိသားစုနဲ့ 'အခွန်'ကိစ္စတွေ တွက်ပေးတယ်။ မနက် (၃–၄)နာရီအထိ အခွန်တော်စာရင်းတင်ပြဖို့တွေ သူလုပ်နေတယ်၊ အဲဒါတွေ လုပ်နေရတာ မမှန်းဘူးလားလို့ ကျွန်တော် မေးခဲ့မိပါတယ်။ အဲဒါလောက် မေးမိတာကိုပဲ သူက အရှည်ကြီး ရှင်းနေပါတော့တယ်"

ဂူလီယံနီက သူ့အဖေစကားတွေကို ဆက်ပြောပါတယ်။

"အခွန်တော်ပေးဆောင်ရတယ်ဆိုတာကိုက မြင့်မြတ်တဲ့ အခွင့်ထူးပဲ။ အခွန်တော်ကို ဆောင်သင့်တာထက်ကို ပိုပေးဆောင်သင့်တယ်။ ငါကလည်း လက်တွေ့ပိုပေးဆောင်တယ်။ အမေရိကန်ကို လာချင်တဲ့လူတွေဟာ အခွန်ပေးဆောင်နိုင်တဲ့ အခွင့်ထူးရဖို့ စိတ်ကူးပြီး လာကြတယ်လို့ပဲ တွေးမိတယ်၊ ပေးသင့်တာကို တစ်ပြားမကျန်ပေးဆောင်ရတာ ကောင်းပါတယ်။ ပြီးတော့ ကိုယ်မပိုင်တာကို မယူမိစေဖို့လည်း သေချာပါစေ"

အဖေက ပြောသွားတယ်လို့ ဂူလီယံနီက ပြောပါတယ်။

"ကြီးလာတော့မှ အဖေ ဘာကိုဆိုလိုခဲ့တယ်ဆိုတာကို ကျွန်တော် သဘောပေါက်လာပါတယ်။ အဖေက တော်တော်ကို တွေးပြီး စဉ်းစားပြီး လုပ်သင့်တာထက်ကို အများကြီး ပို လုပ်ပေးခဲ့တာကိုးလို့ ကျွန်တော် သဘောပေါက်လာပါတယ်"

ဂူလီယံနီက ထပ်ပြောပါတယ်။ ဂူလီယံနီ ရဲ့ မိတ်ဆွေရင်းချာတွေ ဖြစ်ကြတဲ့ ပလာကာနဲ့ သူ့ရွေးကောက်ပွဲ မန်နေဂျာ

နဲ့ ပထမ ဒုတိယမြို့တော်ဝန်လုပ်သွားတဲ့ ပီတာပါဝါးစ်တို့က တော့ ရာဇဝတ်ကြောင်းနဲ့ ပတ်သက်ခဲ့တယ်ဆိုတာမျိုးကို လုံးဝ ဆက်စပ်တွေးကြည့်လို့ မရပါဘူးလို့ ဆိုကြပါတယ်။

"သူ့မိဘတွေက သူ့ကို တကယ်တန်ဖိုးထားပြီး ထိုက်ထိုက်တန်တန် ကြီးပြင်းလာစေခဲ့တာပါ။ ညဘက် ထမင်းစားပွဲမှာ သူ့အဒေါ်တွေ ဦးလေးတွေနဲ့ ပြောကြတဲ့ စကားတွေက လည်း တော်တော်ကို ပြင်းထန်တဲ့ နိုင်ငံရေးစကားတွေ ဖြစ်ပါတယ်။ သူ့ဦးလေး ရူဒီနဲ့ ကျွန်တော်တို့က ဂိုးလ်ဝါးဘေးရဲ့ ရှေးဟောင်းဝါဒသမားတွေ ဖြစ်ကြပါတယ်။ ကျန်တဲ့လူတွေက လစ်ဘရယ်တွေပါ။ ရူဒီကတော့ ကနေဒီ ဒီမိုကရက်ဖြစ်တယ်"

ပီတာပါဝါးစ်က ပြောပါတယ်။

"ကျွန်တော် တော်တော်ငယ်ငယ်ကပဲ ရဲရင့်ခြင်း သတ္တိရှိခြင်းတို့က ကျွန်တော့်စိတ်ကို တက်ကြွနေစေပါတယ်"

ဂူလီယံနီက ပြောတယ်။

"ကျွန်တော့်အဖေရဲ့ ညီအငယ်ဆုံး ဦးလေးရူဒီက ရဲအရာရှိအဖြစ် (၂၄)နှစ် ထမ်းဆောင်သွားခဲ့ပါတယ်။ အမေ့ ဒုတိယ အငယ်ဆုံးမောင် အက်ဒဝဒ်က မီးသတ်ကပ္ပတိန်ဖြစ်ပြီး(၄–၅) ကြိမ် ဂုဏ်ပြုခံခဲ့ရပါတယ်။ အမေ့တခြားမောင်တွေကလည်း ရဲအရာရှိတွေပါ"

ဒီတော့ ယူနီဖောင်းဝတ်တဲ့ လူတွေဝန်းကျင်နဲ့ သူတို့ စွန့်စားခဲ့တဲ့ တာဝန်တွေအကြောင်း၊ ရဲစွမ်းသတ္တိအကြောင်းတွေ ကြားရတဲ့ ဝန်းကျင်ကနေ ကြီးပြင်းလာခဲ့ပါတယ်။

"ကျွန်တော် ဖြစ်ချင်တာက ဘုန်းတော်ကြီး၊ ဆရာဝန်နဲ့ လေတပ်က လေသူရဲ ဖြစ်ချင်တာပါ"

အတန်းထဲမှာ ဂူလီယံနီက အမှတ်အဆင့်ကောင်းကောင်း

မရရှာပါဘူး။

“ဂူလီယံနီက အနီးအနားမှာ အမြဲအသင့်ရှိတတ်တယ်။ ပြီးတော့ ဘာလုပ်ရမလဲ ရှေ့ကို အမြဲမျှော်တွေးကြည့်တတ်ပါတယ်”

ပါဝါးစ်က ပြောပါတယ်။

အော်ပရာကိုလည်း စိတ်ဝင်စားလာတယ်။ ပလာကာနဲ့ ပါဝါးစ်တို့နဲ့ ကလပ်တောင် နယူးယောခ်သွားပြီး အော်ပရာ လေ့လာတယ်။ ဒါပေမဲ့ ဂူလီယံနီက သီချင်းမဆိုတတ်ဘူး။

မင်ဟက်တန်ကောလိပ်က သူနဲ့ ပါဝါးစ်တို့ ဘွဲ့ရပြီးတော့ နယူးယောခ်တက္ကသိုလ်မှာ ဥပဒေပညာဆက်သင်ကြပါတယ်။ ဂူလီယံနီက ပြည်ထောင်စု တရားသူကြီး လွိုက်မက်မာဟုန် ဆီမှာ စာရေးဖြစ်သွားပါတယ်။ တရားသူကြီးက အမေရိကန် ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှာ ဝင်လုပ်ဖို့ ဂူလီယံနီကို အား ပေးခဲ့ပါတယ်။ ၁၉၇၀ မှာ ဒီအကြံဉာဏ်နဲ့ ဝင်လိုက်တယ်။ ဂူလီယံနီ ကြိုးစားမှု ရိုးသားမှုနဲ့ တက်လမ်းက (၃) နှစ်အတွင်း စမိသွားတယ်။ **Knapp Commiccion** က ထွက်ပေါ်လာတဲ့ ရဲတွေရဲ့ အကျင့်ပျက်မှု အဂတိလိုက်စားမှုတွေကို အသက် (၂၉) နှစ်မှာ စကိုင်ခွင့်ရလိုက်ပါတယ်။ **Prince of The City** လို့ စာအုပ်ရော ရုပ်ရှင်အနေနဲ့ပါ ကျော်ကြားတဲ့ခေတ် ဖြစ်ပါတယ်။

ပြင်ပအမှုလိုက်တာကို နည်းနည်းလုပ်ရင်းနဲ့ ဝါရှင်တန်ကို ရောက်ပြီး (၃) နှစ်နေတော့ သမ္မတရိုနယ်ရီဂင်ရဲ့ တရားရေး ဌာနမှာ နံပါတ် (၃) နေရာရတဲ့ လူဖြစ်သွားပါတယ်။

(တချို့ကလည်း အစိုးရဝန်ထမ်းမလုပ်၊ ဂူလီယံနီ ပြင်ပ ဥပဒေလုပ်ငန်းမှာ ၉ နှစ်ကြာခဲ့တယ်လို့ ပြောကြတယ်။)

၁၉၈၃ မှာ ဂူလီယံနီကို နယူးယောခ်တောင်ပိုင်းခရိုင်

မှာ အမေရိကန်ပြည်ထောင်စု ရှေ့နေချုပ်အဖြစ် ခန့်လိုက်ပါတယ်။

အဲဒီအချိန်မှာ သူ့အဖေလည်း ဆီးကျိတ်ကင်ဆာနဲ့ ကွယ်လွန်သွားပါတယ်။

နောက်ဆုံးအနေနဲ့ သူ့အဖေနဲ့ ပြောကြတဲ့ စကားတွေထဲမှာ သတ္တိနဲ့ အကြောက်တရားအကြောင်း ဂူလီယံနီက ပြောမိတော့ ...

"မင်းတစ်ခုခုကိုများ ကြောက်နေသလား" လို့ သူ့အဖေက မေးခဲ့ပါတယ်။

"သတ္တိဆိုတာကလည်း တစ်ခုခုလုပ်ရမှာကို ကြောက်နေပြီး နောက်တော့ လုပ်ဖြစ်သွားတာကို ဆိုတာပါပဲ" လို့ ဂူလီယံနီအဖေက နောက်ဆုံးပြောသွားတယ်ဆိုပဲ။

တကယ့်ကမ္ဘာ

ဂူလီယံနီဘဝကလည်း သူ့အဖေ နောက်ဆုံးပြောသွားတဲ့ အတိုင်းပါပဲ။

ဂူလီယံနီမှာ မွေးကတည်းက 'ကြောက်မျိုး'ပါ မလာခဲ့ဘူး။ "feargene" လို့ သူ့ရောင်းရင်းကြီး ပါဝါးစ်က ပြောပေမဲ့ တကယ်တော့ ရှုဒီက အဲဒီလို မဟုတ်ဘူး။

စက်တင်ဘာ (၁၁)က ပထမဆုံး မိုးထိ တိုက်ကြီးစပြို တော့ သူနဲ့ သူ့အဖွဲ့တွေ အဲဒီနားက တိုက်တစ်လုံးထဲရောက် နေခဲ့ကြပါတယ်။

"ကြောက်ခဲ့ရတဲ့ အချိန်တွေ လူတိုင်းမှာ ကြုံခဲ့ရသလို ကျုပ်လည်း ကြုံခဲ့ဖူးတာပေါ့။ ဒါပေမဲ့ ကျုပ်ကတော့ အာရုံပျက်မသွားဘူး။ ကျုပ်သာ အာရုံပျက်သွားခဲ့ရင် ဘယ်ဆက်

လုပ်နိုင်လိမ့်မလဲ။ အားလုံး ပိုဆိုးသွားမှာပေါ့”

ခိုအောင်းနေခဲ့တဲ့ တိုက်ရဲ့ မြေအောက်ခန်းကနေ ထွက်နိုင်ဖို့ ကြိုးစားသေးတယ်။ မရဘူး။ သော့တွေခတ်ထားကြတယ်။

“အဲဒီအချိန်မှာ မင်းစိတ်ကိုထိန်းထား၊ ဘာတွေ ဆက်လုပ်ရမလဲဆိုတာတွေးနေ၊ နောက်လုပ်ရမှာထဲက ဘယ်အချက်ကို အလုပ်သင့်ဆုံးလဲရွေး၊ အဖေ့အတွေ့အကြုံအရရော၊ ကျွန်တော် ဖြတ်သန်းရသမျှတွေထဲမှာ စိတ်လှုပ်ရှားလာလေ ထွက်ပေါက်တွေ့နိုင်ဖို့ တည်ငြိမ်ဖို့ လိုလာလေဆိုတာပါပဲ။

၅၇နှစ်အရွယ်မှာ ဒါမျိုးတွေက ကျုပ်ရဲ့ ပင်ကိုအသိလိုကို ဖြစ်လာနေပါပြီ။

ဒါမျိုးတွေကြုံလို့ ဒီလို ထွက်ပေါက်ရှာနိုင်အောင် အထူး တီထွင်ကြံဆနေဖို့ မလိုတော့ဘူး”

စက်တင်ဘာ (၁၁) ဒီဘက်မှာ အမေရိကန်တွေဘဝက မတူ ခြားနားတဲ့ကမ္ဘာမှာ နေနေရတယ်လို့ အမေရိကန်တွေ ပြောနေကြတာကို ဂူလီယံနိုက လက်မခံပါဘူး။

“ကျွန်တော်တို့ မတူခြားနားတဲ့ ကမ္ဘာကို ရောက် မနေပါဘူး။

ခုနေတာကလည်း အရင်နေခဲ့တဲ့ ကမ္ဘာပါပဲ။ မတူတာ တစ်ချက်တော့ရှိတယ်။ အဲဒါက ဒီကမ္ဘာကို ကျွန်တော်တို့ ပိုနားလည်သဘောပေါက်လာတာပဲ ဖြစ်ပါတယ်။

အဲဒီကမ္ဘာမှာ ခြိမ်းခြောက်သူတွေရဲ့ အန္တရာယ်တွေ ရှိ တယ်။ ခုတော့ အဲဒါတွေ ရှိတာလို ကျွန်တော်တို့ သိသွား တယ်။ လက်ခံလာကြတာပါပဲ။ ဒီတော့ ပိုလုံခြုံတဲ့ ကမ္ဘာဖြစ် လာတယ်လို့လည်း ပြောရင်ဖြစ်ပါတယ်”

ဂူလီယံနိုက အန္တရာယ်ကို သူတို့အားလုံးထက် ကြိုပြီး

သိနားလည်ထားပါတယ်။

"နယူးယောခ်မြို့တော်ရဲ့ တာဝန်က စတင်လက်ခံထမ်းဆောင်ခဲ့ရတဲ့ အချိန်ကစပြီး ဒီမြို့တော်ဟာ အကြမ်းဖက်သမားတွေရဲ့ တိုက်ခိုက်မှု ခံရတော့မယ်ဆိုတာ သိလိုက်ပါတယ်"

သူမြို့တော်ဝန်မဖြစ်ခင်လေးမှာပဲ ၁၉၉၃ က ဒီကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနကြီးဟာ ဗုံးခွဲခံခဲ့ရပါသေးတယ်။ မူဆလင် အကြမ်းဖက်သမားတွေက ခွဲခဲ့တာပါ။ နယူးယောခ်သူ၊ နယူးယောခ်သား အများစုကြီးက အဲဒါကို ဘေးဖယ်မေ့ထားနိုင်ကြပေမဲ့ ဂူလီယံနိကတော့ မေ့လို့မရခဲ့ပါဘူး။

ဒီလို ဒုက္ခရောက်ခဲ့ရတဲ့ မြင်ကွင်းကို ရဲနဲ့ မီးသတ်တို့ သူ့နယ်ကိုယ်လုပွဲ နည်းနည်းမှ သက်သာပါစေတော့ဆိုပြီး ဂူလီယံနိက "အရေးပေါ် စီမံခန့်ခွဲရေးရုံး" "Office of Emergency Management" ကို ဒေါ်လာ (၁၃)သန်း အကုန်ခံပြီး ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန အဆောက်အအုံတွေထဲက WTC ရဲ့ (၂၃)ထပ်မှာ ဖွင့်ခဲ့ပါတယ်။ အလယ်က အဆောက်အအုံတစ်ခုတဲမှာပါ။

နေရာရွေးတာတော့ မှားသွားတယ်။ စက်တင်ဘာ ၁၁ က အဲဒီရုံးပါ ပြိုသွားလို့ နေရောပြောင်းခဲ့ရပါတယ်။

မြို့တော်ခန်းမဝန်းကျင်မှာတော့ လုံခြုံရေးရဲ့ ကန့်သတ်နယ်မြေတစ်ခု ပြုလုပ်ထားလိုက်ပါတယ်။ လွတ်လပ်စွာ သွားလာစုဝေးခွင့်ရှိတာကို ပိတ်ပင်ရာရောက်ပါတယ်ဆိုတဲ့ လူတွေရဲ့ စကားကိုတော့ ဂူလီယံနီ ဘေးဖယ်ထားလိုက်ပါတယ်။

သူနဲ့သူ့လူတွေက ထောင့်သန်းပိုးတိုက်ခိုက်မှုကနေကား ဗုံးနဲ့ အဆိပ်ငွေ့ထုတ်လွှင့်မှုမျိုးတွေအထိ ရင်ဆိုင်နိုင်အောင် အစီအစဉ် (၁၀) မျိုးလောက်ကို လေ့ကျင့်ပြင်ဆင်ထားခဲ့ကြပါတယ်။

မိုးပေါ်က လေယာဉ်ကြီးတွေနဲ့ ဝင်တိုက်မယ့် အကြမ်းဖက်မှုမျိုးကို ကြိုတင်မမြင်ခဲ့နိုင်လို့ အဲဒီလိုမျိုးအတွက် လေ့ကျင့်မထားခဲ့ရပေမဲ့ တကယ်ဖြစ်လာတဲ့အခါမှာ ဘယ်လိုမျိုး တုံ့ပြန်ရမယ်ဆိုတာကို မြို့တော်က အရာရှိတွေ သိပြီး လုပ်နေကြပါတယ်။

လေ့ကျင့်ကြတုန်းကတော့ နောက်စရာပြောင်စရာ ရယ်စရာဖြစ်အောင်ကို လုပ်ခဲ့ကြပါတယ်။

ဦးစီးအရာရှိ ဂါဘိုနက်တီက ဒီလိုစကားစလိုက်ပြီး...

“ဒါပေမဲ့ အဲဒီ လေ့ကျင့်ခဲ့နိုင်မှုတွေကြောင့် အသက်တွေကို ကယ်နိုင်ခဲ့ပါတယ်”

စက်တင်ဘာ ၁၁ နောက်မှာလည်း ရောဂါဘယထိန်းချုပ် နိုင်ရေးဌာနတွေနဲ့ ဂူလီယံနီ ဆွေးနွေးပွဲတွေ လုပ်ခဲ့တယ်။ ထောင့်သန်းရောဂါခြိမ်းခြောက်လာမှုကိုလည်း အက်ဖ်ဘီအိုင်နဲ့ ညှိနှိုင်းခဲ့တယ်။

ဒါကြောင့်လည်း ပြည်တွင်းလုံခြုံရေးအကြီးအကဲ တွမ်ရိဂျ်နဲ့ ကျန်းမာရေးနဲ့ လူသားဝန်ဆောင်မှု အတွင်းဝန် တွမ်မီသောမ်ဆန်တို့ကလည်း ထောင့်သန်းရောဂါ ခြိမ်းခြောက်မှုတွေအကြောင်းကို ဂူလီယံနီက ပိုသိနေပါတယ်။

အဲဒီ ရောဂါနဲ့ မှုတွေ ပိုးတွေနဲ့ သေနိုင်တဲ့ရန်အကြောင်းကို တွမ်နဲ့ တွမ်မီတို့ အငြင်းအခုံတွေ ဖြစ်နေကြချိန်မှာ ဂူလီယံနီက လူထုကို လေးလေးစားစား ဆက်ဆံတင်ပြနိုင်နေပြီဖြစ်ပါတယ်။ သတင်းအချက်အလက်တွေကို မပြုမပြင် မပွတ်မတိုက်ဘဲ လူထုကို အသိပေးနိုင်နိုင်လို့ ပြန်ခံရမယ့် လမ်းလည်းမရှိခဲ့ပါဘူး။

ဂူလီယံနီမှာ ပြည်ထောင်စုအစိုးရနဲ့ ရှင်းရမယ့် ပြဿနာ

တွေကတော့ ရှိပါတယ်။ အက်ဖ်ဘီအိုင်ကလည်း သူသိတဲ့ သတင်းကို မျှဝေနိုင်ဖို့မှာ အလွန်စေးနဲခဲ့ပါတယ်။ မြို့တော်မှာ အင်သရက်ထောင့်သန်းရောဂါပိုး စမ်းသပ်စစ်ဆေးဖို့ရာမှာ သိပ် နှေးနေပါတယ်။ အောက်တိုဘာလကုန် ပိုင်းနားလောက်မှာ နယူးယောခ်သား (၅) ယောက်က အဲဒီပိုးနဲ့ ရောဂါခံစားနေကြ ရပါပြီ။

အောက်တိုဘာ (၁၉) ရက်က ဂူလီယံနီ ချစ်တဲ့ 'ယန်းကီး' ကမ္ဘာ့စီးရီးပွဲစဉ်မှာ မကစားခင် တစ်နေ့မှာ တွမ်ရိဂျ်နဲ့ ရှေ့နေ ချုပ် ဂျန်အက်ရှ်ခရော့ဖ်တို့က လူထုနဲ့ ဒေသအုပ်ချုပ်ရေးတို့ ကို သတိနဲ့ အသင့်ရှိနေကြဖို့ နှိုးဆော်လိုက်ပါတယ်။

ဂူလီယံနီလည်း တွမ်ဆီကို ဖုန်းနဲ့ပဲ ကောက်မေးလိုက် တယ်။

"တွမ် ဒီမြို့တော်ကြီးက အဆင့်မြင့်ဆုံး အနေအထား မှာ တပ်လှန့်ထားတဲ့ မြို့တော်ကြီးပဲ။ ခု ဘာထပ်လုပ်ရဦးမှာ လဲ၊ အဆင့်မြင့် တပ်လှန့်ထားပြီးသားပါ။ မနက်ဖြန်ည World Series ပြိုင်ပွဲရှိပါတယ်။ သမ္မတကိုယ်တိုင် ပွဲလာဖွင့်ပေးဖို့ အစီအစဉ်လည်း ရှိပါတယ်။ တနင်္ဂနွေနေ့မှာ မာရသွန်ပွဲကို လည်း လူ ၃၀၀၀၀ ဝင်ပြေးကြ ပြိုင်ကြဦးမယ်။ ပရိသတ်က (၂)သန်း ရှိပါမယ်။ ခင်ဗျားက လေဆိပ်တွေ ပိတ်ပေးဖို့ ကျုပ် ကို ပြောနေတာလား။ စီးရီးပွဲဖျက်ပစ်လိုက်ရမလား၊ သမ္မတ လည်း မလာနဲ့လို့သာ ပြောလိုက်"

တွမ်ရိဂျ်က ပြန်ဆက်ပါမယ်လို့ဆိုရာ ဂူလီယံနီက မပြောတော့ဘူး။ တွမ်က ပြန်ဆက်ပြီး ဂူလီယံနီရဲ့ အစီအစဉ် တွေ အတိုင်းသာ လုပ်ပါတော့လို့ ပြောပါတယ်။

အဲဒီနေ့က သမ္မတဘုရှ်လည်း ပွဲကိုလာဖွင့်ပေးရော ရဲ

အရာရှိ ၁၂၀၀၀ နဲ့ F-14 ဂျက်လေယာဉ် (၂) စီးတို့က ယန်းကီးကွင်းကြီး Yankee Stadium ကို လုံခြုံရေးတာဝန်ယူ စောင့်ကြပ်ပေးနေကြပါတယ်။

မာရသွန်ပွဲကြီးကိုရော ရွှေ့ကြမလားလို့ ဂူလီယံနီတို့ အချင်းချင်း တိုင်ပင်ကြပါသေးတယ်။ မရွှေ့ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။

မြို့တော်ကို လုပ်ငန်းကိုင်ငန်းတွေနဲ့ ရှင်သန်နေအောင် လုပ်ထားရမယ်လို့ ရဲမင်းကြီးကို ဂူလီယံနီက ပြောလိုက်ပါတယ်။

နယူးယောခ်မှာ ကမ္ဘာ့စီးရီးပွဲကစားနေတုန်းမှာ အဝေးပွဲတွေအတွက် စီစဉ်ဖို့ ဂူလီယံနီ အာရီဇိုးနားကို ခဏသွားညှိလိုက်ပြီး ချက်ချင်းပြန်လာခဲ့ပါတယ်။

နိုင်ဝင်ဘာ (၃) ရက်နေ့က ဖီးနစ်မြို့မှာ သူ့ယန်းကီးအသင်း ရှုံးနေတုန်း သူ့လူတွေက နယူးယောခ်မြို့တော်ခန်းမမှာ ထောင့်သန်းရောဂါပိုးတွေ့တယ်လို့ လာသတင်းပို့တယ်။ တကယ်တော့ ရောဂါက ဒီလောက် စိုးရိမ်စရာ အဆင့်မဟုတ်ပါဘူး။ ဂူလီယံနီကလည်း ထောင့်သန်းရောဂါရော ယန်းကီးတို့ ရှုံးတဲ့ပွဲကပါ သူစိတ်ဓာတ်ကောင်းကောင်းနဲ့ ဦးဆောင်နေတဲ့ အနေအထားကို နှောင့်ယှက်နိုင်ကြမှာ မဟုတ်ပါဘူး။

ပွဲပြီးတဲ့ညပဲ နယူးယောခ်ကို ပြန်လာပြီး တနင်္ဂနွေမနက် မာရသွန်တာလွတ်ပွဲကို အားပေးလိုက်ပါသေးတယ်။

အောင်မြင်တယ်။

ဗုံးတွေဘာတွေ ပေါက်ကွဲတာမရှိဘူး။ ပွဲတွေ လမ်းတွေနဲ့ ပေါက်ကွဲမှုတွေလည်း မရှိတော့ လူတွေပေါ့ပါးရွှင်လန်းလာကြတဲ့ အဲဒီနေ့မှာ ဂူလီယံနီကတော့ အသင့်ပဲ ရှိနေခဲ့ပါသေးတယ်။

“ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဗဟိုဌာနကြီးကို အကြမ်းဖက် ဖြိုချတာရယ်၊ ထောင့်သန်းရောဂါပိုးတွေရယ်တို့ဟာ အကြမ်းဖက်သမားတွေက လုပ်တာဖြစ်ဖြစ် သူရူးတွေက လုပ်တာပဲဖြစ်ဖြစ် ကျွန်တော်တို့ နားလည်ထားကြရမှာက သူတို့နဲ့ ကျုပ်တို့ပွဲ မပြီးသေးဘူးဆိုတာပါပဲ”

“သူတို့ တခြားနည်းလမ်းတွေနဲ့ လုပ်လာကြလိမ့်ဦးမယ်လို့သာ မျှော်လင့်ထားကြ”

အရည်သွေးပြည့်ဝတဲ့လူ

နယူးယောခ်မြို့တော်ဝန် အတော်များများဟာ အရှုံးနဲ့အဆုံးသတ်ခဲ့ကြရတာ များပါတယ်။ မြို့တော်ရဲ့ လိုလားမှုကို မဖြည့်စွမ်းနိုင်ခဲ့ကြပါဘူး။

တိုင်း စကွဲယားရင်ပြင်မှာ ၂၀၀၂ ခုနှစ် ဇန်နဝါရီ(၁)ရက် သန်းခေါင်ကျော်စမှာ ဘီလီယံကြွယ်ဝသူ ‘မိုက်ဘလွန်းဘဂ်’ကို မြို့တော်ဝန်တာဝန်၊ ရှုဒီဂူလီယံနီက လွှဲပြောင်းပေးတဲ့အခါမှာတော့ မြို့တော်ဝန် ဂူလီယံနီရဲ့ အောင်ပွဲတွေ အထွတ်အထိပ်ရရှိနေတဲ့အချိန်ဖြစ်နေပါတယ်။

ဘလွန်းဘဂ်ကို ရုပ်သံကနေ ဂူလီယံနီ ထောက်ခံမှုပေးလိုက်တဲ့ တစ်ချက်နဲ့ပဲ မြို့တော်ဝန်ရွေးကောက်ပွဲ ရေစီးကြောင်း ပြောင်းသွားပြီး ဘလွန်းဘဂ်မြို့တော်ဝန်သစ် ဖြစ်လာခဲ့တာပါ။

ဂူလီယံနီ စွန့်ခွာလာခဲ့တဲ့ မြို့တော်တာဝန်တွေဟာ စီးပွားရေးအလုပ်နဲ့ စရင်ဆိုင်ရပြီး အသုံးစရိတ်တွေ လျှော့ချရတာ ကြုံနေရပါပြီ။

ကျောင်းတွေက သူတက်စထက် နည်းနည်းလေးပဲ ပို

ကောင်းလာပါသေးတယ်။ ရဲသားတွေကလည်း ပဉ္စမရိပ်သာဆီက အိမ်မဲ့ရာမဲ့တွေကို ပထုတ်နေရဆဲပါ။

ဒါပေမဲ့ အပြောင်းလဲဆုံးကတော့ ဂူလီယံနိပဲ ဖြစ်ပါတယ်။ မြို့တော်ဝန်တာဝန် လွှဲပြောင်းပေးအပ်လိုက်တဲ့ ဂူလီယံနိဟာ ကမ္ဘာ့ခေါင်းဆောင်များ စာရင်းဝင် ဖြစ်သွားနေပါပြီ။

ဂျေရဆလင်လမ်းတွေပေါ် လူပ်ရှားကုန်အောင်လည်း သူပင့်ပေးခဲ့တယ်။

သူ့အိမ်းမေးလ် သဝဏ်လွှာကြောင့် ဗြိတိန်က ဘုရင်မကြီးက ဖေဖော်ဝါရီမှာ သူကောင်းပြု ဆာဘွဲ့အပ်နှင်းပါတော့မယ်။

ဒေါ်လာ (၃) သန်းတန် စာအုပ် (၂) အုပ်အတွက်လည်း စာချုပ်ထားတယ်။

နက်ဝပ်ကွန်ရက်တွေကလည်း ဂူလီယံနိကို ဆက်သွယ်စရန် သတ်ချင်နေကြတာ တွေ့နေတယ်။

ဂူလီယံနိ ဟောပြောပွဲကြေးက ဒေါ်လာ ဂဏန်း (၆) လုံး အဆင့်ရောက်သွားတယ်။

အတိုင်ပင်ခံ အကြံပေးအဖွဲ့တစ်ရပ်လည်း အပေါင်းအသင်းတွေနဲ့ ထူထောင်မယ်ကြားတယ်။

ဒါပေမဲ့ ဂူလီယံနိ အစီအစဉ်မှာ ရှင်းနေတဲ့ အခြေခံအချက်တစ်ချက်က သူဘယ်သူ့လက်အောက်မှာမှ မလုပ်နိုင်ပါဘူးဆိုတဲ့ အချက်ပါပဲ။

သူ့ဇနီးနဲ့ ကွာရှင်းတာ ပြီးပြတ်တော့မယ်။ နာသန်နဲ့လက်ဆက်မယ်လို့ ထင်ကြေးက ကျော်ကြားလွန်နေပေမဲ့ ဂူလီယံနိက အတည်မပြုသေးပါဘူး။

ရှေ့ခရီးမှာ သားနဲ့သမီးကို ဂူလီယံနိ က ပိုအချိန်ပေးချင်နေတယ်။

၉/၁၁ လို ကာလက လွန်မြောက်စမှာတောင် သားအင်ဒရူးရဲ့ ကျောင်းက ဘောလုံးပွဲ (၉) ပွဲမှာ (၈) ပွဲ သွားအားပေးခဲ့ပါသေးတယ်။ သမီးအင်ဒရူး ကျောင်းကပွဲကိုလည်း သွားကြည့်ခဲ့ပြီး ကမ္ဘာကုန်သွယ်ရေး ဗဟိုဌာနကြီး ပျက်တဲ့ဆီကို သမီးကို ခေါ်ပြခဲ့ပါတယ်။

“သမီး စိတ်မကောင်းတော့ ဖြစ်ပါတယ်။ စိတ်တော့ မထိခိုက်ပါဘူး။ အဖေ ကျွန်တော့်ကို ပြုစုစောင့်ရှောက်ခဲ့တာလို ကျွန်တော်လည်း တာဝန်ကျေရပါမယ်။ ကြောက်စရာကို ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာလည်း သူတို့ကို လေ့ကျင်ပေးရမယ်။ ကြောက်နေပေမဲ့ ဘဝလမ်းကို ဘယ်လိုလျှောက်ရမယ်ဆိုတာလည်း သင်ပေးမှ ဖြစ်မယ်”

ဒီလိုစိတ်ကြီးတဲ့ ဂူလီယံနီဟာ ကျန်းမာနေသေးသရွေ့ ကြီးတဲ့မြင့်တဲ့ အဆင့်တစ်ခုကို တက်လှမ်းဦးမှာက သေချာနေပါတယ်။

သူ့နိုင်ငံရေးလှုပ်ရှားမှုအဖွဲ့ကို ဆက်ထားရုံတင်မကဘူး ဆက်လည်း လှုပ်ရှားခိုင်းထားပါတယ်။ ဘယ်နေရာမှာ ပွင့်လာမလဲ၊ အခွင့်သာမလဲ ဂူလီယံနီ ဝင်တော့မှာက သေချာနေတယ်။

၅၇ နှစ်ဆိုတာ ငယ်ပါသေးတယ်။ အချိန်တွေ အများကြီးရပါတယ်။ ပြည်နယ်တွင်း အတွင်းဝန်လို အလုပ်မျိုးလည်း မလုပ်ချင်ဘူး။ ပါတာကီကို ရီပတ်ဘလစ်ကန်ချင်းတိုက်ပြီး ဂါဘာနာအုပ်ချုပ်ရေးမှူးအလုပ်ကို မယူချင်ဘူး။ သူမသိမသာ လုံအောင်မဖုံးပေမဲ့ အသိခံ အပေါ်ခံထားတာကတော့ သမ္မတလုပ်ချင်စိတ်ဖြစ်တယ်။ ဒါကြောင့်လည်း ဆီးနိတ် ဝင်အရွေးခံချင်ပြီး ဘုရှ်နဲ့တွဲ သမ္မတရွေးပွဲ ဝင်ချင်နေတာပါ။

“သမ္မတကသာ မေးရင် ခင်ဗျားဘာဖြေရမှန်း သိမှာ

မဟုတ်ပါဘူး”ဂူလီယံနီက ပြောတယ်။ ဘုရှိကတော့ မေးမှာ မဟုတ်တာ သေချာတယ်။

“ရှေ့ခရီးမှာ ပြောတာပါ။ ခုတော့ ကျုပ် ဘာမှမလုပ်သေးပါဘူး။ စက်တင်ဘာ (၁၁) မတိုင်မီက ကျုပ်အတွက် ကိုယ်ပိုင်အချိန်ရနိုင်ဖို့သာ ရှာကြည့်နေခဲ့ပါတယ်။ နားပြီးဖြစ်ခဲ့တာတွေကို ပြန်စဉ်းစားကြည့်ဖို့ လိုနေတယ်။ (၇၂) နာရီလုံးလုံး သွေးရှိန်မြင့်ပြီး ပြဿနာတွေ အတက်ခံပြီး လူပ်ရှားနေခဲ့ရတာကလည်း တော်တော်အခံရခက်နေပါပြီ။

ခုထိ နားခဲ့ရတာ မိနစ် (၄၀) ပဲ ရှိပါသေးတယ်။ စက်တင်ဘာ (၁၃) အထိ ရဲသိပ်ပံမှာ (၃) ရက်လုံးလုံး မနားခဲ့ရဘူး။

သမ္မတက ပစ်မှတ်အခြေဗဟိုချက် Ground Zero လာ ကြည့်မယ်ဆိုတော့ မြို့တော်ရဲ့ လမ်းတွေက ဖွင့်တောင်မဖွင့်ရသေးဘူး။ ပြီးတော့ ထိခိုက်ဒဏ်ရာရ သေဆုံးတဲ့အရေအတွက်ကလည်း လူတစ်ယောက်ခံနိုင်ဖို့ မလွယ်တဲ့ အရေအတွက်ဖြစ်နေပါတယ်။

ပထမနေ့ညအထိ ကယ်ထုတ်လို့ရသမျှလူတွေက တစ်ယောက်မှ အသက်ပါမလာကြရှာပါဘူး။

နောက်ထပ် ကယ်တင်နိုင်ဖို့ဆိုတာကလည်း မလွယ်တော့ပါဘူးလို့ မြို့တော်ဆေးစစ်အရာရှိ ဒေါက်တာနီးလ်ဟီရှ်က ပြောတယ်။

ကမ္ဘာတစ်ဝန်းက မြေငလျင်ဒဏ် ခံခဲ့ရပုံတွေကို ဆရာဝန် ကြီးက ပြောပြပြီး ဒီမှာ မျှော်လင့်ချက်မရှိတော့တာကို သဘော ပေါက်စေပါတယ်။

“ဒီကနေ့ နယူးယောခ်မြို့တော်သူ မြို့တော်သားတွေပါသူတို့ကို နောက်ထပ် ရက်သတ္တပတ် တစ်ပတ်ထပ်ပြီး အချိန်

ပေးလိုက်ပါ”

သူမြို့တော်ကို တန်ဖိုးထားလွန်းတဲ့ ဂူလီယံနိက ကယ်ဆယ်ရေးအဖွဲ့ကို (၇)ရက် ထပ်ကြိုးစားခိုင်းတယ်။

ဂူလီယံနိ စွန့်စားမှုက လမ်းဆုံးတော့ ရောက်နေပြီလို့ နာသန်က သိလိုက်ပါတယ်။

ဂူလီယံနိရဲ့ လျှောက်နေတဲ့ ကြိုးတန်းမှာ အဆုံးရှိတယ်ဆိုတာကို မသိဘူး။ ခု အဆုံးက ဒီမှာပါ။

ဂူလီနိယံရဲ့ ရုံးခန်းငယ်ငယ်လေးဆီကို ဆုတ်လာပြီး ခိုလိုက်ကြတယ်။

နာသန်ဖန်တီးထားတဲ့ ခိုနားစရာ နေရာလေးပါ။

“ခဏတော့ နားဖို့လိုမယ်ထင်တယ်”

“နည်းနည်းပါးပါးပေါ့”

နာသန် အယုအယကို ရှဒိက လိုက်လျောသလို ဖြေပါတယ်။

“အေးအေးဆေးဆေး လမ်းလျှောက်ထွက်ရအောင်”

“အဲဒီလောက်တော့ မဖြစ်ဘူး။ ငါ ဘယ်လိုလုပ် အချိန်ရပါ့မလဲ”

နာသန်ကတော့ အလျှော့မပေး အရခေါ်တယ်။ အပြင်မှာ ဒုတိယမြို့တော်ဝန်တွေက အလုပ်တွေနဲ့ ဝိုင်းစောင့်နေကြမယ်လို့ နာသန် သိတယ်။ ဂူလီယံနိ ရဲ့ အနီးကပ်ကို ခေါ်ပြီး ထွက်ပေါက်ရှာတယ်။ နောက်ပေါက် မီးဘေးထွက်ပေါက်နဲ့ လျှိုထွက်ပြီး SUV နဲ့ ခေါ်ထုတ်သွားခိုင်းလိုက်တယ်။

နာသန်က ချန်နေခဲ့တယ်။

သူ့ကို တစ်ယောက်တည်း သွားစေချင်တယ်။ သူ့စိတ်ကူးလေးတွေ ရှိသမျှကိုလည်း တစ်ယောက်တည်း တွေးနိုင်

စေချင်တယ်။

နာသန်ရဲ့ အတွေးနဲ့ အစီအမံပါ။

မကြာလိုက်ဘူး။ လက်ထောက်တွေ အခန်းထဲ တိုးဝင်လာကြပါတယ်။

“ဘယ်မလဲ၊ သူဘယ်မလဲ”

“သူ ခဏလမ်းလျှောက်ထွက်သွားတယ်”

“ဘာ ... ဘယ်ကိုလဲ”

သူတို့က ဝိုင်းလိုက်ကြဖို့ အသင့်ဖြစ်နေကြပါတယ်။

ဒါပေမဲ့ ဂူလီယံနီ က သွားပြီ။

သူ ကွပ်ကဲရေးစခန်းက ထွက်လာလို့လည်း ခဏပဲရှိသေးတယ်။ ဂူလီယံနီက ကားကို ရပ်ခိုင်းလိုက်တယ်။ ကားပေါ်က ဆင်းပြီး ‘ပထမရိပ်သာ’ထဲ လျှောက်ဝင်သွားတယ်။ ပီတာကူးပါးရွာကို ဖြတ်တယ်။ အုတ်တိုင်ဟောင်းကြီးတွေနဲ့ လူလတ်တန်းစားဆရာတွေ၊ သူနာပြုတွေ၊ ရဲတွေ၊ ရုံးဝန်ထမ်းတွေ လူထုအလွှာစုံပဲ။

သူ့လုံခြုံရေးတွေ နေခဲ့ဖို့ သူတစ်ယောက်တည်း လျှောက်သွားခွင့်ပေးဖို့ ပြောလိုက်ပါတယ်။

လူတွေက သူ့ကို တွေ့သွားကြပြီး တစ်ခါထပ်ကြည့်ကြပြန်တယ်။

တချို့ကလည်း မဝံ့မရဲနဲ့ တိတ်တိတ်ကလေး အနားကပ်လာကြတယ်။

နယူးယောခ်မြို့တော်သူ၊ မြို့တော်သားတိုင်း သူတို့မြို့တော်ဝန်ကို ပြောချင်တာပြော မေးချင်တာမေးလို့ရပါတယ်။

ဒါပေမဲ့ ဒီညတော့ အဲဒီမေးခွန်းအရေးမယူကြပါနဲ့။

ဒီညတော့ တချို့က ပွေ့ဖက်လိုက်ကြတယ်။ တိုးတိုး

လေးလည်း နှုတ်ဆက်သူက နှုတ်ဆက်လိုက်ကြတယ်။

ဒါပေမဲ့ ဂူလီယံနီကို တစ်ယောက်တည်း အေးအေးဆေးဆေး လမ်းလျှောက်ခွင့်ပေးလိုက်ကြတယ်။

သူ အရှေ့ကို လျှောက် FDR ကားဝင်လမ်းလိုဏ်ထဲကို ဝင်သွားတယ်။ ပြီးတော့ အရှေ့မြစ်ကမ်းဆီဦးတည်လိုက်တယ်။

“ကျွန်တော် သွားကြည့်ချင်တယ်”

“ကျွန်တော် အရှေ့မြစ်ကို ကြည့်ချင်တယ်။ အဲဒီမှာရှိ သေးလားလို့”

ဒီလိုပြောသွားခဲ့တဲ့ ဂူလီယံနီဟာ မြစ်ရေပြင်မည်းမည်းကို ကြည့်ပြီး ပြန်လှည့်လာခဲ့တယ်။

“မိုးကုပ်စက်ဝိုင်းအခြေကိုလည်း ကျွန်တော် ကြည့်လိုက်တယ်”

“အဲဒီမှာလည်း အဲဒါက ရှိနေပါသေးတယ်”

အဲဒီကမှ သူ့အလုပ်ဆီ သူပြန်လာခဲ့ပါတယ်။

Time: Dec 13, 2001-Jan 7,2002.

ဂူလီယံနီ ရဲ့ ၉/၁၁ပါးစပ်ရာဇဝင်

စက်တင်ဘာ ၁၁ နံနက်က ရှုဒီဂူလီယံနီ နယူးယောခ် ပင်နိုဆူလာ ဟိုတယ်မှာ သူ့ကိုယ်ရံတော် ဒင်နီဆန်ယန်ဂျူရီယာ၊ ကာလီဖိုးနီးယား အုပ်ချုပ်ရေးမှူး ရွှေးကောက်ပွဲဝင်နေတဲ့ သူ့မိတ်ဆွေစီးပွားရေးသမား ဘီလ်ဆင်မွန်တို့နဲ့ နံနက်စာစားနေခဲ့တယ်။ စားပြီးစမှာပဲ ဖုန်းသံကြားရလို့ ကိုင်လိုက်တော့ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနကို လေယာဉ်တစ်စင်းက ဝင်တိုက်တယ်တဲ့။

ရှုဒီဂူလီယံနီ ။ ။ ကျုပ် ပထမဆုံး တွေးမိလိုက်တာက မဖြစ်နိုင်ဘူးဆိုတာပါပဲ။ ဒါ ဘယ်လိုလုပ်ဖြစ်နိုင်မလဲ။ လေယာဉ်ဆိုတာ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနကို ဝင်မတိုက်ပါဘူး။ တို့ ဘာအကြောင်းတွေ ပြောနေမိပါလိမ့်။

(ဖြစ်ပွားရာကို အသွား ဂရင်းနစ်ရွာကိုဖြတ်လိုက်တယ်။ မြို့တော်ဝန်ရဲ့ ချက်ပလက်စူပါဘင်ကား စိန့်ဗင်ဆင့် ဆေးရုံနားအရောက်မှာ) လမ်းပေါ်မှာ လူနာထမ်းစင် ခြောက်ခုလောက်နဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ခွဲစိတ်ခန်းဝင်ဝတ်စုံတွေနဲ့ ကျုပ်တွေ့လိုက်ရပါတယ်။ အင်း သူတို့သိရမယ်။ အခြေအနေကတော်တော်ဆိုးနေပြီ။ အဲဒါ ဒုတိယလေယာဉ် ဝင်တိုက်ချိန်

လောက် ရှိပါလိမ့်မယ်။

ဘားနဒ်ကီရတ်။ ။ ကုန်သွယ်ရေးဗဟိုဌာနမှာ ရောက်နေတဲ့ ရဲမင်းကြီး။

ပေါက်ကွဲမှုက တော်တော်ကြီးတယ်။ ဘုရားရေ... တို့ တော့ အတိုက်ခံနေရပြီလို့ တွေးလိုက်မိတယ်။ တွန်းလှည်းနဲ့ စျေးသည် လူမည်းတစ်ယောက်ကို လမ်းပေါ်မှာ တွေ့လိုက်ပါတယ်။ မိုးပေါ်က လူတွေ ခုန်ချလာတာလည်း မြင်လိုက်ရော အဲဒီလူလည်း ဘာလုပ်ရမှန်းမသိတော့ဘူး။ ကျုပ်ဆီပြေးလာပြီး ကျုပ်ကို ဆွဲထားတော့တာပါပဲ။ ဒီပြင် လူတစ်ယောက် အကူအညီနဲ့ သူ့ကို ဆွဲဖယ်ပစ်ရပါတယ်။ ကျုပ်နားထဲ သူကုန်းအော်နေတော့ ကျုပ်လည်း ဘာမှလုပ်မရတော့ဘူး။

ဒါက မြို့တော်ဝန် ရောက်မလာခင် မိနစ်ပိုင်းလေးမှာပါ။

ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုဌာန (၇) မှာ ဖြစ်သလို ဖွင့်ထားတဲ့ သူ့ကွပ်ကဲရေးဌာနချုပ်နားအထိ ဂူလီယံနီက သူ့ကားကို ရောက်အောင် မောင်းဝင်လာခဲ့တယ်။ ဒါပေမဲ့ ဒေါ်လာ (၁၃) သန်းတန် သူ့ကတုတ်ကျင်းက မိုးထိတိုက်ညီနောင် အရိပ်ကနေ ဆုတ်ခွာဖယ်ရှားနေရပါပြီ။ (အဲဒီနေ့က မကြာမီ ဂူလီယံနီရဲ့ကတုတ်ကျင်းလည်း ပြိုပျက်သွားပါတယ်)

မြို့တော်ဝန်က ရောက်လာတာနဲ့ သူ့ထိပ်တန်းအရာရှိကြီးတွေကို ရှာတယ်။ သူတို့တစ်တွေလည်း စုမိရော ကွပ်ကဲဖို့ နေရာထပ်ရှာကြရတယ်။

ဂူလီယံနီ။ ။ ကျုပ် အိမ်ဖြူတော်နဲ့ တိုက်ရိုက်အဆက်အသွယ်ရယူပြီး လေတပ်ရဲ့ အကာအကွယ် တောင်းချင်တယ်။ တံတားတွေနဲ့ ဥမင်တွေ လိုဏ်တွေကို တို့ပိတ်ပြီးကြပြီလား။

ကီရတ်။ ။ ကျုပ်ရဲ့ လူတစ်ယောက်ကို လှမ်းအော်လိုက်တယ်။ 'မင်း ကောင်းကင်ယံကို ပိတ်ထားလိုက်မှဖြစ်မယ်' ကျုပ်က ရဲမင်းကြီးပဲ၊ စစ်တပ်ရဲ့ ဗိုလ်ချုပ်မှ မဟုတ်ဘဲ။ ကျုပ်မှာ F-16 တိုက်လေယာဉ်တွေ မရှိဘူးလို့ အော်လိုက်ပါတယ်။ 'လေကြောင်းလမ်းတွေကို ပိတ်လိုက်၊ တစ်ယောက်ကို ရအောင် ခေါ်ပြီး ဘယ်သူ့ကိုပဲ ဖြစ်ဖြစ် ပြောလိုက်စမ်း၊ အဲဒီကို ဆက်ဖို့ ဖုန်းနံပါတ်ရှိသလား။

သုံးဘလောက်အကွာမှာ မီးသတ်က ခေတ္တရုံးစိုက်ထားတဲ့ ဆီကို တစ်ဖွဲ့လုံး လျှောက်သွားခဲ့ကြတယ်။ သူ့နောက်ဘက်လမ်းက အမေရိကန် အိတ်စပရက် အဆောက်အအုံရှေ့မှာပါ။

ဂူလီယံနီ။ ။ အနောက်လမ်းတောင်ဘက်လည်း ချိုးလိုက်ရော အတိုက်ခံရတဲ့ တကယ့်မြင်ကွင်းကို တွေ့ရပါပြီ။ ဘယ်လိုတွေ့ရတယ်လို့ ပြောချင်သလို ပြောကြ၊ မြင်ရတာကတော့ အတော်ဆိုးပါတယ်။ အဆောက်အအုံကြီးရဲ့ ထိပ်မှာ မီးလောင်နေပါပြီ။ ကျုပ်လည်း မော့ကြည့်လိုက်တော့ မိုးထိတိုက်ကြီး ထိပ်ကို မြင်လိုက်ရတယ်။ လူတစ်ယောက်က ခုန်ချလိုက်တယ်။ အထပ် (၁၀၀) ကျော်လောက်က ဖြစ်မယ်။

ကီရတ်။ ။ အဲဒီရောက်တာနဲ့ တွေ့ရမှာက လူတွေ ခုန်ချနေကြတာကိုပဲ တွေ့ရမယ်။ အဲဒါကိုလည်း ကိုယ်က ဘာမှ မတတ်နိုင်ဘဲ ကြည့်နေရတယ်။ ဘယ်လိုလဲဆိုတာ ပြောပြလို့ မရနိုင်တဲ့ ခံစားမှုပါ။ မြို့တော်ဝန်လည်း ကြည့်နေရင်းက မခံနိုင်တော့လို့ ဆောင့်ကန်လိုက်တယ်။

ဂူလီယံနီ ။ ။ မီးသတ်မင်းကြီး ပီတာဂန်ချီနဲ့ တွေ့ပြီး လူတွေကို ကျုပ် ဘာပြောရမလဲ မေးလိုက်ပါတယ်။ သူက အား

လုံးလှေကားက ဆင်းခဲ့လို့ ပြောလိုက်ပါ။ ကျုပ်တို့လူတွေ လှေကားအတိုင်း တက်လာနေပြီလို့လည်း ပြောပါ။ ပြီးတော့ ကျုပ်ကို ကြည့်ပြီး ဂန်ချီက ထပ်ပြောပါတယ်။ "မီးလောင်နေတဲ့ အောက်က လူတွေအားလုံးကိုတော့ ကျုပ်ကယ်နိုင်မယ် ထင်တယ်" သူပြောနေတဲ့အတိုင်းဆိုရင် အားလုံးသွားပြီပေါ့။ မီးလောင်တဲ့အပေါ်က ရှိတဲ့ လူအားလုံး သေကြပေါ့။ လူတွေသူတို့လည်း အမြန်ဆုံး လှုပ်ရှားနေတယ်လို့ ပြောတယ်။ ကျုပ်လည်း သူလက်ဆွဲနှုတ်ဆက်အပြီး ကံကောင်းပါစေ၊ ဘုရားသခင်မပါစေလို့ ဆုတောင်းလိုက်ပါတယ်။ တစ်ယောက်ကို တစ်ယောက် စပြီး ပွေ့မလို့ လုပ်လိုက်ကြပါသေးတယ်။ ပထမဒုတိယမင်းကြီး ဘီးလ်ဖိဟန်ကိုလည်း နှုတ်ဆက်လိုက် ပါတယ်။ တပ်ရင်းမှူးရေးဒေါနေကိုတော့ လက်ပြနှုတ်ဆက် လိုက်တယ်။ ဂရေစီဂေဟာမှာသူနဲ့သူ့အဖွဲ့တွေအတွက် ညစာ ကျွေးခဲ့ပြီးစပဲ ရှိပါသေးတယ်။ ခု သူတို့ တစ်ဝက်လောက် မရှိကြတော့ဘူး။ ဒါကြောင့် သူ့ကို လက်ပြကြတာ။ အပြီး နှုတ်ဆက်ခဲ့တာမျိုးလို့ ကျွန်တော် မတွေးမိပါဘူး။ မတတ်နိုင် ဘူးလေ ကျုပ်လူတွေတော့ လုံခြုံတယ်၊ မီးလောင်နေတဲ့အထပ် ကိုမှ မတက်နိုင်ခဲ့ကြပဲကိုး။ မီးသတ်တွေ မီးလောင်နေတဲ့ အပေါ် ရောက်နိုင်ဖို့ဆိုတာက အန္တရာယ်က သိပ်ကြီးပါတယ်။

တိုနီကာဘိုနက်တီ။ ။ ဂူလီယံနီရဲ့ ရုံးအဖွဲ့မှူး

ဂူလီယံနီ ဘာလုပ်ရမှန်းမသိဖြစ်နေတယ်လို့ ခင်ဗျားတို့ ပြောချင်ပြောကြပေါ့။ ဒါပေမဲ့ သူကတော့ သူ့ပုံအတိုင်း ဟန်မပျက် သူ့မီးသတ်အကြီးအကဲတွေနဲ့ ဘယ်လိုငြိမ်းရမလဲ ဆိုတာ သူအမြဲသိချင်နေတယ်။

ဂူလီယံနီ။ ။ ရဲနဲ့ မီးသတ်မင်းကြီးတွေ အကုန် ကျုပ်နဲ့ ရှိစေ

ချင်တယ်လို့ တိုနီ့ကို ကျုပ်ပြောလိုက်တယ်။ အားလုံး အတူ ရှိဖို့လိုတယ်။ မီးသတ်မင်းကြီး တော်မီဗွန်အယ်ဆန်က သူ့နေရာမှာ သူရှိနေချင်တယ်ဆိုတာကို ကျုပ် သိပါတယ်။ ဒါပေမဲ့ ကျုပ်က သူ့ကို ကျုပ်အနားမှာ ရှိစေချင်တယ်။

ဆန်နီမင်ဒဲလ်။ ။ ဆက်သွယ်ရေးညွှန်ကြားရေးမှူး

"ကျုပ်တို့လူတွေနဲ့ စကားပြောနေမှ ဖြစ်မယ်၊ ကျုပ်တို့လူထုနဲ့ ဆက်သွယ်ထားရမယ်။ သတင်းစာရှင်းလင်းပွဲလည်းလုပ်"လို့ မြို့တော်ဝန်က မပြတ် ပြောနေပါတယ်။

ဗွန်အယ်ဆန်။ ။ "မြို့တော်ဝန်က ခေါ်နေတယ်"လို့ ကျုပ်ကို ပြောကြပါတယ်။ အဲဒါက ကျုပ်ကို အမြဲဒုက္ခပေးတယ်။ ကျုပ်က ဒီကမှ မခွာချင်တာ။ ရယ်စရာကောင်းတာက ကျုပ်သူ့ဆီသွားသာသွားနေရင် သေမှာမဟုတ်ဘူး ဆိုတာ သိပါတယ်။ သူသွားတွေ့ရင် မသေပါဘူးဗျာ။ ကျုပ်လူတွေ တော်တော်များများလည်း ပထမပြိုကျတော့ သေမှမသေဘဲ။ ဒုတိယကျတော့မှသာ နောက်နာရီဝက်လောက်နေဆို မြို့တော်ဝန်က သူ့ရှာတွေ့သွားတဲ့အထိ နေလိုက်တယ်။

စကားပြောတဲ့ဖုန်းတွေ တွေ့လိုတွေ့ညား ရှာကြရင်းနဲ့ 75-Barelay လမ်းက အဆောက်အအုံ မထင်မရှားမှာ ဂူလီယံနီတို့ ရုံးဖွင့်ပြီး အိမ်ဖြူတော်က သမ္မတရဲ့ ဒုတိယလက်ထောက် ခရစ်ဟင်းနစ်နဲ့ အဆက်အသွယ်ရလိုက်တယ်။

ဂူလီယံနီ။ ။ ကျုပ်တို့လေကြောင်းအကာအကွယ်ရနိုင်မလားမေးတော့ သူက လေယာဉ်တွေ လွှတ်လိုက်တာ (၁၂)၊ (၁၅) မိနစ်လောက်ရှိပြီ။ အဲဒီကို ရောက်လောက်ပါပြီ။ ပင်တဂွန်ကိုရောထိသေးလားမေးတော့ သူက ထိတယ်။ အိမ်ဖြူတော်ကနေ ခွာထားလို့ သမ္မတကိုတော့ ခုခင်ဗျားပြောလို့ မရနိုင်သေးဘူး။

ဒါပေမဲ့ ဒုတိယသမ္မတက ခင်ဗျားဆီ ပြန်ဆက်သွယ်လိမ့်မယ်။ “ခင်ဗျားကရော ခေါ်မှာလား ခရစ်”မေးတော့ သူက “ကျုပ် မသိဘူး၊ ကျုပ် ခုခွာရတော့မယ်၊ ပြန်ခေါ်နိုင်လိမ့်မယ် ထင်ပါ တယ်”ဒီလို အဆက်အသွယ်စကားပြောရလိမ့်မယ်လို့ကို မထင် ပါဘူး။ ပြီးတော့ သူတို့လည်း အိမ်ဖြူတော်က ခွာနေကြပြီတဲ့။

ကျုပ်တခြားအခန်းကို ရောက်တော့ အတွင်းရေးမှူးက မြို့တော်ဝန် ဒုတိယသမ္မတက ပြောနေပါတယ်။ ကျုပ်လည်း ဖုန်းကို ကိုင်ပြီး စောင့်နေလိုက်တာ ကလစ်ခနဲမြည်ပြီး ပြတ် သွားတယ်။

ကီရတ် ။ ။ ‘ဝပ်နေကြ’လို့ တစ်ယောက်က အော်ဝင်လာ ကြတယ်။ တံခါးတွေလည်း ပွင့်ထွက်ပြီး အားလုံး ခါယမ်းနေ တယ်။ ငလျင်လှုပ်နေသလိုပဲ။ မီးခိုးတွေ၊ ဖုန်တွေလိမ့်ဝင်လာ တယ်။ ခုန်အောက်တိုးဝင်သူက ဝင်ကြတယ်။ ကျုပ်တို့လည်း မြို့တော်ဝန်ကို နောက်ပိုင်းကို တွန်းပို့နိုင်သလောက် ပို့လိုက် တယ်။

ဂူလီယံနီ။ ။ အသံတွေကြားတော့မမှတ်တော့ဘူး။ ခုံတွေက တော့ လှုပ်နေတယ်။ အဆောက်အအုံပြိုတယ်လို့တော့ မထင် ဘူး။ မိုးထိတိုက် နံပါတ် (၁) ပေါ်က မိတာ ၁၁၀ မြင့် ရေဒီယို တိုင်ကြီး ပြုတ်ကျလာတယ်လို့ ထင်ခဲ့တယ်။ ကြည့်လိုက်တော့ မှ နျူကလီးယားဗုံးပေါက်ကွဲတယ်လို့ ထင်ရတယ်။ ဒီနေရာက ခွာကြမှဖြစ်မယ်လို့ သိလိုက်ရပါတယ်။ ဒါပေမဲ့ ထွက်လို့မရ ဘူး။ အဲဒီတော့မှ အဆောက်အအုံက လူနှစ်ယောက်ပေါ်လာ ပြီး ဒီအောက်ကနေ ဟိုဘက်တိုက်ဆီကို ထွက်ပေါက်ရှိတယ် လို့ လာပြောပါတယ်။ အရှေ့ဘက်ကို ထွက်ရတော့မယ်။ သွား ရင်းနဲ့ပဲ သံတံခါးတွေ သော့ခတ်မထားပါစေနဲ့လို့ ဆုတောင်း

ရင်းနဲ့ ဒီအထဲမှာလည်း ပိတ်မိနေနိုင်တယ်လို့ တွေးလိုက်မိတယ်။

ဆက်သွားကြရင်းနဲ့ ထွက်ပေါက်တံခါးတွေ့လို့ တွန်းလိုက်တော့ ပွင့်သွားတာကို တွေ့ရတယ်။ စိတ်သက်သာသွားပါတယ်။ (အဲဒီကနေ အနားက အဆောက်အအုံလည်း လူတွေတွေ့ဆုံကြတဲ့ ခန်းမကြီးထဲ ရောက်သွားပါတယ်။ 100 Church လမ်း ဖြစ်ပါတယ်)

အပြင်ကြည့်လိုက်တော့လည်း ပိုဆိုးတဲ့ နေရာကိုများ ရောက်နေသလားလို့ တွေးမိစေပါတယ်။ အပြင်မှာကလည်း ဘာတွေဖြစ်နေကြမှန်းမသိတဲ့အပြင် ဘယ်သူ့ကိုမှလည်း မတွေ့ရပါဘူး။

ကီရတ်။ ။ ဆုံလည်တံခါးပွင့်ပြီး ဒီလူဝင်လာပါတယ်။ တစ်ကိုယ်လုံးဖြူနေပြီ။ မျက်လုံးအိမ်ထဲက သွေးတွေ ထွက်နေပါတယ်။ ကျုပ်တို့ သူ့ကို ရှာနေကြတာပါ။ အနားကပ်ကြည့်တော့မှ ကျုပ်ရဲ့ လက်အောက်မင်းကြီး 'တီဘောကီရီကီးစ်'ဖြစ်နေတာတွေ့ရပါတယ်။ သူ့ကို သိခဲ့တာ ကြာလှပြီပဲ။

ဂူလီယံနီ။ ။ တီဘောက ကျုပ်ရဲ့ အနီးကပ်လုံခြုံရေးပါ။ သူက ခါးပတ်နက်ရတယ်။ အမာဆုံးတစ်ယောက်ဖြစ်တယ်။ သွေးတွေကလွဲရင် သူ့အဝတ်တွေက ဖြူနေတယ်။ ဒီလောက်မောပန်းနေတဲ့ တီဘောကို ကျုပ် တစ်ခါမှ မတွေ့ခဲ့ဖူးပါဘူး။ ပြီးတုန်နေတယ်။ အပြင်မှာ သိပ်ဆိုးတယ်လို့ သူက ပြောလို့ သူ့ကို ထိုင်ခိုင်းပြီး သက်သာအောင် လုပ်ပေးရပါတယ်။

ကီရတ်။ ။ မိုးထိတိုက်ကြီး ပြိုကျလာတော့ အနားကတိုက်ရဲ့ခွင်ကလေးထဲ သူပြေးဝင်အောင်းနိုင်လိုက်လို့ မသေတာတဲ့။ (၄) ပေလောက်သာကွာရင် သေပြီတဲ့။

ကာဘိုနက်တီ။ ။ အားလုံးဝိုင်းငြင်းခုံကြတယ်။ ပြီးတဲ့အထိ

ဒီမှာခိုနေကြဖို့နဲ့ ထွက်ကြဖို့ပါ။ မြို့တော်ဝန်က အဲဒီထဲမှာ မနေချင်ဘူး။ သူကတော့ ချက်ချင်းထွက်ချင်တယ်။ ရဲတွေက မထွက်ခွာမီ ဘာတွေဖြစ်နေလဲ ကြည့်ကြည့်ဦးစို့လို့ ပြောပေမဲ့ မရဘူး။ ဂူလီယံနီက ကဲ ... ထွက်ကြစို့တဲ့။

ဂူလီယံနီ။ ။ ကျုပ်တို့အဆက်အသွယ်ရပြီး မြို့တော်အစိုးရရှိ အောင်ပြန်ကြိုးစားကြရမယ်။ ပြီးတော့ ကျုပ်သေရင်လည်း အဆောက်အအုံထဲ ပိတ်အသေမခံချင်ဘူး။ အပြင်မှာသာ သေလိုက်ချင်တယ်။ ဒီအချိန်မှာတော့ အဆောက်အအုံပြိုကျတာ ဘယ်လိုဆိုတာ ပြောပြမနေနိုင်ဘူး။ ဆန်နီအင်ဒဲလ်ကို ကျုပ် ပြောခဲ့တယ်။ သုတေသနအရာရှိကို ရှာခိုင်းစမ်းပါ။ ပုလဲဆိပ်ကမ်းမှာ လူတွေဘယ်လောက်သေခဲ့သလဲလို့။ ခုဟာက အဲဒီဟာထက် ဆိုးမယ်ထင်လို့ပါ။

အပြင်မှာ သတင်းသမားတချို့ရောက်နေကြပါတယ်။ အင်ဒရူး ကပွတိန်ကို ဆွဲခေါ်ပြီး မင်းကို တို့နဲ့ ခေါ်သွား မယ်။ သူတို့ ကောဘယ်သတင်းဌာနနဲ့ဆက်ပြီး လူထုကို ပြောသွားခဲ့ပါတယ်။ အစကတော့ သတင်းသမားကြောင်သွားခဲ့တယ်။ ကျုပ်ကလည်း သွားရင်းလာရင်း သတင်းစာရှင်းပွဲလုပ်ပြီး လူထုကို မြောက်ဘက်ကိုသာ သွားကြလို့ ညွှန်ကြားရပါတယ်။

ဗွန်အယ်ဆန် ။ ။ ကျုပ်တို့လည်း ပိဒ်ပိုက်ပါလိုပါပဲ။ လူတွေကို မြောက်ဘက်ကိုသာ သွားကြပါလို့ ညွှန်နေကြရပါတယ်။ အိမ်ဖြူတော်ကို ဆက်သွယ်ဖို့ ကြိုးစားရင်းနဲ့ သူနဲ့တွေ့လိုက်တာ အကောင်းဆုံး ဖြစ်သွားပါတယ်။ မြောက်ဘက်ကိုသာ ဆက်လျှောက်ကြလို့ လူတွေပြောနိုင်လာပါတယ်။ သူကလည်း လူတွေကို အေးအေးဆေးဆေးသွားကြ၊ ဆက်သာ လျှောက်နေကြလို့ ပြောပြောနေတယ်။ ကျုပ်တော့ ကျုပ်လူတွေ

ဘယ်လောက်များ ဆုံးရှုံးကုန်ပြီလဲလို့ တွေးနေမိတယ်။

အုပ်စုက ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနကြီးရဲ့ မြောက်ဘက် ဘိုတိတ်ဟိုတယ် Tribeca Grand ဆီ ဦးတည်လျှောက်နေကြတယ်။

ရစ်ချဒ်ရှီယာရာ။ ။ မြို့တော်ဝန်ရုံးရဲ့ အရေးပေါ် စီမံရေးအဖွဲ့ရဲ့ ညွှန်ကြားရေးမှူး

သွားနေရင်းက လေယာဉ်သံကြားလို့ မော့ကြည့်လိုက်ကြတယ်။ အဲဒါ တို့လေယာဉ်ပါ။ အမေရိကန်လေတပ်က လေယာဉ်ကို မြင်လိုက်ရလို့ အားတက်သွားပါတယ်။

ဂူလီယံနီ။ ။ဒုတိယမိုးထိတိုက်ကြီး ပြိုကျလာတဲ့အချိန်လောက်မှာပါ။ တောင်ဘက်ကြည့်လိုက်ရင် မီးခိုးလုံးကြီးတွေ တိမ်တိုက်ကြီးတွေလို တောင်ကြားတွေဆီ တောင်ဘက်ပိုင်းကို လွှင့်နေတာတွေ့ရပါတယ်။

မင်ဟက်တန်တောင်ပိုင်းကို လိမ့်ကျလာတဲ့ အပျက်အစီးတွေနဲ့ လွတ်အောင် ဂူလီယံနီနဲ့ အဖွဲ့တို့ ပြေးကြရပါတယ်။ ထရီဘီကာဂရင့်ကိုရောက်တော့ လုပ်လို့လိုက်လို့ရအောင်တော့ ကျယ်ဝန်းပါတယ်။ ဒါပေမဲ့ ပြဿနာက ...

ကီရတ်။ ။ မျက်နှာကြက်ကြီးတစ်ခုလုံး အမှုန်တွေ ဖြစ်နေပါတယ်။ ခုချိန်မှာ ကျုပ်တို့က မိုးကောင်းကင်ကို မကြည့်ချင်ပါဘူး။

ဂူလီယံနီ။ ။ တစ်ယောက်ကိုတစ်ယောက် ဘာမှမပြောလိုက်ရဘဲနဲ့ ထွက်လာခဲ့ကြပါတယ်။ သတင်းသမားတွေက မေးတော့မှ နေရာထပ်ရှာရဦးမယ်လို့ ပြောပါတယ်။

ဗွန်အယ်ဆန်က ဟူစတန်လမ်းက မီးသတ်တပ်ခွဲ ၂၄ မှာ စခန်းချဖို့ တိုက်တွန်းတယ်။ လမ်း (၂) ကွက်ကျော်ပြီး

ရောက်တော့ သေခဲတ်ထားတာကို တွေ့ရတယ်။

ဂူလီယံနီ။ ။ တစ်ယောက် အောက်ဆီဂျင်ဘူးနဲ့ တံခါးကို ပစ်ခွဲလိုက်ချင်နေတယ်။ သူ့ကို တားလိုက်ရတယ်။ သူက သေဖျက်ပြီး ဖွင့်ပေးလို့ ဝင်ကြရတယ်။ ဖုန်းကို တန်းကိုင်လိုက်တယ်။ ပြီးတော့မှ တကယ်သတင်းစာရှင်းပွဲ စရတော့တယ်။

အုပ်ချုပ်ရေးမှူးကို ဆက်ပြီး သူနဲ့ ခဏအဆက်ပြတ်သွားတယ်လို့ ပြောလိုက်တယ်။ NYI ကို ဆက်ပြီး အိမ်ဖြူတော်နဲ့လည်း ဆက်သွယ်မှုမပြတ်အောင် လုပ်ထားလိုက်တယ်။ အဲဒါတွေ ပြီးမှ ကျုပ်မိသားစုဆီ ဆက်လိုက်တယ် အိုကေပဲ။ (အဲဒါမတိုင်မီက ဂရေစီဂေဟာက အားလုံးခွာပြီး ကလေးတွေလည်း ကျောင်းကနေ မြို့ထဲ ပြန်မလာစေဖို့ ကီရတ်ကို ဂူလီယံနီက မှာထားသေးတယ်) တင်းမာနေတာသိလို့ သူ့ဇနီးဒွန်နာဟာဝါဒီနဲ့ပဲ တိုက်ရိုက်ဆက်ပြီး ကီရတ်က ပြောလိုက်တယ်။ နာသန်ကိုလည်း ပြောထားတယ်။ နာသန်လည်း အိုကေဖို့ လိုပါတယ်။

ရှီယာရာ။ ။ အဲဒီမှာ (၄၅) မိနစ်လောက်နေလိုက်တယ်။ အဲဒီမှာပဲ ဘီးလ်ဖိဟန်နဲ့ ပီတာဂန်ချီတို့ သေပြီလို့ သိရပါတယ်။ တကယ်အတွေ့အကြုံအရှိဆုံးလူတွေပါ။ မီးသတ်တွေက မေ့လို့မရမယ့် ပုဂ္ဂိုလ်တွေပါ။

နေရာနဲ့ဖုန်း အဆက်အသွယ်ကောင်းကောင်းရဖို့အတွက် ဂူလီယံနီနဲ့ သူ့မင်းကြီးတွေ အဖွဲ့သားတွေ နေရာရှာရင်း အရှေ့လမ်း ၂၀ က ရဲသိပ်ံကို ရောက်သွားတယ်။ အဲဒီမှာ နောက် (၃) ရက်ဆက်ပြီး ကွပ်ကဲရေးစခန်း ဖွင့်လိုက်ပါတယ်။

ဂျုဒစ်နာသန်။ ။ ရဲသိပ်ံကို သွားဖို့ဖုန်းရတယ်။ ပြောစရာတွေ အများကြီး သွားရင်းနဲ့ကို မေ့မရနိုင်စရာကို တွေ့ရသေးတယ်။ မြို့လယ်မှာ ရေဒီယိုကြီးရှေ့မှာ လူစုံတက်စုံ စုမိနေတယ်။ ဆယ်ကျော်သက်တွေ၊ စီးပွားရေးသမားတွေ၊ မိန်းမကြီးတွေ၊ ရေဒီယို

သံကလည်း အကျယ်ကြီးပါ။ မြို့တော်ဝန်ရဲ့အသံပါလား၊ လူတွေကို မြောက်ပိုင်းကို ဆက်သွားကြပါတဲ့၊ သူ့အသံက တော်တော်တည်တည်ငြိမ်ငြိမ်ပါလား၊ တစ်နေ့ကျရင် လူတိုင်း ရေဒီယိုဘေးဝိုင်းပြီး အမေရိကန်အသံ Voice of America ကို နားထောင်ကြရလိမ့်မယ်လို့ ပြောတဲ့အဘွားရဲ့ စကားကို သတိရမိတယ်။ အဘွားပြောတဲ့အတိုင်း မြို့တော်ဝန်ကြီး လုပ်နေရပုံရပါတယ်။

မြို့တော်ဝန်နဲ့အတူ ကျွန်မတို့ကင်ဆာကို တွဲပြီး စစ်ဆင်ချေမှုန်းခဲ့ကြတာ မကြာသေးပါဘူး။ သူအိုကေမှ ဖြစ်မယ်လို့ သွားရင်းက တွေးလိုက်မိပါတယ်။ ဒီအကျပ်အတည်းကို သူကျော်နိုင်ဖို့ သူ ဘာမှ မဖြစ်မှ ဖြစ်ပါလိမ့်မယ်။

ရှီယာရာ။ ။ ရဲသိပ်ပံမှာ ညနေ (၄) နာရီမှာ ကျွန်တော်တို့ ကွပ်ကဲရေးစခန်း စတင်လှုပ်ရှားနိုင်ပါပြီ။ စာကြည့်တိုက်ကို အရေးပေါ်စစ်ဆင်ရေးဌာန လုပ်လိုက်ပါတယ်။ ဗာရီဇွန် Verizon ကို နောက်ထပ်ဆက်သွယ်ရေးလမ်းကြောင်းတွေရအောင် မပြတ်အောင် ဖွင့်ထားခိုင်းလိုက်ပါတယ်။ အေဂျင်စီတွေ (၃၀) (၃၅) လောက် ဆက်သွယ်လှုပ်ရှားနိုင်ကြပါပြီ။ လိုအပ်တဲ့ အဆုံးအဖြတ်ပေးနိုင်ဖို့ လူစုံရှိနေပါပြီ။

ရီရစ်။ ။ နေရာကောင်းတယ် ကျယ်လည်းကျယ်တယ်။ "ဒီနေရာမျိုး ဘယ်မှာ ရှိတယ်ဆိုတာကို ဘယ်လိုမှ မသိကြစေနဲ့"

နာသန်။ ။ မြို့တော်ဝန်က အဆုံးအဖြတ်ပေးချင်ရင် ပေးနိုင်ဖို့ လူအရေအတွက်က ဘယ်လောက်လဲ။ သူ့ကို တွေ့ပြောမယ့် လူတွေ တန်းစီနေကြလို့ပါ။ အဆိုးဆုံးက သူများတွေကျော် ပြီး မြို့တော်ဝန်ကြီး ခပ်မြန်မြန်လေး ပြောစမ်းပါဆိုတဲ့ လူတွေပဲ။ ကိစ္စတော့မရှိဘူး၊ သူစွမ်းပါတယ်။ သူက (၁၁၀) ရာခိုင်နှုန်း အာရုံစူးစိုက်ထားနိုင်တဲ့လူပဲ၊ ခုလို အခြေအနေမျိုးမှာတောင်

သူနဲ့တွေ့တဲ့လူရဲ့ မျက်လုံးအိမ်ထဲ စိုက်ကြည့်ပြောတဲ့လူပါ။ ပြီးတော့ ပြောသမျှကိုလည်း သေသေချာချာ နားထောင်တဲ့ လူကြီးပါနော်။ ရဲသိပ်ပွမှာ ရှိနေတုန်း သတင်းတွေ အကုန်လက်ခံနားထောင်တယ်။ သူ့မိတ်ဆွေ ဥပဒေအရာရှိချုပ်ရဲ့ ဇနီးဘာဘာရာအိုလ်ဆန် သေရတဲ့သတင်းမျိုးကိုလည်း နားထောင်ပြီးနေခဲ့တယ်။

ကာဘိုနက်တီ။ ။ ကျန်တဲ့အချိန်တွေမှာတော့ သူတို့ပဲ။ ဘယ်သူလာမလဲ လာသမျှတွေ့ရလို့ ဝမ်းသာနေကြရပါတယ်။ မျက်လုံးတွေမှာတော့ မျက်ရည်တွေက ဝဲနေကြပါတယ်။ မွန်းလွဲပိုင်းမှာ ဂူလီယံနီ ဘယ်လီဗျူနဲ့ စိန့်ဗင်းဆင့်ဆေးရုံတွေကို သွားခဲ့ပါတယ်။

ဂူလီယံနီ။ ။ ဒီအဆောက်အအုံတွေထဲမှာ အသက်မသေ ရှင်သန်ကျန်မယ့်လူ တွေ့ရလိမ့်ဦးမယ်လို့ မှန်းရတာကတော့ တော်တော်ခက်နေပါတယ်။ မသေဘဲ ကျန်တဲ့လူဆိုတာက ပထမနေ့က (ကယ်လို့) ဆေးရုံရောက်တဲ့လူတွေပဲ ရှိပါတယ်။

ကီရတ်။ ။ ဆေးရုံမှာက သူ့ကြည့်ရတာ တကယ်လို့ ဘုရားသခင်များလားလို့ ထင်ရပါတယ်။ လူတွေက သူလာတာကို ပြေးလာတွေ့ကြကြိုကြပြီး ငိုတဲ့လူကငို၊ ကျေးဇူးစကားပြောတဲ့လူကပြောနဲ့ ဖြစ်နေကြပါတယ်။ သူတို့အားလုံး ကြားချင်နေတာက သူပါးစပ်ကနေ အိုကေသွားမှာပါလို့ ပြောတဲ့စကားကိုသာ ကြားချင်နေကြတယ်။ သူကလည်း အဲဒီအတိုင်းကို ပြောတဲ့လူပါပဲဗျာ။

“သူတို့က ကျွန်တော့်သွေးကို အသုံးမလိုဘူး ပြောနေပါတယ်။ ကျွန်တော် ဘာလုပ်ရမလဲ”

မြို့တော်ဝန်ကို ဒီလိုလာပြီး အပူကပ်တဲ့ သွေးလှူရှင်များကလည်း ရှိပါသေးတယ်။

အဲဒီလူရဲ့ ပခုံးကို ပွေ့ဖက်ပြီး ...

“ခဏတော့ စောင့်ပါဗျာ၊ ခင်ဗျား သွေးလှူချင်တယ် မဟုတ်လား လှူရပါစေမယ်”

လို့ နှစ်သိမ့်ပေးရတဲ့ မြို့တော်ဝန်ပါ။ တိုက်ခိုက်ခံခဲ့ရတဲ့ နေရာကို ဂူလီယံနီက အဲဒီနေ့မွန်းလွဲပိုင်းမှာ တစ်ကြိမ် ထပ်လာပြီး ညဘက်မှာ (၃) ကြိမ်လာခဲ့ပါတယ်။


နာသန်။ ။ ကားထဲပြန်ရောက်ကြလို့ ကိုယ့်အချင်းချင်းသာ ရှိတဲ့အခါကျရင်တော့ ဒီလိုရက်စက်တဲ့အလုပ်မျိုးကို လူလူချင်း လုပ်ရက်ကြတဲ့လူတွေ ရှိကြတယ်နော်လို့ သူက ပြောပါတယ်။


ကီရတ်။ ။ အဲဒီညက ပစ်မှတ်အခြေဂရောင်းဧးရိုးကို သွားခဲ့ရတာကတော့ တကယ်ကို ငရဲသွားခဲ့ရသလိုပါပဲ။ အကွက်ငါးကွက်လောက်အကွာမှာ ကားရပ်ပြီးဆင်းလာခဲ့တာတောင်မှ မီးတွေလောင်နေတာတွေကို ကြည့်ပြီး ရူဒီနဲ့ ကျွန်တော် စကားတစ်ခွန်းမှ ပြောမထွက်နိုင်အောင် ဖြစ်နေကြပါတယ်။

ဂူလီယံနီ။ ။ အဲဒီနေ့ ညနေသတင်းစာရှင်းပွဲတစ်ခုမှာ တော်တော်ခက်ခဲတဲ့ကာလနဲ့ ကြုံကြရပါလိမ့်မယ်။ ဘယ်လောက်ခံရလိမ့်မယ်ဆိုတာ ခုထိ ကျွန်တော်တို့ မသိနိုင်ကြသေးပါဘူး။ ကျွန်တော်တို့ ဒီမြို့တော်ကို ဒီအခက်အခဲကျော်နိုင်အောင် ဝိုင်းကြိုးပမ်းကြဖို့ စူးစူးစိုက်စိုက် လုပ်ကြဖို့ကတော့ ရှင်းနေပါတယ်။ ဆက်ရှင်သန်ရမယ်။ ပိုပြီးလည်း အားကောင်းမောင်းသန် လှုပ်ရှားနိုင်ရမယ်။ နယူးယောခ်က ခုထိ ဒီမှာ ရှင်သန်နေဆဲပါ။

Time: Dec 31,2001- Jan 7,2002.

စက်တင်ဘာ ၁၁ နှင့်
အမေရိကန် အယ်လ်ဘမ်






နယူးယောခ်မြို့တော်မှာ ထိခိုက်ခဲ့သည့်

တိုက်ခိုက်မှုက ကမ္ဘာကို အန္တရာယ်ပိုကြီးသွားစေခဲ့ပြီး



ပစ်မှတ်စုံရပ်ပြီး တိုက်ပွဲဝင် သမ္မတက မဆုတ်မနစ်
တိုက်ပွဲဝင်သွားမည်ဟု ကြွေးကြော်လိုက်သည်။

ကြိုးကြိုးစားစားလေ့ကျင့်ခဲ့ကြသော
ဖိလစ်ပိုင်နိုင်ငံသားများသည်
ယခုအခါ ကမ္ဘာ့အကောင်းဆုံးအဆင့်တွင်
ယှဉ်ပြိုင်နိုင်ရန်
ကြိုးစားလုပ်ဆောင်နေကြသည်။
ကြေးမုံသတင်းထောက်
ဝေနှင်းသီဝေ
(၁၈ ဖေဖော်ဝါရီ)



တိုက်ပွဲကိုဦးစီး

သမ္မတဘုရှ်က

လုံခြုံရေးကောင်စီ

အစည်းအဝေး

ခေါ်ယူကျင်းပခဲ့ပြီး

တိုက်ပွဲကို

ဦးစီးလိုက်

သည်။

အမေရိကကို ပြောင်းလဲ ခဲ့သောနေ့

ဘီးလ်ဖိုးဟန်နဲ့ မိုဟာမက်အတ်တာတို့ သေခဲ့ကြရတဲ့ နေရာက တစ်နေရာတည်း ဖြစ်ပါတယ်။ ဒီနေရာမှာ တူခဲ့ကြပေမဲ့ ဒီနှစ်ယောက်လုံးဝ မတူဘူး၊ ဖိုးဟန်က လူတွေ အသက်ကို ကယ်တယ်၊ အတ်တာက အဲဒီလူတွေကို သတ်တယ်။

မီးသတ်သမားလေးဘဝကနေ နယူးယောခ်မှာ ဒုတိယမီးသတ်မင်းကြီး ဖြစ်လာတဲ့အထိ တစ်သက်လုံး မီးသတ်လောကထဲမှာ ဘဝကို မြုပ်နှံထားတဲ့ ဖိုးဟန်ဟာ လူတွေရဲ့အသက်ကို ထောင်ချီပြီး ကယ်တင်ခဲ့ပါတယ်။

အတ်တာကတော့ အမေရိကန်လေကြောင်းခရီးစဉ် အမှတ် (၁၁) ကို လုယူမောင်းပြီး ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနရဲ့ မိုးထိမျှော်စင်ညီနောင်ရဲ့ မြောက်ဘက်က တိုက်ကြီးကို လေယာဉ်မောင်းရင်း သူ့အသက်ပါ အသေခံပြီး ဖြိုချပစ်လိုက်တယ်။ လူတွေရဲ့ အသက်တွေ ထောင်ချီသတ်ခဲ့ပါတယ်။

အဲဒီမြောက်ဘက်က မိုးထိတိုက်ကြီးရဲ့ အခြေက အမျိုးသမီးတစ်ယောက်ရဲ့ အသက်ကို ကယ်ဆယ်နေရင်း တိုက်ကြီးပြိုကျပြီး ဖိုးဟန်လည်း သေခဲ့ရတယ်။

စိတ်စိတ်ကူးချိုချို

ဒီနှစ်ယောက်ကို တူတယ်လို့ ဆိုကြတာကို ကြားရတဲ့ အခါ စက်ဆုပ်မိပါတယ်။

မတူပါဘူးလို့ မတူစေချင်လို့ ပြောနေရင်းက တူတာကို တွေ့ရတာက ကိုယ်လုပ်တဲ့အလုပ်ကို မှန်တယ်လို့ တကယ့်ကို ထင်ကြရာမှာတော့ တကယ်တူနေပါတယ်။

ဒီနေရာမှာ အတ်တာက အကုသိုလ်ကို တကယ့်ကို အံ့သြလောက်အောင် တည်တည်ငြိမ်ငြိမ် လုပ်နိုင်တဲ့လူ ဖြစ်နေတာ တွေ့ရတယ်။

ဗာဂျင်နီးယား ဒီရီယာရာကတော့ မတော်မတရား လုပ်ကြံခံရမှုတစ်ခုခုနဲ့တော့ ကြုံရလိမ့်မယ်လို့ စိတ်ထဲမှာ ခံစားနေမိတဲ့သူပါ။ မြောက်ဘက်က မိုးထိတိုက်ကြီးရဲ့ (၁၀၁) ထပ်မှာ သူ့ရုံးခန်းရှိနေပါတယ်။ အကြမ်းဖက်သမားတွေ နောက်တစ်ခေါက်လာပြီး ဒီကမ္ဘာကုန်သွယ်ရေးဗဟိုဌာနကြီးကို အပြတ်ရှင်းလိမ့်ဦးမယ်လို့ သူ ဘာကြောင့် ထင်နေမိမှန်း မသိရလောက်အောင် သူ့စိတ်က ထင်နေမိတာတော့ အမှန်ပါတဲ့။

၁၉၉၃ က ဒီဒဗလျူတီစီကို အကြမ်းဖက်သမားတွေ ဗုံးခွဲတုန်းက သူဒီတိုက်ကြီးနဲ့ တစ်ကွက်ကျော်က လီဘာတီလမ်း အမှတ် (၁၃၀) က ဘဏ်လုပ်ငန်းမှာ အလုပ်လုပ်နေခဲ့တဲ့အချိန် ဖြစ်ခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ **Cantor Fitzgerald** မှာ စာရင်းစစ်အလုပ်ရတော့ ကြောက်စိတ်တွေ ဖယ်ပြီး ဒီမိုးထိတိုက်ကြီး (၁၀၁) ထပ်မှာ အလုပ်လာလုပ်ခဲ့ရပါတယ်။

လွတ်လပ်ရေးအထိမ်းအမှတ် ရုပ်တုကြီးကို သူ့ရုံးခန်းကနေကြည့်ရင် ဟိုးအောက်က သေးသေးပဲ မြင်ရပါတယ်။ ဒီအခန်းကနေပြီး နေပူဆာလှုံရင်း နေမင်းကြီးကို အားထားကိုးကွယ်လာခဲ့တဲ့ ဒီရီယာရာ စက်တင်ဘာည (၁၁) ရက်နေ့က

ငရဲတွင်းကျခဲ့ပြီး မီးလောင်ဒဏ်ရာတွေနဲ့ သေတွင်းက ပြန်တက်လာခဲ့နိုင်ပါတယ်။

ကိုယ်မကြုံချင်မတွေ့ချင်တာကို မမြင်ချင်တဲ့နေရာမှာ အမေရိကန်တွေလည်း မထူးပါဘူး။ တခြားလူတွေလိုပါပဲ။

အကြမ်းဖက်သမားတွေရဲ့ ရန်ကို ခုခံကာကွယ်ကြရမယ်လို့ ကြိုတင်သတိပေးခံနေကြရတာကိုလည်း အပေါ်ယံသဘောလူသိလူလည်လုပ်ပြောနေကြတာပါလို့ပဲ သဘောထားမိကြပါတယ်။ အစိုးရနဲ့အဖွဲ့အစည်းတွေက အကြမ်းဖက်သမားတွေက လူတွေ ထောင်ချီပြီး သေအောင်လုပ်မှာ မကြာတော့ဘူးလို့လည်း သတိပေးခဲ့ပါတယ်။

ဒါပေမဲ့ ပြီးခဲ့တဲ့ ဧန်နဝါရီ (၂၀၀၁) က ဒုတိယသမ္မတဒစ်ချီနေအိမ်ဖြူတော်မှာ စတာဝန်ယူတဲ့အချိန်က "အမိမြေကာကွယ်ရေး" Home land defence က ပထမဦးစားပေးတာဝန်မဖြစ်ခဲ့ပါဘူး။

လျှပ်စစ်ဓာတ်အား အခက်အခဲကိုသာ ဒုတိယသမ္မတကဦးစားပေးလုပ်နေခဲ့ရပြီး လုပ်နေရင်းမှသာ အဲဒီလျှပ်စစ်ဓာတ်အား ကျပ်တည်းခက်ခဲမှုဆိုတာက တကယ်ဖြစ်နေတာထက်ပိုပြီးချဲ့ကား ပြောဆိုနေကြတာကို တွေ့ကြရပါတယ်။ အမိမြေကာကွယ်ရေးကိုတော့ စက်တင်ဘာ (၁၁) ရက်နေ့ကျမှပဲ စလုပ်မိပါတော့တယ်။

အတ်တာနဲ့ အသေခံ အကြမ်းဖက်သမား (၁၈) ယောက်တို့ကို ထောက်ပံ့အားပေးတဲ့ အဲလ်ကာယေဒါအဖွဲ့ရဲ့ စွမ်းရည်ဒီလောက်အထိ ရှိနေတာကိုတော့ ရိပ်မိတဲ့လူ တော်တော်နည်းပါလိမ့်မယ်။ ဒါပေမဲ့ စက်တင်ဘာ (၁၁) မှာ တိုက်ဖို့စနစ်တကျ သေသေချာချာ အသေးစိတ် ကြိုတင် စီစဉ်လာခဲ့တာကတော့

အနည်းဆုံး (၂) နှစ်လောက် ရှိခဲ့ပါပြီ။

သိသာမသိကြတာပါ။ ဒီအကြမ်းဖက်သမားတွေကို ခေါင်းဆောင်တဲ့ အတ်တာရဲ့လှုပ်ရှားမှုတွေကို ပြန်ခြေရာ ကောက်ကြည့်တဲ့အခါမှာ လွန်ခဲ့တဲ့လပိုင်းတွေမှာ အမှားအယွင်းတွေ သတိမထားဘဲ အရမ်းလုပ်ခဲ့တာတွေ ရှိနေတာကို တွေ့ကြရပါတယ်။ အတ်တာ သတိရှိရှိနဲ့ ပြင်ဆင်နေတဲ့ကြားက ဒီလို မှားခဲ့ရမ်းခဲ့တာမျိုးတွေကို အမေရိကန်ကသာ သတိရှိရှိစောင့်ကြည့်နေရင် မြင်မှာတွေ့မှာပါ။

ဒီအကြမ်းဖက်စစ်ပွဲ လမ်းစဖြတ်လိုက်ပြီဆိုတော့လည်း ဘာဖြစ်နေပြီဆိုတာ မြင်ဖို့သိဖို့ကလည်း မလွယ်တော့အောင် ဖြစ်သွားခဲ့တာ အမှန်ဖြစ်ပါတယ်။

ဒီမိုးထိတိုက်ကြီးက မီးတောက်တွေကို ငြိမ်းသတ်ဖို့ နယူးယောခ် မီးသတ်အဖွဲ့ ပထမ ဒုတိယမင်းကြီး ဘီလ်ဖီးဟန်က ရသမျှ မီးသတ်သမားတွေ စုပြီးသွားရင်ဆိုင်တယ်ဆိုတာ ဒီတိုက်ကြီး ပြိုကျလာမယ်ဆိုတာကို သိရဲ့သားနဲ့ အန္တရာယ်ကို မျက်ကွယ်ပြုခဲ့တာပါလို့လည်း ဆိုနိုင်ပါတယ်။

ဒီလိုပဲ အိမ်ဖြူတော်ရဲ့ ဟိုးမြေအောက်က “သမ္မတရဲ့ အရေးပေါ်စစ်ဆင်ရေးဌာန”မှာ ကွပ်ကဲနေတဲ့ ဒုတိယသမ္မတ ချီနေမှာလည်း မမှန်သတင်းတွေနဲ့သာ နေရပါတယ်။ မရှိတဲ့ ခရီးသည်လေယာဉ်တစ်စင်းကို ပစ်ချဖို့တောင် ချီနေက အမိန့်ပေးခဲ့တယ်လို့ နယူးစ်ဝိခ်မဂ္ဂဇင်းက သိခဲ့ရတယ်လို့ ရေးပါတယ်။ ကြောက်စိတ်တွေက ဖန်တီးထားတဲ့ လေယာဉ်သာ ဖြစ်ပါတယ်တဲ့။

ဖီးဟန်နဲ့ချီနေတို့ဟာ တကယ်အန္တရာယ်နဲ့ ရင်ဆိုင်နေရချိန်မှာ တည်ငြိမ်မှုကို ပြကြပေမဲ့ အေးအေးငြိမ်ငြိမ်နဲ့ ခေါင်းဆောင်နေကြတယ်လို့တော့ ပြောလို့မရဘူးဆိုတာ တွေ့ကြရပါတယ်။

ဒီလိုအခြေအနေထဲမှာ အပိုင်စီးခံနေရတဲ့ လေယာဉ် 'ယူနိုက်တက်ခရီးစဉ် ၉၃'ပေါ်က ခရီးသည်တွေက အကြမ်းဖက်သမားတွေကို ပြန်တိုက်ခဲ့လို့ အဲဒီလေယာဉ်လမ်းမှာပဲ ပျက်ကျပြီး အသက်ဆုံးရှုံးခဲ့ကြရပေမဲ့ ဝါရှင်တန်က "ကက်ပီတိုးလ်"လွတ်တော်အဆောက်အအုံကြီးနဲ့ အိမ်ဖြူတော်တို့ အဖျက်အဆီးခံရမယ့် ရန်နဲ့ ကင်းဝေးသွားကြရတယ်ဆိုတဲ့ သတင်းမျိုးက စက်တင်ဘာ (၁၁) ရက်က စိတ်ထိခိုက်စရာအကောင်းဆုံးသတင်းတစ်ခု ဖြစ်နေပါတယ်။

မီးလောင်ဒဏ်တွေနဲ့ ချီယာရာရဲ့ ရဲဝံ့တဲ့ ကြိုးစားမှုတွေကလည်း လူတွေ အသက်ဘေးနဲ့ ကြုံလာခဲ့ရင် ရဲဝံ့လာတဲ့ စွမ်းရည်ကို ပြနေပါတယ်။

ဒီလို အသက်ဘေးရန်တွေနဲ့ ရင်ဆိုင်ကြုံတွေ့ကြရပေမဲ့ နောက်မတွန့်ဘဲ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ခဲ့ကြတဲ့ မိုဟာမက်အတ်တာ၊ ဘီလ်ဖီးဟန်၊ ဗာဂျင်နီးယား ဒီချီယာရာနဲ့ ဒစ်ချီနေတို့ လူသား (၄)ဦးရဲ့ အကောင်းအဆိုး၊ စိတ်ရှုပ်စရာနဲ့၊ စိတ်ထိခိုက်စရာ၊ စိတ်ပိုင်းဖြတ်ချက်နဲ့ သတ္တိတို့ကို တွေ့နေရပါတယ်။

စခဲ့တာကတော့ လွန်ခဲ့တဲ့ (၁၀) နှစ်လောက်က အီဂျစ်က အင်ဂျင်နီယာလေးရဲ့ ထူးဆန်းတဲ့ အစွဲအလမ်းက စလာခဲ့တာပါ။

လူသတ်သမားရဲ့ခံစားမှု

ဂျာမနီနိုင်ငံ ဟမ်းဘဂ်မြို့ကြီးက မိုဟာမက်အတ်တာရဲ့ အခန်းလေးမှာ ထူးဆန်းတဲ့ ဆင်ယင်ထားမှုတစ်ခုကို တွေ့ရပါတယ်။

အဖြူအမည်းဓာတ်ပုံ ပိုစတာတစ်ခုပါ။ နယူးယောခ်က အင်ပါယာစတိတ် အဆောက်အအုံကြီးရဲ့ ထုပ်တန်းတွေပေါ်မှာ အလုပ်သမားတွေ အလုပ်လုပ်နေကြပုံကို ၁၉၃၀ ခုနှစ်က "လီဝစ်ဟီနီ" ရိုက်ကူးထားခဲ့တဲ့ပုံ ဖြစ်ပါတယ်။

ဒီမိုးထိတိုက်ကြီးတွေက သူဇာတိမြေကို ပျက်စီးစေခဲ့တယ်လို့ အက်တာက ခံစားနေရတယ်။

သူဇာတိ ကမ္ဘာအရှေ့အလယ်ပိုင်းဒေသမှာ ရှေးပဝေသဏီကတည်းက လက်ခံလာခဲ့တဲ့ အဆောက်အအုံတွေဟာ တစ်ထပ်၊ နှစ်ထပ်တွေသာ ဖြစ်ပါတယ်။ ဒီအဆောက်အအုံတွေမှာ ဝင်းခြံတွေလည်း ပါရှိနေခဲ့ပါတယ်။

၁၉၆၀၊ ၁၉၇၀ ခုနှစ်တွေမှာ ဒီတိုက်မြင့်မြင့်ကြီးတွေ ဆောက်ကြလို့ ကိုယ့်ဘာကိုယ်လည်း သီးသန့်နေမရ၊ အရပ်ဆိုးလှတဲ့ အခန်းတွေနဲ့ ပိုင်းကာပြီး နေခဲ့ကြရတယ်။ ရှေးကပတ်ဝန်းကျင်ကိုလည်း ပျက်စေတယ်။ နေထိုင်သူတွေရဲ့ သီးခြားနေထိုင်ခွင့်နဲ့ သိက္ခာတို့ကိုပါ လုယူဖျက်ဆီးပစ်နေတယ်လို့ အတ်တာက ခံစားမိနေခဲ့တယ်။

၁၉၉၀ ကိုင်ရိတက္ကသိုလ်က အက်တာအင်ဂျင်နီယာဘွဲ့ ရလာတဲ့နှစ်မှာပဲ သူ့မိသားစုက အရပ်ဆိုးအကျည်းတန်လှတဲ့ တိုက်ကြီးရဲ့ (၁၁) ထပ်ကို ပြောင်းရွှေ့နေလိုက်တာကို အတ်တာ တော်တော်ခံပြင်းခဲ့ပါတယ်။

ခေတ်မီချင်လွန်းလှတဲ့ အီဂျစ်ရဲ့ အနောက်ပိုင်းကို အရှက် မဲ့တဲ့ တုပမှုလို့ အတ်တာက မြင်နေတယ်။

အတ်တာက အစပိုင်းမှာတော့ အစ္စလာမ်ရဲ့ ရှေးက ဂုဏ်ကျက်သရေတွေကို အေးအေးချမ်းချမ်းနဲ့ ပြန်ရယူတည် ဆောက်လိုစိတ် ပေါ်လာခဲ့ပါတယ်။

၁၉၈၁ မှာ အီဂျစ်သမ္မတ အန်ဝါဆာဒတ် လုပ်ကြံသတ် ဖြတ်ခံရပြီးနောက် (၁၃)နှစ်သားလေး အတ်တာဟာ မှန်မှန် ဘုရားဝတ်ပြုလာခဲ့ပါတယ်။

အင်ဂျင်နီယာ ကျောင်းတက်နေချိန် အတ်တာမှာ “မူဆ လင်ညီအစ်ကိုတော်များအဖွဲ့” Muslim Brotherhood သြဇာ အောက်ရောက်သွားခဲ့တယ်။ အနောက်တိုင်း သြဇာကင်းတဲ့ အစ္စလာမ်နိုင်ငံ တည်ထောင်ရေး ကြိုးစားကြတယ်။ မူဆလင် ညီအစ်ကိုတော်များအဖွဲ့က အကြမ်းဖက်မှုကို ရှုတ်ချသော်လည်း သူ့အဖွဲ့ဝင်တွေထဲမှ အကြမ်းဖက်သူတို့ ပေါ်ပေါက်လာတတ်ပါ တယ်။ ဗျူရိုကရေစီ လွှမ်းမိုးထားတဲ့ နိုင်ငံပိုင်စီးပွားရေး လုပ် ငန်းတွေရဲ့ အကျပ်အတည်းတွေနဲ့ကြုံနေရတဲ့ အီဂျစ်မှာ လမ်းစ ပျောက်နေတဲ့ အင်ဂျင်နီယာကျောင်းသားတို့မှာ မူဆလင်ညီအစ်ကို တော်များအဖွဲ့၏ အင်အား ရှာဖွေရာ နေရာကောင်း ဖြစ်ခဲ့ပါ တယ်။

ပါရဂူ ဒေါက်တာဘွဲ့ရ အစ်မတွေကို မိအောင် အတ်တာ ကို သူ့ဖခင်က အားပေးတယ်။ အင်ဂျင်နီယာပညာနဲ့ ချွန်အောင် အင်ဂျင်နီယာဘာသာစကားဖြစ်တဲ့ The language of Engineer ဂျာမန်ဘာသာကိုလည်း သင်ယူစေပါတယ်။ ဂျာမနီကို အင် ဂျင်နီယာပညာထူးချွန်အောင် သူ့ဖခင်က လွှတ်ခဲ့တာကို အစ ပိုင်းမှာ အမေချစ်သားအတ်တာက အမေနဲ့မခွဲနိုင်လို့ငြင်း

ဆန်နေခဲ့ပါသေးတယ်။

အသက် (၂၀) လောက်အထိ အမေ့ရင်ခွင် ဝင်ဝင်တိုးတိုးနေတဲ့ သားကို ကြည့်ပြီး “သားမွေးပါဆိုမှ သမီးမွေးထားတဲ့အမေပဲ”လို့ အတ်တာဖခင်က သူတို့သားအမိကို နောက်ပြောင်လေ့ ရှိပါတယ်။

ပြီးတော့ အတ်တာက လေယာဉ်စီးတိုင်း မူးမော် ပျို့အန်တတ်တယ်။ ကြွက်တတ်တယ်။ ဒါကြောင့် ဆရာဝန်ဖြစ်တဲ့ အစ်မတစ်ယောက်က အတ်တာခရီးသွားတိုင်း ဆေးတွေဆောင်သွားဖို့ ပေးခဲ့ရတာကလည်း တော်တော်ဆန်းနေပါတယ်။

အတ်တာက အလုပ်မှာ တိကျတယ်။ ဟမ်းဘဂ်မှာ Plankontor အတွက် ပုံဆွဲပညာရှင် ဝင်လုပ်ခဲ့တယ်။ သူ့မဟာဘွဲ့အတွက် ပုံတွေဆွဲရာမှာလည်း အသေးစိတ်အထိ တိကျပါတယ်။

အီဂျစ်အစိုးရက ကမ္ဘာ့ခရီးသွားတွေကို ဆွဲဆောင်ရာမှာ အနောက်တိုင်းသူဌေးတွေကိုသာ အဓိကထားတယ်။ အိမ်တွေဖျက်ပြီး အစုလိုက်အပြုံလိုက် ပြန်နေရာချနေတယ်ဆိုပြီး အီဂျစ်အစိုးရကို မကျေနပ်တဲ့စကားတွေ အီဂျစ်ပြန်လာစဉ်မှာ ပြောတတ်ပါတယ်။

အီဂျစ်နိုင်ငံ တိုးတက်ရေးအတွက် အတ်တာက လုပ်ချင်နေတယ်။ အစ္စရေးကို အားပေးနေတဲ့ အမေရိကန်ကို အတ်တာ ပြက်ရယ်ပြုတတ်ပါတယ်။ နိုင်ငံရေးအကြောင်း ပြောရင်တော့ တိုးတိုးပြောတတ်ပေမဲ့ ပြတ်သားပြင်းထန်တဲ့စိတ်ကတော့ ပေါ်လွင်ပါတယ်။

မကျေနပ်တဲ့ မူဆလင်အင်ဂျင်နီယာလေးဘဝကနေ အစ္စလာမ် အကြမ်းဖက်သမားဘဝကို အတ်တာ ကူးပြောင်းလာခဲ့

ပုံက သိမ်သိမ်မွေ့မွေ့နဲ့ တဖြည်းဖြည်း ကူးလာတဲ့သဘောတွေ့ရပါတယ်။

အမေ့သားဘဝကနေ အစုလိုက်အပြုံလိုက် သတ်တဲ့ဖြတ်တဲ့ဘဝကို ဘယ်လိုကူးပြောင်းသွားတယ်ဆိုတာကတော့ မသိရပါဘူး။ သူ့စိတ်မှာ မိန်းမတွေကို ရွံမုန်းတာကိုတော့ တွေ့ရပါတယ်။ ၁၉၉၆ က ရေးခဲ့တဲ့ သူ့သေတမ်းစာမှာ သူသေလို့သင်္ဂြိုဟ်ခဲ့ရင် အမျိုးသမီးတွေ မလာစေရလို့ ရေးထားခဲ့တာတွေ့ရပါတယ်။ ဂျာမနီက လူမျိုးရေး ဆက်ဆံမှုတွေကြောင့်လည်း နာကြည်းခံပြင်းတဲ့စိတ်တွေ ကိန်းအောင်းလာခဲ့ပုံ ရပါတယ်။ ဂျာမနီကို လာရောက် အခြေချနေထိုင်တဲ့ မူဆလင်တွေကို အောက်တန်းစား ဇာတ်နိမ့်တွေလို ဂျာမနီတွေက ဆက်ဆံတတ်ကြပါတယ်။

ဟမ်းဘဂ်က ဗလီမှာ သူရောက်လေတိုင်း စိတ်ချမ်းသာမှုရပါတယ်။ အိဂျစ်မှာထက် အခြေခံဝါဒ ဗလီဆရာကြီးတွေက လွတ်လပ်ခွင့်အကြောင်း ပိုပြင်းပြင်းပြောပါတယ်။ အကြမ်းဖက်အဖွဲ့တွေအတွက်လည်း စည်းရုံးကြပါတယ်။

ဘာသာအယူဝါဒအရ သန့်စင်မွန်မြတ်မှုကို ရှာဖွေနေတဲ့ အတ်တာဟာ ၁၉၉၅ က မက္ကာကို ဘုရားဖူးသွားပြီးနောက် ပိုပြင်းလာပါတယ်။

အဲဒီနောက် အဲလ်ကာယေဒါနဲ့ ဆက်သွယ်မိသွားပုံရပါတယ်။

၁၉၉၇ မှာ အာဖဂန်နစ္စတန်ကို သွားခဲ့ပြီး ဘင်လာဒင်ရဲ့လေ့ကျင့်ရေးစခန်းတစ်ခုမှာ လေ့ကျင့်ပါတယ်။

ဗုံးခွဲ၊ ဗုံးလုပ်၊ ပိုးမွှားလက်နက်သုံး စတဲ့ အမှောင်ခြမ်းက အတတ်ပညာ Dark Arts တွေကို အတ်တာ တတ်မြောက်ခဲ့တယ်။

အတ်တာရဲ့ တင်းမာစူးစိုက်တဲ့ အကြည့်တစ်ခုနဲ့ပဲ ခေါင်းဆောင်အဖြစ် ရွေးချယ်တာဝန်ပေးအပ်ခံရပါတယ်။

၁၉၉၈ မှာ ဟမ်းဘဂ်ကို ပြန်ရောက်လာပြီး သူ့အခန်း ဖော် (၂) ဦး မာရ်ဝမ်အဲလ်ရာဟီနဲ့ ဇိဒ်ဒမီးရ်ဂျာရာနဲ့ ကလာပ် စည်းဖွဲ့လိုက်တယ်။ လူလတ်တန်းစားဘဝက လာကြတဲ့ သူတို့ (၃) ဦးဟာ ဘာသာစုံတတ်တယ်။ ကွန်ပျူတာတတ်တယ်။ အဆင့်မြင့်ပညာလည်း တတ်ကြတယ်။

အဆင့်မြင့်ပညာကို ဆက်လက်လေ့လာဖို့ကိုလည်း အတ်တာက မစွန့်လွှတ်သေးပါ။

ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုဌာနကို တိုက်ခိုက်ဖို့ အစီအစဉ်တွေ လုပ်နေဆဲမှာကို အတ်တာက ဟမ်းဘဂ်နည်းပညာတက္ကသိုလ် မြို့နေအိမ်ရာစီမံကိန်းအတွက် ပညာဆက်လက် ဆည်းပူးနေခဲ့ပါတယ်။

ဆီးရီးယားက ရှေးဟောင်းမြို့တော် အဲလ်လက်ပိုလို့ အစွလာမ်အယူဝါဒ သန့်သန့်နဲ့ ပြန်တည်ဆောက်ယူရေး စာတမ်းတင်ပါတယ်။ မြင့်မြင့်မားမားတိုက်ကြီးတွေ မပါဝင်တဲ့ စီမံကိန်းနဲ့ ရေးတင်ထားတဲ့ သူ့စာတမ်းကို ဆရာကြီးများက B-Plus ချီးမြှင့်အကဲဖြတ်ကြပါတယ်။ အတ်တာစာတမ်းကို လက်ခံလိုက်ကြတယ်။

အတ်တာက ဉာဏ်ထက်တယ်။ ပြတ်သားတယ်။ အသေခံတပ်မှူးအနေနဲ့ ဦးဆောင်လေ့ကျင့် ပြင်ဆင်ခဲ့ရတဲ့ ခရီးမှာလည်း အခက်အခဲတွေ၊ အန္တရာယ်တွေက စုံတယ်။ အာဇာပိုင်အဖွဲ့အစည်းတွေက တွေ့သွားရင် သူတို့ရဲ့စက်တင်ဘာ (၁၁)

အစီအစဉ်ပျက်သွားမှာမို့ သတိကြီးကြီးထားခဲ့ကြရပါတယ်။

အဲဒီအချိန်က ဟမ်းဘဂ်မှာ အက်တာနေတဲ့ မာတီယံလမ်းအမှတ် (၅၄) ကို ဂျာမန်စုံထောက်တွေက စောင့်ကြည့်နေခဲ့ကြတယ်။ ဘင်လာဒင် ရဲ့လူ မာမွတ်ဒါကာဇန်လီ ဒီအခန်းမှာနေလို့ စောင့်ကြည့်ခဲ့တာပါ။ ဒါကာဇန်လီက ဘာအပြစ်မှမကျူးလွန်ခဲ့လို့ ဆက်စောင့်မကြည့်တော့ပါဘူး။ အတ်တာနဲ့ အဖွဲ့ကလည်း လေယာဉ်မောင်းသင်ဖို့ အမေရိကန်က ဖလော်ရီဒါကို ရောက်သွားကြတယ်။ ရောက်စတော့ မနေတတ်မထိုင်တတ် ဖြစ်တယ်။ ပျင်းရိဖို့လည်း ကောင်းပါတယ်။ အဲဒီကသင်ပေးတဲ့ ဆရာတွေနဲ့ တခြားလူတွေက သူတို့ကို စိတ်မဝင်စားကြလို့သာ သူတို့ ဘေးရန်ကင်းခဲ့တာ ဖြစ်ပါတယ်။

ဆရာတွေ အိမ်ရှင်တွေနဲ့ အတ်တာက မသင့်မြတ်ပါဘူး။ တည့်အောင်လည်း မဆက်ဆံဘူး။ မောက်မာတယ်။ သင့်မြတ်အောင် ကြိုးစားလို့လည်း မရနိုင်အောင် ဖြစ်ရတာဟာ အိမ်ရှင်မကြီးအပေါ် အမျိုးသမီးမုန်းတဲ့ စိတ်ဓာတ်အခံရှိနေလို့လည်း ဖြစ်ပါတယ်။

တစ်နေ့ လေယာဉ်မောင်းလေ့ကျင့်ရာမှာ အတ်တာအမျိုးသမီးတစ်ယောက်နဲ့ တွဲကျခဲ့တယ်။ မသင့်မြတ်လို့ ထုတ်ခံရတော့မယ့်အချိန်မှာ သူတို့သင်တန်းကျောင်း ပြောင်းခဲ့ရပါတယ်။ အဲဒီမှာလည်း သူတို့ကရိုင်းလို့ အရင်သင်တန်းကိုပဲ ပြန်လာခဲ့ရပြန်တယ်။ ၂၀၀၀ ခုနှစ် စက်တင်ဘာလလောက်ကပေါ့။

ပိုင်းလော့လိုင်စင် ဒီဇင်ဘာလမှာ ရခဲ့ပါတယ်။ သူတို့

မောင်းတဲ့ လေယာဉ်ငယ်လေး ပြေးလမ်းပေါ်မှာ စက်ရပ်သွားလို့ အတ်တာနဲ့ ရှာဟီတို့ လေယာဉ်ပေါ်က ဆင်းပြီး ထွက်သွားခဲ့တယ်။ အမေရိကန်ရဲ့ (၉)ခုမြောက် အလုပ်အများဆုံး လေယာဉ်ကွင်းဖြစ်တဲ့ မိယာမီမှာ ခရစ္စမတ်ကာလအတွင်း ဒီလိုဖြစ်ခဲ့တာကို အရေးမယူဘဲ နေခဲ့ကြပါတယ်။

တကယ်တော့ အတ်တာ လုပ်ကိုင်နေထိုင်ပုံတွေက သံသယရှိဖို့လည်း ကောင်းတယ်။ မြင်သာထင်သာလည်း ရှိပါတယ်။

၂၀၀၁ ခုနှစ် နွေဦးပိုင်းကလည်း တင်နီဆီက ကွင်းလေးဘက်ကို လေယာဉ်ငယ်လေးနဲ့ သွားရင်း အပါလာချီယံတောင်တွေကြားမှာ တွေ့ခဲ့ရတဲ့ ဓာတုဗေဒစက်ရုံကို ဘာစက်ရုံလဲလို့ လေယာဉ်ကွင်းက အရာရှိတွေကို မေးခဲ့သေးတယ်။ ဆာလ်ဖာဒိုင်အောက်ဆိုဒ်နဲ့ ဆာလ်ဖြူရစ်အက်ဆစ်ထုတ်ခဲ့တဲ့ စက်ရုံဖြစ်ပါတယ်။ နျူကလီးယားဓာတ်အားစက်ရုံဘေးက ဖြတ်စီးသွားတဲ့ မြစ်နဲ့ဆည်တစ်ခု ဆက်စပ်မိနေသလားလို့လည်း မေးခဲ့ပါတယ်။ အမေးခံရတဲ့လူက အတ်တာထွက်သွားတော့ အဲဒီလူက အကြမ်းဖက်သမားနဲ့တူတယ်လို့ အနားကလူကို ပြောခဲ့မိသေးတယ်ဆိုပဲ။

အာဏာပိုင်တွေနဲ့လည်း အတ်တာ (၂)ကြိမ် ငြိခဲ့သေးတယ်။ ၂၀၀၁ ဇန်နဝါရီက စပိန်ကနေ အမေရိကန်ကို ပြန်လာတုန်းက တိုးရစ်ဗီဇာက သက်တမ်းကုန်နေပါတယ်။ သူ့အတွက် ကျောင်းသားဗီဇာထုတ်ပေးမယ်ဆိုလို့ စောင့်နေရင်း နောက်ကျသွားတာပါလို့ အကောက်ခွန်အရာရှိတွေကို ရှင်းပြ

နိုင်ခဲ့လို့ အရေးယူခံရတော့မှာက လွတ်သွားခဲ့ပါတယ်။

နောက်တစ်ကြိမ်က မိယာမီမြောက်ပိုင်းမှာ လိုင်စင်မဲ့ မောင်းခဲ့လို့ ယာဉ်ထိန်းက ဖမ်းပြီး ရုံးတင်ခဲ့ပါတယ်။ အတ်တာက တစ်ကြိမ်မှ ရုံးကို မသွားခဲ့ပါဘူး။ ဖမ်းဖို့ ဝရမ်းထုတ်ခဲ့ပေမဲ့ မေ့သွားခဲ့ကြတယ်နဲ့ တူပါတယ်။ ဘာမှမကြားခဲ့ကြရပါဘူး။ တိုက်ရတော့မယ့် နေ့နီးလာတော့လည်း မြို့ပေါ်ထွက်လည်ပြီး သူများတွေကို အနှောင့်အယှက်ပေးခဲ့ပြန်တယ်။ အဲလ်ရာဟီကလည်း အမူးလွန်ပြီး ဟင်းတွေမကောင်းဘူးလို့ စားသောက်ဆိုင်မှာ ပြန်လာပြီး ပြဿနာလုပ်ခဲ့တယ်။

မတိုက်မီညက ညဉ့်အတော်နက်မှ ပြန်လာပြီး မနက်ထွက်ကြတော့ လေယာဉ်ပျံသန်းမှု လက်စွဲစာအုပ်တွေ ထားခဲ့ကြတယ်။ တကယ်ထိရောက်တဲ့ လေယာဉ်ပျံသန်းမှု မြေပုံတွေလည်း တစ်ထပ်ကြီး ထားခဲ့တယ်။ သိုင်းပညာစာအုပ်နဲ့ စက္ကူဖြတ်ဓားပါးပါးလေးတွေလည်း ထားခဲ့တယ်။

အတ်တာက နောက်ဆုံး (၂၄) နာရီလုံး 'အဲလ်လိုမာရီ' ဆိုတဲ့ ဆော်ဒီက ခိုးဝင်လာတဲ့ လေယာဉ်အပိုင်စီးရာမှာ အတ်တာတို့ကို ကူညီရမယ့် လူနဲ့ တွဲနေခဲ့တယ်။ အတ်တာနဲ့ အဲလ်လိုမာရီတို့ ကားတစ်စင်းငှားပြီး မိန်းပေါ့တလန်ကို မောင်းသွားခဲ့ကြတယ်။ အဲဒီမှာ ညအိပ်ပြီး မနက် ဘော့စတွန်သွားတယ်။ အဲဒီမှာ တခြား (၃) ယောက်နဲ့ပါ ထပ်ပေါင်းကြမယ်။ ဒီ (၅) ယောက် တစ်ခါတည်း ဝင်ရင် သိမှာစိုးလို့ တခြားကွင်း တစ်ခုကနေ တစ်ဆင့်သာ ဝင်လာပြီး သူတို့ကို သတိမထားသံသယမဝင်အောင် စီစဉ်လာခဲ့ကြပါတယ်။

အတ်တာနဲ့ အဲလ်လိုမာရီတို့က (၆) နာရီထွက်မှာကို (၅) နာရီ (၄၅) မိနစ်မှ ဝင်လာလို့ လေယာဉ်ခရီးပျက်မတတ် ဖြစ်စေခဲ့ပါတယ်။ လေယာဉ်ဘော့စတွန်ကို ရောက်ပြီး ခရီးစဉ် (၁၁) နဲ့ မချိတ်မိမလို ဖြစ်ခဲ့တယ်။

သူတို့ အအိပ်လွန်လို့ ဒီလိုဖြစ်ရတယ်နဲ့ တူပါတယ်။

အဘာ

စက်တင်ဘာ (၁၀) ရက်နေ့က ဘီလ်ဖိုးဟန်က အငြိမ်းစားယူဖို့ တွက်နေခဲ့ပါတယ်။

နောက်တက်လာမယ့် မြို့တော်ဝန်နဲ့ ဆက်လုပ်ဦးမလားလို့ အနားကတစ်ယောက်က မေးတယ်။

"သိပ်လုပ်ချင်တာပေါ့ကွ"

ဖိုးဟန်က ဒီလိုပြောလိုက်ပြီးမှ မြို့တော်ဝန်သစ်ကလည်း သူ လူသစ်တွေနဲ့ လုပ်ချင်မှာပါလို့ တွေးလိုက်မိတယ်။ ဇန်နဝါရီဆိုလာတော့မှာ။

ဖိုးဟန်ကလည်း ခု (၇၁) ရှိနေပါပြီ။

မိုးသတ်သမား တော်တော်များများဟာ (၆၀) မပြည့်ခင် အနားယူလေ့ ရှိကြပါတယ်။

၁၈၆၅ ခုနှစ်က စတင်တည်ထောင်ခဲ့တဲ့ နယူးယောဉ်ခ မိုးသတ်တပ်ဖွဲ့မှာ ဂုဏ်ပြုခံပုဂ္ဂိုလ်တွေကို မော်ကွန်းတင်ပေးဖို့ ဘုတ်ပြားကြီးတစ်ချပ်ရှိတယ်။ "၇၈၀"ကို မော်ကွန်းထိုးပေးဖို့ နေရာရှိတယ်။ အခု "၇၇၈"ယောက်ကို မော်ကွန်းတင်ပေးပြီးနေပါပြီ။

ပြည့်တော့မယ်။

(၂) ယောက်အတွက်ပဲ နေရာရှိတော့တယ်။

အက်စိတိုးရိုးယားကွင်းစ်မှာ 'အဖေများနေ့'က လောင်တဲ့မီးကြီးမှာ သေခဲ့ရတဲ့ မီးသတ်သမား (၃)ယောက်ရဲ့ အမည်တွေ မော်ကွန်းတင်ဖို့ အလုပ်သမားတွေ ပြောနေကြတာကိုကြားရပါတယ်။

ဖီးဟန်ရဲ့ မိသားစုနဲ့ အပေါင်းအသင်းတွေကတော့ ဖီး ဟန်က အငြိမ်းစားယူရမှာကို မုန်းတဲ့အတွက် စိုးရိမ်နေကြပါတယ်။

"နားပြီး အိမ်မှာ တစ်ယောက်တည်းနေရမှာ မကြိုက်ပါဘူး"

ဖီးဟန်ကလည်း မိသားစုနဲ့ အပေါင်းအသင်းတွေကို ဒီလိုပြန်ပြောလေ့ ရှိပါတယ်။

တကယ်ပြောရရင်လည်း ဖီးဟန်ဆိုတာက နယူးယောခ်မြို့တော်မီးသတ်ဌာန ဖြစ်နေပါပြီ။

ဒီဌာနကို ၁၉၅၉ က စရောက်ခဲ့ပြီး ဟိုးအောက်ခြေက စတက်လာခဲ့တာပါ။ ဒီမှာ သူမလုပ်ခဲ့ဖူးတာလည်း မရှိတော့ဘူး။ ခေတ္တ မင်းကြီးရာထူးအထိပေါ့။

၁၉၉၆ က ဇနီးသေတုန်းကသာ ခွင့်ယူခဲ့ဖူးပါတယ်။ နေ့စဉ် မနက်(၇)နာရီ ရောက်ပြီး ညနေကျတော့ (၈)နာရီကျော်မှ ပြန်တယ်။ ဒါက သူ့ကျင့်စဉ် **Yoga** လို့ ခေါ်ထားခဲ့ကြပါတယ်။ အရွယ်နဲ့ အမြော်အမြင်ကြီးတာကြောင့်လည်း ဒီလိုခေါ်ကြတာပါ။

ပြီးတော့ ဖီးဟန်တို့က မီးသတ်မျိုး၊ အဖေကလည်း မီး သတ်သမား၊ တူရယ်၊ သားရယ်၊ သမက်ရယ်တို့ကလည်း မီး သတ်သမားတွေပါ။

ခုလည်း ထိပ်ဆုံးနားအထိ ရောက်နေပေမဲ့ ဖီးဟန်က

ဗျူရိုကရက်မဟုတ်ဘူး။ သာမန်မီးသတ်သမားလိုပဲ သူ့ကိုယ်သူ ခံယူထားပါတယ်။ 'မင်းကြီး' လို့ ခေါ်တာထက် 'အဘ' လို့ ခေါ်တာကို သူက ပိုကြိုက်တယ်။

နယူးယောခ်မိသားစုကို အပြင်လူဝင်မှာ စိုးတဲ့အထဲမှာ ဖီးဟန်က ထိပ်ကပါနေတယ်။ ၁၉၉၀ ခုနှစ်တွေတုန်းက မြို့တော်ဝန် 'ဒေးဗစ်ဒင်ကင်'က ဒီတပ်ဖွဲ့မှာ အမျိုးသမီးနဲ့ လူနည်းစုတွေထဲက လူမျိုးတွေပါဝင်တာ နည်းနေတာကို ပြောခဲ့တယ်။ အဲဒီအချိန်က လူဖြူမီးသတ်သမား (၉၀) ရာခိုင်နှုန်း ရှိနေတယ်။ ပြီးတော့ အမျိုးသားတွေ ဖြစ်နေတယ်။

ဒါပေမဲ့ တပ်ဖွဲ့စိတ်ဓာတ်၊ ရဲဘော်စိတ်ဓာတ် မပျက်ပြားစေဖို့တော့ ဖီးဟန်က ကာကွယ်ပြောကြားပါတယ်။

"လူမည်းတွေ နေရာပေးချင်ရင် ရေဒီယိုမှာပေးကြပါ။ မီးသတ်တပ်ဖွဲ့ အစဉ်အလာနဲ့ ယဉ်ကျေးမှုကို မဖျက်ကြပါနဲ့။ မီးသတ်တပ်ဖွဲ့က သာမန်လူတွေကိုယ်တိုင် အသက်စွန့် မီးထဲဝင်ကြရတာပါ။ လုပ်ရတဲ့ အလုပ်တွေက ဆန်းတယ်၊ စုံတယ်" လို့ မြို့တော်ဝန်ခန်းမမှာ သဘောထားမေးတဲ့ လူတွေ ကို ဖီးဟန်က ဒီလိုပြောခဲ့ပါတယ်။

လမ်းကလေးတစ်လမ်းမှာ ပျင်းရိငြီးငွေ့ဖွယ်ကင်းလှည့်နေတဲ့ ကိုရီးယားစစ်မြေပြင်က တပ်သားတွေရဲ့ 'ခရမ်းရောင်အသည်း' တံဆိပ် (၂) ကြိမ် ချီးမြှင့်ခံရပါတယ်။

ဖီးဟန်က စစ်သားတွေရဲ့ စိတ်၊ သူမီးသတ်သမားတွေရဲ့ စိတ်၊ စိတ်နေစိတ်ထားကို တကယ်အလေးထားတဲ့လူ ဖြစ်ပါတယ်။ သူတို့တစ်တွေအနေနဲ့ သိပ်များများကြီး မသိကြတာကောင်းတယ်လို့လည်း ဖီးဟန်က ယူဆပါတယ်။ စစ်သည်တွေနဲ့ ကယ်ဆယ်ရေးသမားတွေဟာ တစ်ဖက်သတ်ယုံကြည်တဲ့

စိတ်နဲ့ တာဝန်ထမ်းဆောင်ကြတာက အကောင်းဆုံး ဖြစ်ပါတယ်။ ဒါပေမဲ့ ဖီးဟန်မှာ အသည်းနှလုံးတော့ ရှိပါတယ်။ သူ့တပ်သားတွေ ထိခိုက်ပြီဆိုရင် ခုတင်နားက မခွာတော့ပါဘူး။

ဒါကြောင့် သူတို့အဘ အငြိမ်းစားယူသွားမှာကို အလွန်စိုးရိမ်နေကြပါတယ်။

စက်တင်ဘာ (၁၁) အရက်ဦးမှာ သူ နေ့စဉ်လို နိုးပါတယ်။ (၆) နာရီ မထိုးခင် အလုပ်ကို ထွက်လာခဲ့ပြီး အလုပ်ခွင်ရောက်မှ နံနက်စာစားတယ်။

အရပ် (၆) ပေ၊ ပေါင် (၁၈၀) သူ့ကြံ့ခိုင်မှုအပြည့်နဲ့ ခန္ဓာကိုယ်အတွက် ကြက်ဥနှစ်လုံးနဲ့ ဝက်ပေါင်ခြောက်တို့ကို ကော်ဖီပူပူနဲ့ မျှောချလိုက်ပါတယ်။ နို့နဲ့ သကြားကိုတော့ သူ မမှီဝဲတော့ပါ။

နေခြည်ဦးနဲ့အတူ အလုပ်ခွင်ထဲ လျှောက်တော့သည်။ ကြည့်သည်၊ ပြောသည်။

"ဒီနေ့လည်း သာယာမယ့်နေ့ ဖြစ်လိမ့်မယ်"

ဘုရား၊ ဘုရား၊ ဘုရား

သူ့ကိုယ်သူ ညွှန်ကြားထားတဲ့အတိုင်း အတ်တာ သေသေချာချာရေးတဲ့ 'နောက်ဆုံးည'ဆိုတဲ့ စာရွက်ထဲကအတိုင်းသာလုပ်မယ်ဆိုရင်တော့ –

သူ့တစ်ကိုယ်လုံးက ပိုလျှံနေတဲ့ အမွေးအမှင်တွေအားလုံး ရိတ်ပြီး ရေမွေးနဲ့ ဆုပ်နယ်ပေးရမယ်။ ဓားတွေလည်း ထက်အောင် သွေးရမယ်။ ဘုရားကို မပြတ်မလပ်အာရုံပြုနေရမယ်။ ကားပေါ်မှာ လေဆိပ်မှာ ဘော့စတွန်သွား လေယာဉ်ပေါ်မှာ ခရီးစဉ် (၁၁) ပထမတန်းက သူ့နေရာသူ ထိုင်မိတဲ့အထိ ဘုရား

ကို အာရုံပြု ဆုတောင်းနေရမယ်။

ပြီးတော့ သူ့ကိုယ်သူ ရေးပြီး မှာကြားတာလည်း ရှိပါသေးတယ်။

“ပျော်ပျော်နေပါ။ အကောင်းကိုပဲ စိတ်ကူးပါ။ မြင်ပါ။ တည်တည်ငြိမ်ငြိမ်နေပါ။ ဘာကြောင့်လဲဆိုတော့ သင်ဟာ ဘုရားသခင် ချစ်မြတ်နိုးတဲ့ အလုပ်ကို သွားလုပ်ရတော့မှာမို့ ပါ။ ဘုရားသခင်က နှစ်သက်လက်ခံပါလိမ့်မယ်။ အဲဒါ ဒီနေ့ပဲ။

ဘုရားသခင် အလိုတော်အတိုင်း ဖြစ်ပါစေ။ နတ်ဘုံ နတ်နန်းမှာ နတ်သမီးတွေနဲ့ ပျော်ရွှင်နိုင်ပါစေ”

နံနက် (၇) နာရီ (၅၉) မိနစ်မှာ အမေရိကန် လေကြောင်းခရီးစဉ် (၁၁) ဘော့စတွန်၊ ‘လိုဂန်’လေယာဉ်ကွင်းက ခရီးသည် (၈၁) ယောက်၊ လေယာဉ်ဝန်ထမ်း (၁၁) ယောက်နဲ့ စတင်ထွက်ခွာပါတယ်။

လိုအပ်တဲ့ ပုံသန်းရမယ့် အမြင့်ကို ရောက်ချိန်မှာ နံနက်စာကျွေးပါမယ်။ ပြမယ့်ရုပ်ရှင်က “Dr Do Little 2” ပါ။

ဒါပေမဲ့ (၈) နာရီ (၁၃) မိနစ်မှာ လေယာဉ်မှူးက လေကြောင်းထိန်းက ညွှန်တဲ့အမြင့်ပေ ၃၅၀၀၀ ကို တက်ပြီးပြီလို့ ပြန်သတင်းမပို့ခဲ့ပါဘူး။

လေကြောင်းထိန်းတို့က အံ့သြနေပြီ။

လျှပ်စစ်ပြဿနာများ ရှိသလား။

အဲဒီအချိန် ရေဒါပေါ်က အဲဒီလေယာဉ်ဟာ ရုတ်တရက် တောင်ဘက်ကို လှည့်ထွက်သွားတယ်။ မိနစ်အနည်းငယ်နေတော့ ရိုးရိုးတန်းက ခရီးသည်တွေကို တာဝန်ယူရတဲ့ လေယာဉ်အကူ ဝန်ထမ်း (၂) ယောက်ဆီက ဒုက္ခကြုံနေတဲ့ ခေါသံမျိုးကို မြေပြင်

က အမေရိကန်လေကြောင်းလိုင်း ကြီးကြပ်သူများ ဖမ်းယူလိုက်ပါတယ်။

အရှေ့အလယ်ပိုင်းက လူတွေက ခရီးသည်တွေကို တိုက်ခိုက်နေတယ်။ ပထမတန်းက လေယာဉ်အကူနှစ်ယောက်လည်း တိုက်ခိုက်ခံနေရတယ်။ သူတို့လည်ပင်းတွေကို လှီးဖြတ်ပစ်တယ်။ သူတို့လေယာဉ်မောင်းတဲ့အခန်းကို ဝင်တယ်။ စီးမိသွားကြတယ်။

မြေပြင်က အမေရိကန်လေကြောင်းလိုင်း ထိန်းချုပ်သူက လေယာဉ်အကူအမျိုးသမီးတွေကို ခု လေယာဉ်ရောက်တဲ့နေရာကို သိသလားလို့ မေးလိုက်ပါတယ်။ 'မက်ဒလင်းအေမိုဆွိုးနေး'ဆိုတဲ့ အဲဒီလေယာဉ်မယ်က "ကျွန်မ ရေတွေမြင်ရတယ်။ အဆောက်အအုံတွေကိုလည်း မြင်ရတယ်။ ဘုရား၊ ဘုရား၊ ဘုရား"

ဒါကိုပဲ မြေပြင်က ကြားလိုက်ရပါတယ်။

ရေတွေက ဟဒ်ဆန်မြစ်။

အဆောက်အအုံတွေက နယူးယောခ်မြို့တော်။

လေကြောင်းလိုင်း (၁၁) ရဲ့ လေယာဉ်ကြီး။ ဂျက်လေယာဉ်ဆီ ဂါလံပေါင်းနှစ်သောင်း၊ တစ်နာရီ မိုင် (၅၀၀) အရှိန်နဲ့ ကမ္ဘာကုန်သွယ်ရေးဗဟိုဌာန မိုးထိတိုက်ကြီး (၂) ခုရဲ့ မြောက်ဘက်တိုက်ကြီးရဲ့ ထိပ်ဆုံးအထပ်တွေကို အတ်တာက ထိန်းချုပ်ပဲ့ကိုင် ဝင်တိုက်လိုက်တယ်လို့ စစ်ဆေးသူတို့က ယုံကြည်နားလည်လိုက်ပါတယ်။

သူ့ညွှန်ကြားချက်က ...

"ဘုရားကို အာရုံပြုရင်း သင့်ဘဝကို အဆုံးသတ်ပါ။ ပစ်မှတ်နဲ့ မထိခင် စကွန့်ပိုင်းအလိုမှာ သင့်နောက်ဆုံးစကားကို

ဆိုလိုက်ပါ။

“ဘုရားက တစ်ဆူပဲ ရှိတယ်”

အဲဒီအချိန်မှာ အတ်တာမျက်နှာ ဘယ်လိုရှိနေလိမ့်မယ် ဆိုတာကိုပဲ တွေးပြီး အံ့သြနေမိပါတယ်။

မျက်နှာသေသေ မာမာနဲ့ စူးစိုက်ကြည့်နေတဲ့ သူ့ဓာတ်ပုံထဲက မျက်လုံးအစုံကိုသာ မြင်မိပါတယ်။

ဒါမှမဟုတ်ရင် ...

နောက်ဆုံးအချိန်မှာ အတ်တာ ပြုံးများ ပြုံးနေသလား မသိပါဘူး။

မီးမိုးရွာပြီ

အလုပ်ကို အရက်ဆွဲသလို ဆွဲနေတဲ့ ဗာဂျင်နီးယား ဒီချိယာရာက အမြဲလို (၇) နာရီဆိုရင် အိမ်က ထွက်ခဲ့ပါပြီ။

စက်တင်ဘာ (၁၁) နံနက်ခင်းက လှလွန်းလှလို့ ချိယာရာ အိမ်က မခွာနိုင်အောင် ဖြစ်ခဲ့တယ်။ နည်းနည်းတော့ အချိန်ဖြုန်းရင်း အေးအေးနေလိုက်ဦးမယ် စိတ်ကူးပြီး ခွေးလေးနှစ်ကောင်ကိုလည်း လွှတ်ပေးပြီး သူတို့နဲ့ ဆော့နေမိခဲ့တယ်။ ကြက်ဥလည်း ကြော်စာပြီး ကော်ဖီလည်း သောက်နေလိုက်မိပါတယ်။

အဲဒီနေ့က အလုပ်ကို ခါတိုင်းလို အပြေးအလွှားသွား ချင်စိတ်လည်း မရှိခဲ့ဘူး။

(၇) နာရီ (၄၀) မိနစ်ကျမှ အိမ်ကထွက်ဖြစ်ခဲ့တော့တယ်။

အဲဒီ မိနစ် (၄၀) နောက်ကျလိုက်တာက ချိယာရာ့အသက်ကို ကယ်လိုက်သလို ဖြစ်သွားခဲ့ပါတယ်။ ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုဌာနရဲ့ မြောက်ဘက်မိုးထိ တိုက်ကြီးရဲ့ ဧည့်ကြိုဆောင်ထဲ

သူရောက်သွားတော့ (၀၈း၄၀) ရှိနေပါပြီ။ (၇၈)ထပ်အထိ ဓာတ်လှေကားနဲ့ တက်ခဲ့ရတယ်။ ပြီးမှ အဲဒီအထပ်က ဧည့်ကြို ဆောင်ကို ဖြတ်ပြီး နောက်ထပ်ဓာတ်လှေကားတစ်စင်းနဲ့ သူ့ ရုံးခန်းရှိရာ (၁၀၁) ထပ်ကို တက်ခဲ့ရပါတယ်။ ဓာတ်လှေကား တံခါးပွင့်သွားလို့ ဝင်ပြီး (၁၀၁) ကို နှိပ်လိုက်တယ်။

အဲဒီတော့ (၀၈း၄၆) ရှိနေပါပြီ။ ဓာတ်လှေကားတံခါး လည်း ပိတ်လိုက်ရော လေကြောင်းလိုင်း (၁၁)က ဝင်တိုက် လိုက်တော့တာပါပဲ။ သူတို့ခေါင်းပေါ် အထပ် (၂၀) လောက်က အနောက်ဘက်နံရံကို တိုက်လိုက်တာ ဖြစ်ပါတယ်။

ဓာတ်လှေကားလည်း မည်းမှောင်သွားပြီ ဘောလုံးတစ် လုံးလို ခုန်ပေါက်နေပါတယ်။ ဓာတ်လှေကားအပြင်ဘက်က လိုင်းနှစ်ကွေ့ ပတ်ပစ်လွှတ်လိုက်သလို သွားတာမြင်ရတာကို တော့ မှတ်မိလိုက်တယ်လို့ ချီယာရာက ပြောပြပါတယ်။ ဓာတ်ကြိုးတွေက ပြတ်ပြီး လျှပ်စစ်ဓာတ်တွေက အန်ထုတ်နေ တယ်လို့ ပြောတယ်။ အာလုံးလည်း အော်ကုန်ကြပါပြီ။ သူ့ ရှေ့က ရွိုင်းဘဲလ်ကတော့ သူ့ခေါင်းထက်က (၆) လက်မ အကွာလောက်မှာ သံပြားကြီးကို တူနဲ့ ထုနေသလို ခံရတယ်လို့ နောက်ကျတော့ ပြောပါတယ်။ ဓာတ်လှေကားအိမ်ရဲ့ ညာဘက် နံရံပြိုလာပြီး ဘဲလ်ကို ဖိတယ်၊ ဘဲလ်ဘယ်လက်ချောင်းတွေ ပြတ်သွားတယ်။ ထူးထူးဆန်းဆန်း ဓာတ်လှေကားတံခါး တစ်ပေ လောက်ပွင့်သွားတုန်း ဘဲလ်က ပြေးထွက်ပြီး သူတို့ကိုလည်း ခေါ်ပါတယ်။ ဘဲလ်လည်း အော်သံမကြားရတော့ သူမီးလောင် မခံရဘူးဆိုတာသိလို့ ချီယာရာ ပြေးထွက်လိုက်လို့ လွတ်သွား တယ်။ ဓာတ်လှေကားပေါက်ကို မနည်းကိုယ်နဲ့ တွန်းတားပြီး ထွက်ခဲ့ရပါတယ်။ လုပ်ဖော်ကိုင်ဖက်တစ်ယောက် ကျန်ခဲ့လို့

စိတ်မကောင်းဘူး။ တာဝန်မကျေရာလည်း ရောက်တယ်လို့ ကိုယ့်ကိုယ်ကို ယူဆနေမိပါတယ်။

အပြင်ရောက်မှ သူ့ဆံပင်တွေ မီးစွဲလောင်ပြီး ပါလာတာသိလို့ ငြိမ်းသတ်ရပါတယ်။

ဆံပင်တွေက မီးတွေကို နိုင်လိုက်လို့ အေးပြီ ထင်တုန်းမှာ သူ့ပခုံးတွေက မီးလောင်နေတာကို တွေ့ရပြန်တယ်။ ကျောတွေလည်း မီးလောင်လို့ပါ။ ဟိုပုတ်ဒီခတ်နဲ့ လုပ်ရင်းက ငယ်ငယ်က မူလတန်းကျောင်းမှာ ဆော့ကြရင် မြေလူးရတာကို သတိရလို့ ကော်ဇော်ပေါ်လဲချပြီး ဟိုလှိမ့်ဒီလှိမ့် တော်တော်လုပ်လိုက်မှ မီးက ငြိမ်းသွားပါတယ်။

လက်မောင်းတွေ ပခုံးတွေ၊ ကျောတွေတော့ မီးလောင်ထားလို့ ရဲရဲနီနေပါပြီ။

ဓာတ်လှေကားဘက်ဆီမှာ မီးတွေက မိုးသီးမိုးပေါက်တွေလိုကျနေတုန်းပါ။ လူကတော့ ရူးသလို ကြောင်သလို ဖြစ်နေတယ်။ မီးတောက်ထဲတိုးထွက်ဖို့ မျက်နှာကို လက်ဝါးနှစ်ဖက်နဲ့ အုပ်ထား နိုင်အောင် ပိုက်ဆံအိတ်ကိုလည်း ဓာတ်လှေကားထဲပစ်ထားခဲ့ရပါတယ်။ ငွေအထပ်လိုက်နဲ့ အားလပ်ရက်လည်ဖို့ လေယာဉ် လက်မှတ်တွေလည်း ပါနေခဲ့တယ်။ ပြန်ယူဦးမလားမေးမိပြီးမှ နေစမ်းပါစေလို့ ကိုယ့်ကိုယ်ကို ပြန်ဖြေလိုက်မိတယ်။

ပေ (၂၀) လောက် တွားသွားပြီး နံရံကို မှီနားနေရပါတယ်။

လုပ်ဖော်ကိုင်ဖက် “အရီရွှန်ဘရွှန်”ကို မြင်လိုက်လို့ လှမ်းခေါ်ရတယ်။

အရီ ကျွန်မကို ကြည့်လိုက်ပုံကို မြင်တာနဲ့ ကျွန်မ ဒဏ်ရာတွေ ဘယ်လောက်ဆိုးတယ်ဆိုတာ ကျွန်မ သိလိုက်ပါ

ပြီ၊ ပြီးတော့ ဒဏ်ရာတွေကလည်း နာစပြုလာပါပြီ။

“မပူနဲ့နော်၊ ကယ်ဆယ်မယ့်လူတွေ ရောက်လာလိမ့်မယ်”

အရီက အားပေးရှာပါတယ်။

“ရှင်ဘာပဲလုပ်လုပ် ကျွန်မကိုတော့ မထားခဲ့ပါနဲ့”

“စိတ်ချ၊ ကျွန်တော် ခင်ဗျားကို မထားခဲ့ပါဘူး”

အရီက အားပေးတယ်။

အားလုံးမှောင်နေတယ်။ ဂျက်လေယာဉ်ဆီ မီးလောင်တဲ့ အနံ့ကလည်း မခံနိုင်အောင် ဖြစ်လာတယ်။ အရီက သူ့ကိုတွဲပြီး ဓာတ်လှေကားနောက်နားက လုံခြုံရေးအခန်းဆီ ခေါ်သွားတယ်။ အဲဒီမှာ မီးက လင်းနေသေးတယ်။

အဲဒီမှာ လူတစ်ဒါဇင်လောက်တွေ့ရပါတယ်။ လုံခြုံရေးက နှစ်ယောက်လည်းပါတယ်။ ချီယာရာကို ကြမ်းပေါ်လှဲထားရတယ်။ သတိလစ်သွားတော့မလို ဖြစ်နေပါတယ်။ အနားက အမျိုးသမီးတစ်ယောက်ကလည်း ငိုနေတယ်။ လုံခြုံရေးတစ်ယောက်က ဖုန်းဆက်လို့ မရနိုင်လို့ ဒေါသထွက်နေတယ်။

လုံခြုံရေးတစ်ယောက်ကလည်း ရေဒီယိုနဲ့ ဆက်နေပေမဲ့ ထွက်လာသမျှက အော်သံတွေသာ ဖြစ်နေပါတယ်။

ဘဲလ်လည်း လုံခြုံရေး ရုံးခန်းဆီ ရောက်လာပါတယ်။

မီးသတ်က လူကြီးတစ်ယောက် ရုတ်တရက် ရောက်လာပါတယ်။

ဒီမိုးထိတိုက်ကြီးအလယ်မှာ လှေကားအိမ်ကြီး ရှိတယ်။ အဲဒါကို သုံးပြီး ဆင်းကြပါလို့ ပြောပါတယ်။

အရီက တစ်ယောက်ယောက်လာကယ်တာကို စောင့်မလား၊ တဖြည်းဖြည်းလျှောက်ဆင်းကြမလားလို့ နားနားကပ်

ပြောပါတယ်။

ဒီချိုယာရာအတွက် ရွေးစရာလမ်းမရှိပါ။ ဒီမှာ ထိုင်စောင့်ပြီး ကယ်မယ့်လူကို စောင့်လို့ ဘယ်ဖြစ်ပါ့မလဲ။

ဒီချိုယာရာ အံကြိတ်ပြီး ထလိုက်တယ်။ လှေကားရှိရာဆီကို လျှောက်သွားခဲ့ပါတယ်။

တစ်မိနစ် တစ်ထပ်

"ဆရာကြီး"

"ဆရာကြီးလာကြည့်ပါဦး"

ဖိုးဟန်ရဲ့ ယာဉ်မောင်းလည်းဖြစ် ကိုယ်ရံတော်လည်းဖြစ်တဲ့ ပီတာဂူဒက်တီက သူ့ဆရာကို အလန့်တကြား အော်ခေါ်ပါတယ်။

"လေယာဉ်တစ်စင်း ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုဌာနထဲ ဝင်သွားတယ်"

"ဘုရားရေ"

ဖိုးဟန် မြင်လျှင်မြင်ချင်း တစ်ချက်ဘုရားတလိုက်ပြီး တစ်ခဏအတွင်း ...

"ကဲ ... သွားကြစို့"

ဖိုးဟန် ကားဆီသွားရင်း အားလုံးကို အမိန့်ပေးလိုက်ပါတယ်။

အတွင်းရေးမှူးတချို့ ပျာယာခတ်နေပြီး ငိုသူက ငိုကြတယ်။

"ဘုရား ... ဘုရား၊ ကဲ ... အားလုံး အေးအေးနေကြစမ်းပါ"

"ဘာဖြစ်နေကြတာလဲ၊ အဆောက်အအုံတစ်ခုကို လေယာဉ်ဝင်တိုက်တာ မကြုံဖူးခဲ့ကြပဲကိုး"

ဖီးဟန်က သူ့လူတွေကို ထိန်းရင်းပြောပါတယ်။

ဖီးဟန်က ဒါမျိုးကြုံဖူးပါတယ်။

၁၉၄၅ က နှင်းထူထူမှာ ဗုံးကြဲလေယာဉ်ကြီးက အင်ပါယာစတိတ် မိုးထိတိုက်ကြီးကို ဝင်တိုက်မိခဲ့ဖူးပါတယ်။ (၇၈) ထပ်နဲ့ (၇၉) ထပ်ကြား တိုက်မိတဲ့ လေယာဉ်စက်ကြီးတစ်လုံးက ပြုတ်ထွက်သွားပြီး တိုက်ထဲဝင်သွားခဲ့တယ်။ တိုက်ထဲက ဓာတ်လှေကားအိမ်ကြီးကို စက်ကြီးက ဝင်ထိမှန်လိုက်တော့ ဓာတ်လှေကားကြီးပါ အောက်ကို ပြုတ်ကျလိုက်တာ ဗုံးဖောက်ခွဲလိုက်သလို ဖြစ်သွားခဲ့ဖူးပါတယ်။

ဂူဒက်တီ၊ ဂိုးလ်ဘက်နဲ့ ဒုတိယမင်းကြီးတွေဖြစ်ကြတဲ့ တွမ်မက်ဒိုနယ်နဲ့ တွမ်ဖစ်ဇ်ပက်ထရစ်တို့ ဓာတ်လှေကားဆီ အရေးတကြီး ပြေးကြပါတယ်။

“ကိုယ့်လူတို့ နေကြစမ်းပါဦး”

မချိုပြုံးလေးပြုံးရင်းက ဖီးဟန်က သူ့လက်ကဘေးနည်းနည်းလေးကားရင်း လက်ဝါး (၂) ဖက်ကို အောက်ဖိပြရင်း အတန်းထဲ ကလေးတွေ ငြိမ်အောင်ထိန်းတဲ့ ဆရာကြီးဟန်မျိုးနဲ့...

“အဲဒီကို တကယ်အပြေးသွားကြတော့မလို့လား။ ဒါမှမဟုတ်ရင် လမ်းလျှောက်သွားကြမလို့လား”

ဖီးဟန်က ရှေးကတည်းကရှိလာတဲ့ ဆိုရိုးစကားအတိုင်း

“မီးသတ်သမားဆိုတာ မပြေးရဘူး”လို့ အမြဲ လိုက်နာခဲ့ပါတယ်။

မီးသတ်သမားတစ်ယောက်အနေနဲ့ အရေးကြီးတာက တည်ငြိမ်ရမယ်။ ပြီးတော့ လုပ်ရမယ့် အလုပ်ရဲ့ အတိုင်းအတာကို ချိန်ဆနိုင်ရမယ်။ ပြီးမှ အမြန်ရောက်အောင် သွားရမယ်။

ကားနဲ့သွားရင်း သူတို့ဌာနကဆက်သွယ်ရေးကိုခေါ်မရ

လို့ ဖိုးဟန် တော်တော် အလိုမကျ ဖြစ်နေခဲ့တယ်။

“ကား (၂) က မင်ဟတ်တန်”

“ကား (၂) ကမ္ဘာကုန်သွယ်ရေး ဗဟိုဌာန ဖြစ်ပွားရာဆီ သွားနေပြီ”

ဖိုးဟန်တို့က သတင်းပို့နေပေမဲ့ ဘာတုံ့ပြန်ချက်မှ ပြန်မကြားရ။

ကားမောင်းနေရင်းက ဂူဒက်တီက သူ့ဆရာကြီးကို လှမ်းကြည့်တယ်။ အရင်ကမတွေ့ခဲ့ဖူးတဲ့ ဆရာကြီးမျက်နှာတစ်မျိုးကိုမြင်နေရတယ်။ စိုးရိမ်နေသလိုလို ရွံ့နေသလိုလိုမျိုးဖြစ်နေပုံရတယ်။

ကားထဲက လူတွေအားလုံး ငြိမ်နေတယ်။ ဘယ်လိုလုပ်ကြမယ်လို့လည်း ဗျူဟာကို ဆွေးနွေးမယ့် လူမရှိ၊ မီးခိုးတွေတလူလူ အူထွက်နေတဲ့ ဒဗလျူတီစီကိုတော့ မြင်နေကြရတယ်။

“လုပ်လို့ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာက တစ်ဝက်စီလို ဖြစ်နေတယ်”

မက်ဒိနယ်က မဝံ့မရဲနဲ့ ဝင်ပြောကြည့်ပါတယ်။ ကားထဲက လူ (၅) ယောက်လုံးကလည်း သဘောပေါက်နေကြတာရှိပါတယ်။ မီးလောင်နေတဲ့ အပေါ်က အထပ်တွေက လူတွေကို ကယ်ဆယ်နိုင်ဖို့ကတော့ ဖြစ်နိုင်ဖို့ လမ်းအလွန်နည်းလှပါတယ်လို့ ပြောရမယ့် အနေအထားကနေ လုံးဝ ကယ်နိုင်မှာ မဟုတ်ပါဘူးလို့ ပြောရတော့မယ့် အခြေအနေဖြစ်တယ်ဆိုတာကို သဘောပေါက်နေကြပါတယ်။

ဖစ်ဇ်ပက်ထရစ်ကတော့ စိတ်ထဲမှာ တွက်ကြည့်မိတယ်။

ကယ်ဆယ်ရေးပစ္စည်းတွေ လေးလေးလံလံ သယ်ပြီးတက်သွားမယ့် မီးသတ်သမားတစ်ယောက်ဟာ ဒီလိုမီးတွေ

လောင်နေတဲ့ အဆောက်အအုံပေါ်ကို လှေကားအတိုင်း တက်သွားရင် တစ်ထပ်တစ်မိနစ်တော့ ကြာပါတယ်။ အဲဒီနှုန်းနဲ့ဆိုရင် မီးလောင်နေတဲ့ အထပ်ကို တစ်နာရီခွဲကြာမှ ရောက်နိုင်ပါလိမ့်မယ်။

ဖီးဟန်ကလည်း သူ့စရိုက်အတိုင်း ဟာသဉာဏ်ကွန့် မြူးပါသေးတယ်။

"ဒီကိစ္စက အခြေခံတွေ ဆန့်မဲပေးကြရာမှာ ထိခိုက်ကုန်လိမ့်မယ်လို့များ ထင်နေကြသလား"

နယူးယောခ်မှာ ဒီနေ့က ရီပတ်ဗလီကန်နဲ့ ဒီမိုကရက်ဖြို့တော်ဝန်လောင်းတွေကို မဲပေးရမယ့်နေ့ဖြစ်နေပြန်ပါတယ်။

မီးလောင်နေတဲ့ မိုးထိတိုက်ကြီးနဲ့ လမ်း (၂) ကွက်အကွာမှာ ကားကို ရပ်လိုက်ကြပါတယ်။ ကားနောက်ပိုင်းကနေ မီးခံအင်္ကျီကြီးတွေ ထုတ်ပေးတယ်။ နာမည်ကိုယ်စီနဲ့ အင်္ကျီတွေကမှောင်ထဲမှာလည်း မြင်ရအောင် လုပ်ထားတယ်။ အထူးစီမံထားလို့ ပေါင် (၂၀) တောင်လေးတယ်။

"ဟေ့ ... တွမ်"

"ခုဟာကတော့ တကယ်သမိုင်းဝင်မယ့် အလုပ်ပဲဟေ့"

ဖစ်ဇ်ပက်ထရစ် ပခုံးကို လှမ်းပုတ်ပြီး ဖီးဟန်က ပြော လိုက်ပါတယ်။

ဖီးဟန်နဲ့အဖွဲ့ရှေ့တိုးဝင်သွားရာ လမ်းတစ်လျှောက်မှာ လူတွေထွက်လာနေကြတာကို တွေ့နေရပါတယ်။ လူတွေက ထိတ်လန့်တုန်လှုပ်နေကြပါတယ်။

"လူတွေ ထွက်ကြ ထွက်ကြ၊ တိုက်ကြီး ပြိုကျလာလိမ့်မယ်"

ဖီးဟန်ရဲ့ ယာဉ်မောင်း ဂျဒက်တီ ပြောနေပြန်တယ်။

သူ့အသိစိတ်ကိုက ဒီတိုက်ကြီး ပြိုကျလိမ့်မယ်လို့ သိနေပုံရပါတယ်။

လွန်ခဲ့တဲ့ (၂၅) နှစ်က ဂူဒက်တီနဲ့ ဗိသုကာအင်ဂျင်နီယာတစ်ယောက်နဲ့ ပြောဖြစ်ခဲ့တဲ့ စကားကို သွားသတိရမိနေပါတယ်။ ဒီတိုက်ကြီးရဲ့ အထပ် (၈၀) ကို ဂျက်လေယာဉ်ဆီအပြည့်နဲ့ ကုန်တင်ယာဉ်ကြီးတစ်စင်း တိုက်မိရင် ဘယ်လိုဖြစ်မလဲ။ အပေါ်က အထပ် (၃၀) ပြိုသွားမှာလားလို့ မေးမိတယ်။ ဗိသုကာကလည်း အဲဒီလိုမျိုးတွေကို ခံနိုင်အောင် ပုံစံထုတ်ဆောက်ထားလို့ မပြိုနိုင်ဘူးလို့ ပြောပါတယ်။

ဒီကိစ္စကို ဂူဒက်တီက ဖီးဟန်သိအောင် မပြောခဲ့ပါဘူး။ လူတွေကလည်း ဒီမိုးထိတိုက်အမြွာညီနောင် အတူတူပြိုကျလာလိမ့်မယ်လို့တော့ မပြောခဲ့ကြပါဘူး။

သူတို့တစ်အုပ်လုံး ခြေလှမ်းသွက်သွက်နဲ့ မီးလောင်နေတဲ့ နေရာနားဆီကို သွားခဲ့ကြပါတယ်။

သာယာတဲ့နေ့တစ်နေ့ပါ

“ရာသီဥတုကလည်း သာယာပါတယ်။ ရာသီလည်း မဆိုးဘဲနဲ့ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနကို လေယာဉ်တစ်စင်းက ဝင်တိုက်ရတယ်လို့”

ဒုတိယသမ္မတ ဒစ်ချီနေက သူစဉ်းစားနေခဲ့ပုံကို ပြန်ပြောပြနေပါတယ်။

အိမ်ဖြူက အရာရှိတွေလည်း သတင်းတွေ ဟိုတစ်စ ဒီတစ်စသာရသည်၊ ပြည့်ပြည့်စုံစုံ မသိကြ။ ဒုတိယသမ္မတရဲ့ ရုံးအဖွဲ့မှူးနဲ့ နိုင်ငံတော်လုံခြုံရေးအဖွဲ့ အဖွဲ့ဝင်လစ်ဘီကို သူ့လက်ထောက်ဂျင်နီမေဖီးလ်က ဒဗလျူတီစီကို လေယာဉ်တစ်စင်း

ဝင်တိုက်တယ်လို့ ရုပ်သံက ကြေညာနေတယ်လို့ လာပြောတယ်။

"အဲဒါ အကြမ်းဖက်သမားတွေလုပ်ရပ်လို့ ထင်သလား"

လစ်ဘီက မေးတယ်။

ဘယ်သူက သေသေချာချာ မပြောနိုင်သေးကြောင်း ဂျင်နီက ပြန်ပြောခဲ့တယ်။

လစ်ဘီက တီဗွီကို ဖွင့်ပြီး ပြန်ပိတ်လိုက်ပါတယ်။ အရှေ့အလယ်ပိုင်းကိစ္စ ဆွေးနွေးနေတာကို အနှောင့်အယှက် အဖြစ် ခံနိုင်ပုံမရပါ။

ဂျင်နီက ပြန်ဖွင့်ကြည့်နေလို့ အရေးကြီးလိမ့်မယ်လို့ လစ်ဘီကလည်း ယူဆလိုက်ပါတယ်။ ကြည့်နေရင်း နောက်ထပ် ခရီးသည်တင် လေယာဉ်တစ်စင်းတိမ်စိရဲ့ ညာဘက်ကနေ ပေါ်လာပြီး တောင်ဘက်က မိုးထိတိုက်ကြီးကို တိုက်လိုက်တာ မြင်လိုက်ကြရပါတယ်။ ချက်ချင်းပေါက်ကွဲပြီး မီးရော မီးခိုးရော လုံးထွက်လာတာကိုလည်း တွေ့လိုက်ကြရပါတယ်။

တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ဒါကတော့ မတော်တဆတိုက်မိတာ မဖြစ်နိုင်တော့ဘူးလို့ ပြောလိုက်မိကြတယ်။

အိမ်တော်အနောက်ဘက်ဆောင် ထောင့်ခန်းက ကွန်ဒို လိဇာရိုက်စ်ရဲ့ ရုံးခန်းက ရုပ်သံမှာလည်း တွေ့လိုက်ကြရတယ်။ အစည်းအဝေးသွားခါနီးမှာ မြောက်ဘက်တိုက်ကြီးဖြစ်တာတွေကို မြင်လိုက်ရတယ်။

"တော်တော်ဆန်းတဲ့ မတော်တဆ ဖြစ်မှုပါလား"

ရိုက်စ်က ပြောလိုက်မိတယ်။

ဆာရာယိုဆာဖလောရီခါမှာ ရောက်နေတဲ့ သမ္မတဘုရှ်ထံ ကိုရိုက်စ် ဖုန်းဆက်လိုက်တယ်။ ဘယ်လိုလေယာဉ်လဲလို့ သမ္မတက မေးပါတယ်။ စက် (၂) လုံး တပ်လေယာဉ်လို့ပဲ ပြောလိုက်

တယ်။ ခုထိတော့ ဒီလောက်ပဲ သိရပါသေးတယ်လို့ ပြောလိုက်ပါတယ်။

သူ့လက်ထောက်က စာရွက်နဲ့ရေးပြီး ဒုတိယ လေယာဉ်တစ်စီးက ထပ်တိုက်မိတယ်ဆိုတဲ့ သတင်းပို့ပါတယ်။

ဒါအကြမ်းဖက်သမားတွေ တိုက်တာပဲလို့ သူကတော့ ထင်လိုက်ပါတယ်။ ရိုက်စ်က ထပ်တလဲလဲ ပြန်တွေးပြီး အမေရိကကို တကယ် ပြောင်းလဲပစ်တဲ့အချိန်တော့ ရောက်ပြီလို့ သိလိုက်တယ်။

ပြီးတော့ စကားကို ရပ်လိုက်ပြီး ကျွန်မတော့ သွားမှဖြစ်တော့မယ်ဆိုပြီး ရိုက်စ်ထွက်သွားခဲ့တယ်။

အိမ်ဖြူတော်ရဲ့ နောက်ဆုံးအခြေအနေစုံကို သိရတဲ့ Situation Room ဆီကို ရိုက်စ်သွက်သွက်သွားလိုက်ပါတယ်။

ကြောက်ဖွယ်ရာအဆင့်

ယူနိုက်တက်လေကြောင်းလိုင်း (၁၇၅) တောင်ဘက်က မိုးထိတိုက်ကြီးကို ဝင်တိုက်လိုက်တာကို ဒီချိယာရာ ဘယ်လိုမှ မသိလိုက်ပါဘူး။

အဲဒီ နံနက် (၉) နာရီက မြောက်ဘက်က မိုးထိတိုက်ကြီးရဲ့ မီးလောင်နေတဲ့ (၇၈) ထပ် လှေကားမှာ ဒီချိယာရာ မရမနေ ကြိုးစားနေရတာက သူခြေတစ်ချောင်းရှေ့ကို နောက်ခြေတစ်ချောင်းရောက်သွားဖို့သာ ဖြစ်နေပါတယ်။

သူထွက်လာခဲ့တဲ့ ဓာတ်လှေကားတံခါးဝဆီကို ပြန်လှည့်ကြည့်ဖို့လည်း အချိန်မရပါဘူး။ ဓာတ်လှေကားကလည်း သူထွက်လာတုန်းကလို မရှိတော့ဘူး။ အဲဒီနေရာမှာ အပေါက်မည်းမည်းကြီးတစ်ခုသာ ရှိနေပါတော့တယ်။

"၇၈ ထပ်ကို ကျွန်မ မြင်နေမိပါသေးတယ်။ အရီကို လည်း ပြောမိခဲ့သေးတယ်။ ဘယ်လိုလုပ်ပြီး ဆင်းနိုင်မှာလဲ" လို့ ဘဲလ်က ရှေ့ကသွား ကျွန်မ နောက်က ဆင်းလာခဲ့ကြပါ တယ်။

"ဗာဂျင်နီးယား လဲမယ်ဆိုရင် ရှေ့ကိုသာ လဲချလိုက်၊ ငါ့အပေါ်သာ လဲချလိုက်လို့ အရီက ပြောပြီး ရှေ့က ခေါ်ခေါ် ဆင်းတယ်"

အဲဒီနေ့က လူတွေ၊ သူကို ကူခဲ့တဲ့လူတွေနဲ့ ရွှန်ဘရွှန်ရဲ့ လုပ်ငန်းကို မနှစ်က အလုပ်ဝင်ဝင်ချင်း သူစာရင်းစစ်ခဲ့ရပါ တယ်။

"ပြောစရာတောင် မလိုပါဘူး။ သူက ကျုပ်ရဲ့အကောင်း ဆုံးမိတ်ဆွေ မဟုတ်ပါဘူး"

အရီရွှန်ဘရွှန်က ခုမှ ပြောပြပါတယ်။

"သူ့လုပ်ငန်းကို အတွင်းအပြင် ကျွန်မ အကုန်ဝင်စစ် လိုက်ပါတယ်"

ဒီချိယာရာက တွေ့စက သူလုပ်ခဲ့ပုံကို ပြောပါတယ်။ သူတို့ ဆက်ဆံရေးက အေးတိအေးစက်ပဲ ဖြစ်နေခဲ့တယ်။ နည်းနည်းလည်း တင်းခဲ့တယ်။ ခုတစ်နှစ်လောက်နေတော့ အရီက မီးပင်လယ်ထဲမှာ ဒီချိယာရာကို ကယ်နေပါပြီ။

"အင်း ...လူတွေထဲမှာတော့ အရီ မင်းက တကယ့်လူပဲ"

ဆင်းလာရင်း တစ်ကွေ့မှာ ဒီချိယာရာက အရီကို ကြည့် ပြီး ဒီလို ပြောခဲ့ပါသေးတယ်။

တဖြည်းဖြည်းနဲ့ သူတို့အောက်ကို ဆင်းလာခဲ့နိုင်တယ်။ အောက်မှာက မီးရောင်တွေထိန်လို့ မီးခိုးတွေ မှိုင်းတွေလည်း မရှိဘူး။

သူတို့ဆင်းလာလို့ (၅)ထပ်လောက်ပဲ ရှိဦးမယ်။ အရှိ ဆဲလ်ဖုန်းက မြည်လာတယ်။ ဒီလိုအဆောက်အအုံထဲမှာ အဆက် အသွယ် ရလိုက်တယ်ဆိုတာကလည်း အံ့သြဖို့ကောင်းတယ်။ အရှိ့ဇနီးက ဆက်တာပဲ။

"ဟန်နီ ကိုယ် ဘာမှမဖြစ်ဘူး၊ လှေကားအတိုင်းဆင်းလာနေတယ်။ အောက်ကိုတော့ ရောက်အောင် ဆင်းနေတယ်။ သိပ်ကောင်းလှတဲ့ အခြေအနေတော့ မဟုတ်ဘူး"

အရှိက ဇနီးကို လှမ်းပြောပြီး ဆက်ဆင်းတယ်။ ဒီချီယာရာ အားရှိအောင်လည်း အထပ်တွေကို ရေတွက်ပြီး အရှိက ဖေးမပြီးဆင်းတယ်။ ၅၀၊ ၄၉၊ ၄၈ ...

"အေး၊ မင်း တော်တော်ဆင်းနိုင်ပါတယ်။ ဆက်သာဆင်း နေနော်"

သူ့ကိုလည်း အရှိက အထပ်တွေရေရင်း အားပေးနေပါသေးတယ်။

ဒီချီယာရာစိတ်မှာတော့ တစ်ခုပဲ ရှိတော့တယ်။

"ခြေတစ်ဖက်ရှေ့ကို နောက်ခြေတစ်ဖက် လှမ်းလိုက်နိုင်ဖို့"သာ ဖြစ်ပါတယ်။

ဒီချီယာရာက "ဖရင်ကင်စတိန်း" စတိုင်မျိုးနဲ့ ရှေ့ကို လက်တွေဆန့်ထုတ်ထားတာတွေ့ရပါတယ်။ အဲဒီအချိန်မှာတော့ တစ်ကိုယ်လုံးက နာတာကျင်တာလည်း မရှိပါဘူး။ အောက်ကို ရောက်ချင်တဲ့စိတ်က ဆောင်နေတာကိုး။

ဒီချီယာရာ ကံကောင်းတယ်လို့ ဆိုရမယ်။ သူ့(၅)ပေ (၉) လက်မရှိတဲ့ အရပ်အမောင်းကြီးနဲ့ ခြေနှစ်ချောင်းက ဘာဒဏ်ရာမှ မရလို့ တော်သေးတယ်။ သူ့ခြေက ကြွက်သားတွေက သန်မာနေတယ်။ ပြီးတော့ ဖိနပ်ပါးပါးလေး စီးလာခဲ့မိတာက

လည်း ကံကောင်းလွန်းသွားပါတယ်။

သိပ်မကြာပါဘူး။ လူတွေနဲ့ တိုးတယ်။ အရီက လူတွေကို ဖယ်ပေးပြီး“ကျုပ်မှာ မီးလောင်ဒဏ်ခံထားရတဲ့ လူနာပါလာတယ်။ ညာဘက်ဘေးကပ်ပေးပါ ဟိုရှေ့တိုးရအောင်”

လူတွေကလည်းဖယ်ပေးကြပါတယ်။ ပြောရင်းလည်း အရီက တွဲခေါ်တယ်။

ဒီချိယာရာဆံပင်တွေ မီးလောင်ထားတာ မြင်တော့ လူတွေ လန့်ကုန်ကြတယ်။ ဆက်ကြည့်လေဆိုးလေပဲ။ မျက်ခုံးလည်းလောင်ထားတယ်။ မျက်နှာကလည်း နီရဲရဲကြီး။ လက်မောင်းတွေကလည်း အရေပြားတွေလန်လို့။

မိန်းမတစ်ယောက် လန့်အော်လိုက်လို့ ဒီချိယာရာပါ လန့်သွားတယ်။

“ဘုရား၊ ဘုရား၊ အရီရေ ငါက ဘယ်လို ရုပ်ပေါက်နေလို့လဲ”

“အိုကေ ... အိုကေ မင်း ဘာမှ မဖြစ်ဘူး”

အရီက အားပေးပြီး ဆက်တွဲခေါ်သွားပါတယ်။

ပစ္စည်းတွေအစုံနဲ့ တက်လာတဲ့ မီးသတ်သမားတွေ စတွေ့ရလို့ လမ်းဖယ်ပေးကြရပါတယ်။ သူတို့ကို ကြည့်ပြီး အံ့ဩနေကြပါတယ်။

(၂၃)ထပ်ရောက်တော့ ဒီချိယာရာ မောနေပြီ၊ မိုက်ကယ်ဆာဒီဆိုတဲ့ လူက သူ့စက်တစ်ခုကို ဖွင့်ပေးဖို့ မီးသတ်တွေကို အကူအညီတောင်းပါတယ်။ မီးသတ်တွေက တစ်ချက်နဲ့ ရိုက်ဖွင့်ပေးလိုက်တယ်။ ဖျော်ရည်တွေ ထွက်လာလို့ ဆာဒီက လူတွေကို လိုက်တိုက်ပါတယ်။

မီးသတ်သမား ၁၅၊ ၂၀ လောက်ကလည်း ဒီအထပ်

မှာ စခန်းချပြီး ရှေ့ကို တက်တယ်။ မီးသတ်ဖို့ ပြင်ပါတယ်။

ဒီချိယာရာကို တစ်ယောက်က ရေလာတိုက်ပြီး လက်တွေကို ရေနဲ့လောင်းပေးလို့ တော်တော်လန်းသွားပါတယ်။

အမျိုးသမီးတစ်ယောက်က လန့်အော်နေလို့ ဝိုင်းချော့နေကြရသေးတယ်။

မီးငြိမ်းသတ်ဖို့ ဆက်တက်သွားကြတဲ့ မီးသတ်သမားတွေ အောင်စေကြောင်း၊ ဘေးရန်ကင်းစေကြောင်းလည်း ဝိုင်းဆုတောင်းပေးကြတယ်။

သူတို့မျက်လုံးတွေထဲ သေသေချာချာ ကြည့်လိုက်ကြစမ်းပါ။ တကယ် သတ္တိရှိတဲ့ လူတွေဆိုတာ တွေ့ကြရလိမ့်မယ်။ အတွင်းကစိတ်တွေ အေးချမ်းသွားလိမ့်မယ်။ ကိုယ့်ကိုလည်း ကာကွယ်စောင့်ရှောက်နေကြပြီလို့ ခံစားနေကြရလိမ့်မယ်။

ခဏနားပြီး ဒီချိယာရာတို့အဖွဲ့ အောက်ကို ဆက်ဆင်းကြပါတယ်။

အောက်ဆုံးထပ်က လှေကားအိမ်က ရေပန်းတွေက ရေတွေနဲ့ နစ်မြုပ်စပြုနေပါပြီ။

ဘာဖြစ်ဖြစ် ချော်မလဲစေနဲ့လို့ ဒီချိယာရာက သူ့ကိုယ်သူ သတိပေးလိုက်တယ်။ ရေက ခြေချင်းဝတ်မြုပ်နေပါတယ်။ ရေတွေက ညစ်ပတ်နေလို့လည်း သူက ရွံ့နေသေးတယ်။

ပထမအထပ်ကနေ ချပ်ချလမ်းဘက်ကို ထွက်တဲ့လမ်းကို ရဲတွေက ညွှန်တယ်။ စက်လှေကားနဲ့ သူလမ်းပေါ် အပြင်ဘက်ကို ရောက်သွားကြပါတယ်။

အပြင်မှာ အော်သံတွေ၊ ဥဩသံတွေ၊ ခရာသံတွေ၊ မီးသတ်ကားသံတွေ ဆူညံနေပါတယ်။

မိုးထိတိုက်ကြီးညီနောင်ထိပ်က မီးခိုးတွေ ထွက်နေကြတာကိုလည်း မြင်နေရပါတယ်။

(၀၉း၃၀) လောက် ရှိသွားပါပြီ။ ကြည့်လေရာမှာ 'သွေး' တွေကို ဒီချိုယာရာ မြင်နေရတယ်။

"နိနီရဲရဲကို မြင်လိုက်၊ တွေ့လိုက်ရတာနဲ့ ကျွန်မရဲ့ ခေါင်းကလည်း တခြားဘက်ကို ဖျတ်ခနဲ လှည့်သွားပါတယ်။ မကြည့်ချင်ဘူး၊ ဒီတော့ အောက်ကိုသာ စူးစိုက်ကြည့်နေလိုက်ပါတယ်"

ဒီချိုယာရာက နောက်တော့ ပြန်ပြောပြတယ်။

ရွှန်ဘရွှန်က သူ့ကို လူနာတင်ယာဉ်တစ်စီးဆီကို ခေါ် သွားခဲ့ပါတယ်။

ဆေးအကူအဖွဲ့သားက ချိုယာရာကို လမ်းဘေးတင်ကပ်တုံးပေါ်က အမျိုးသားတစ်ယောက်ဘေးနားသွားထိုင်ခိုင်းထားပါတယ်။ အဲဒီလူက ခြေဆုံးခေါင်းဖျားသွေးတွေနဲ့ပါလား။

မကြည့်ဝံ့တဲ့ ဒီချိုယာရာက ဝေးရာသွားတော့တယ်။

"သူ့နားတော့ မထိုင်ရဲပါဘူး၊ သူ့ကို မြင်လိုက်တာနဲ့ ကိုယ်လည်း ဘယ်လောက်ဆိုးနေတယ်ဆိုတာ သိလိုက်ပါပြီ"

ဆေးအကူသမားကို ဒီလိုလည်း ဖြေလိုက်ရော ချိုယာရာကို လူနာတင်ကားပေါ် တက်ထိုင်ခိုင်းလိုက်ပါတယ်။ ကားပေါ်လည်း သူလိုမျိုး (၂)ယောက်က ရောက်နှင့် နေပါတယ်။ သူ့ကို ရေတိုက်တယ်။ သူ့ရုပ်အင်္ကျီနဲ့ ဘရာစီယာတို့ကို ချွတ်ခိုင်းပြီး လူနာဝတ်စုံ ဝတ်ဆင်ပေးပါတယ်။

"ကျွန်မတော့ မူးမေ့လဲတော့မလို၊ အရေပြားတွေကို တစ်ယောက်ယောက်က ဆွဲဆုပ်နေသလို ခံစားနေရပါတယ်။ တော်တော် အခံရခက်ပါတယ်"

အပြင်ရောက်လို့ နားရတော့မှ ဒဏ်ရာတွေက ဒီချီယာရာ နာကျင်စပြုလာလို့ အရိုကို ပြောနေပါတယ်။ ရှေ့တိုးနောက်ငင် လှုပ်ရှားတုန်လှုပ်နေတဲ့ ဒီချီယာရာက မူးမေ့မသွားတော့တဲ့အပြင် အရိုရွှန်ဘရွှန်ကို အိမ်လိပ်စာနဲ့ ဖုန်းနံပါတ်တွေ ပေးနေလိုက်ပါသေးတယ်။ သူ့အမေဖုန်းနံပါတ်နဲ့ သူ့အိမ်ဖုန်းနံပါတ်တွေ ပါပေးပြီး မိတ်ဆွေသစ်အရို၊ ကယ်တင်ရှင် အရိုကို မော့ကြည့်ပြီး ကျေးဇူးတင်တယ် အရိုလို့ ဒီချီယာရာက ပြောလိုက်ပါတယ်။

စစ်ပြင်ပြီးတိုက်ပွဲဝင်ရပြီ

ဖီးဟန်တို့အဖွဲ့ WTC Plazaသို့ ရောက်ချိန်မှာ တောင်ဘက်က တာဝါကြီးကို ယူနိုက်တက်လေကြောင်း (၁၇၅) က ဝင်တိုက်တော့တယ်။ ဖီးဟန်တော့ တုန်လှုပ်သွားပြီး ဂျက်လေယာဉ်ဆီ မီးလောင်တဲ့အနံ့ကိုပဲ စရှုကြရပါတယ်။ အပူငွေ့ပါလာဟပ်ခံလိုက်ရပြီး ထုပ်တွေတန်းတွေ ပြုတ်ကျလာသည်ကိုပါ မြင်နေရတယ်။

တိုင်ယာမပါတဲ့ လေယာဉ်ဘီးခွေကိုလည်း လွင့်ထွက်လာပြီး ပလာဇာပေါ် ကွေ့ပတ်လိမ့်လွင့်နေတာကိုလည်း မြင်ရတယ်။

ဖစ်ဇ်ပက်ထရစ် ခမောက်မဆောင်းမိလို့ အထိအမှန်ခံနေရပါတယ်။ အပေါ်ကကျလာနေတဲ့ ပစ္စည်းတွေက ဦးထုပ်မပါတဲ့ လူရောပါတဲ့ လူပါ ညှာမှာမဟုတ်ဘူးလို့ ဖီးဟန် သိလာတယ်။ WTC မိုးထိတိုက်ညီနောင် အမှတ် (၂) က ထွက်လာတဲ့ လူတစ်ယောက်ကို ပုံဝဲကျလာတဲ့ မှန်ချပ်ကြီးက (၂) ပိုင်းပိုင်းလိုက်တာကိုလည်း မြင်လိုက်ရတယ်။

အနားလွှင့်လာတဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကို ကြည့်နေလို့တော့ မဖြစ်တော့ဘူးလို့။

ဖစ်ဇ်ပက်ထရစ် သတိဝင်လာပါတယ်။

ဒါပေမဲ့ အပေါ်က ခုန်ချလိုက်တဲ့ လူတွေကိုတော့ ဂရုမထားလို့ မဖြစ်ဟု ပက်ထရစ် စိတ်ကူးလိုက်တယ်။ မြောက်ဘက်က မိုးထိတိုက်ကြီးရဲ့ ၉၄ နဲ့ ၉၈ အထပ်တွေကနေ လူတွေက ခုန်ချနေကြပါတယ်။

နယူယောက်ခ် မီးသတ်က ဒန်နီဆူဟာရ်မှာ ဒီနေ့ ပထမ ဆုံး ကျဆုံးရတဲ့ မီးသတ်သမား ဖြစ်ပါတယ်။ မြောက်ဘက်တိုက်ကြီးဆီ ပြေးသွားတဲ့ ဆူဟာရ်အပေါ် အပေါ်က ခုန်ချလိုက်တဲ့ အမျိုးသမီးတစ်ယောက် ကျလာပြီး နှစ်ယောက်လုံး ပြားသွားခဲ့ပါတယ်။

အပေါ်ကခုန်ချလာတဲ့ လူတွေနဲ့ လေတိုးသံ ဂူးခနဲ ကြားလိုက်ပြီး အောက်က အင်္ဂတေကြမ်းပြင်နဲ့ ထိတဲ့ အသံကြီး ဝုန်းလို့ မြည်သံကြားရပြန်တယ်။ ပြီးတော့ ဆေးနီပုံးကြီးပစ်ခွဲလိုက်သလို နီရဲကုန်လိုက်တာတွေက ဘယ်သူမှ ကြည့်ရဲစရာ မရှိပါဘူး။

ဒါတွေက တိုက်ကြီးညီနောင်ရဲ့ အပြင်မှာ။ အတွင်းမှာက ဒီရီယာရာ လွတ်လာခဲ့တဲ့ ဓာတ်လှေကားမျိုးတွေက လူသေတွေ စုပြုံတင်လာတဲ့ "ခေါင်း"တွေလို တစ်ခုပြီးတစ်ခု အပေါ်က ပြုတ်ကျလာနေပါတယ်။

၁၉၄၅ က ဝင်တိုက်တဲ့ "B25" ရဲ့ အင်ဂျင်စက်လုံးကြီးလိုပဲ မိုးထိတိုက်ကြီးညီနောင်ရဲ့ အတွင်းသားအခြေကို ဗုံးကြီးတွေတစ်လုံးပြီးတစ်လုံး ကျပေါက်ကွဲနေသလို ဖြစ်နေပါတယ်။ အပြင်က ဆောင့်လိုက်တဲ့ ဂျက်လေယာဉ်အားနဲ့ ဓာတ်ကြိုးတွေ

ပြတ်၊ ဓာတ်လိုက်၊ ဂျက်လေယာဉ်ဆီတွေနဲ့ မီးလောင်ပေါက်ကွဲကုန်ပါတယ်။

ဖီးဟန်နဲ့အဖွဲ့က 5 WTCအမှတ် (၅) အမိုးအောက်မှာ ခဏဝင်ခိုလို့တော့ ရသွားခဲ့ပါတယ်။

“တကယ်မယုံနိုင်လောက်အောင်ပါလား”

ဖီးဟန်က ဖစ်ဇ်ပက်ထရစ်ကို ပြောတယ်။

“ဒါသမိုင်းပါ။ တိုက်ဆိုင်မှု မဟုတ်ဘူး၊ အတိုက်ခံနေရတာပါ”

ပြည်တွင်းစစ်က မဟာဗျူဟာတွေအကြောင်း တော်တော်ပြောခဲ့ကြတဲ့ ဖီးဟန်နဲ့ ပက်ထရစ်တို့ အပြန်အလှန်ပြောကြရင်းနဲ့ သူတို့တပ်ဖွဲ့တွေကို စုစည်းကွပ်ကဲနိုင်ဖို့ စိတ်ကူးနေကြပါတယ်။

ဖီးဟန်၊ ဖစ်ဇ်ပက်ထရစ်နဲ့ အဖွဲ့တို့မြောက်ဘက်တိုက်ကြီးရဲ့ ဧည့်ကြိုဆောင်ဆီရောက်အောင် အမြန်သွားခဲ့ကြပါတယ်။ သိပ်လှုပ်ရှား ပျာယာခတ်နေတာတွေ မတွေ့ရလို့ ပက်ထရစ်စိတ်သက်သာရာရသွားပါတယ်။ လူတွေကတော့ အုပ်လိုက်မပြတ်မလပ် ရွှေ့လျားစီးဆင်းထွက်နေပါတယ်။ ဒါပေမဲ့ စည်းနဲ့ကမ်းနဲ့ပါ။ တွေ့ရသူတွေမှာလည်း မီးလောင်ခံထားရတဲ့ လူမျိုးတွေ မတွေ့မိပါဘူး။ သူတို့တစ်တွေ နယူးယောခ်ဆိပ်ကမ်း အာဏာပိုင်အဖွဲ့ရုံးဆီသွားကြပါတယ်။ ဒီရုံးက နယူးယောခ်ရဲ့ လေဆိပ်တွေ၊ ဆိပ်ကမ်းတွေ၊ တံတားတွေ၊ ဥမင်လိုဏ်ခေါင်းတွေအားလုံးကို စီမံခန့်ခွဲတဲ့ရုံးဖြစ်ပါတယ်။

ရုံးအစည်းအဝေးစားပွဲမှာ အဆောက်အအုံတွေရဲ့ ပန်ကာပုံတွေကို ဖြန့်ခင်းချထားတာ တွေ့ရပါတယ်။

မီးသတ်အဖွဲ့ကို ဆိပ်ကမ်းအဖွဲ့က ခပ်သွက်သွက်လေး

ရှင်းပြပါတယ်။

အလုပ်အများဆုံးနေ့က ဒီမိုးထိတိုက်ညီနောင်မှာ အလုပ်လုပ်ကြတဲ့ လူပေါင်း (၅၀၀၀၀) ကျော်ပါတယ်။ ခု (၀၉း၁၃) မှာဆိုရင် အလုပ်သမားထက်ဝက်ကျော် ရောက်နေပြီလို့ မှန်းပါတယ်။

မီးသတ်စက်အမှတ် (၁၀) နဲ့ လှေကားယာဉ်အမှတ် (၁၀) တို့ တပ်ခွဲ (၂) ခွဲ အင်အားနဲ့ ရောက်နေကြပါပြီ။ လီဘာတီလမ်းဘက်ကနေ မိနစ်ပိုင်းအတွင်း ရောက်လာခဲ့ကြပါတယ်။ မီးသတ်သမားတွေ ပြေးဝင်ကြတာ မိနစ် (၁၀၀) အတွင်း တိုက်ညီနောင်ထဲကို လူ ၆၀၀ လောက် ရောက်သွားကြလိမ့်မယ် ထင်ကြပါတယ်။ (၃၄၃) ယောက် သေသွားခဲ့ပါတယ်။

မီးသတ်သမားတွေဟာ ကယ်ဆယ်ရေးနဲ့ မီးသတ်ကိရိယာတွေသယ်ပြီး လှေကားကနေ တက်ကြပါတယ်။ ဒေါင်းလန်းအုပ်မာခမောက်က ဒေါ်လာ (၂၁၆)၊ ကုတ်အင်္ကျီကြီးက ဒေါ်လာ (၁၀၃၈) တိုက်ပွဲဝင်ဘောင်းဘီက ဒေါ်လာ (၇၇၆)၊ သားရေဘွတ်ဖိနပ်က ဒေါ်လာ (၂၅၀)၊ ရေစီယိုဖုန်းက ဒေါ်လာ (၉၀၀)၊ နောက်ပြီးတော့ ရဲတင်းနဲ့ တခြားကိရိယာတွေက အလေးချိန်ပေါင် ၈၀ နဲ့ ၁၀၀ ကြား လူတိုင်းမှာ ပါသေးတယ်။

ဒီလို သယ်ပြီး တက်သွားတဲ့လူတွေနဲ့ ရေဒီယို အဆက်အသွယ်ကို နောက်ဆုံး (၅၅) ထပ်ကနေ ရခဲ့ပါတယ်။

ရှေ့မှာ ကြုံတွေ့ရတော့မယ့် လုပ်ငန်းကြီးရဲ့ အတိုင်းအတာကတော့ တော်တော်သိသာနေပါပြီ။

“တို့စစ်ပြင်မိန့် recall ထုတ်ဖို့လိုပြီ”

ဖီးဟန်က ဖစ်စ်ပက်ထရစ်တို့ကို ပြောလိုက်ပါတယ်။

နယူးယောခ်မီးသတ်တပ်ဖွဲ့ရဲ့ မီးသတ်စခန်းအားလုံး

ကို ဆင့်ခေါ်လိုက်ပြီး မီးသတ်တပ်ဖွဲ့ဝင် (၁၁၂၈) ယောက်ကို အသင့် “စစ်ပြင်မိန့်” recall ထုတ်ခိုင်းဖို့ လိုပါတယ်။

၁၉၄၇ က အရေးပေါ် ကြုံကြိုက်ချိန်ကသာ မီးသတ်အနေနဲ့ ဒီလို စစ်ပြင်မိန့်ထုတ်ခဲ့ဖူးပါတယ်။

ဒီလို စစ်ပြင်ပြီးအခြေပြု စစ်ဆင်နိုင်ဖို့အတွက် ယန်းကီးအားကစားကွင်းကြီးနဲ့ ရှီယာအားကစားကွင်းကြီးကို သုံးဖို့ လိုပါတယ်။

ခုလောလောဆယ်တော့ ဖြစ်ပွားရာကို အတင်းတိုးဝင်နေတဲ့ တပ်ဖွဲ့တွေကို ဖီးဟန်စနစ်တကျ ကွပ်ကဲနိုင်ဖို့ လိုနေပါတယ်။

ဖီးဟန်အမိန့်တွေ စထုတ်ပြီး ကွပ်ကဲပါတယ်။

သူပြောဆိုနေတုန်းမှာပဲ ဧည့်ကြိုဆောင်က ကွန်ကရစ်တုံးကြီး ပြုတ်ကျလာပါတယ်။ သူတို့ကွပ်ကဲမှု စခန်းပြောင်းဖို့ အားလုံးသဘောတူကြပါတယ်။ ဖီးဟန်နဲ့အဖွဲ့ ခန်းမကြီးထဲက ဖြတ်ပြေးပြီး မြောက်ဘက်တိုက်ကြီးနဲ့ ကမ္ဘာ့ငွေကြေးဗဟိုဌာနတို့ ဆက်ထားတဲ့ အနောက်လမ်း West Street ဘက်ကို ပြေးသွားကြပါတယ်။ လူတွေ ပစ္စည်းတွေ အပေါ်ကနေ မိုးသီးမိုးပေါက်တွေလို ကျလာနေတုန်းပါ။

အနောက်လမ်းမှာ တန်းစီရပ်ထားတဲ့ မီးသတ်စက်တွေမှာ သွေးတွေနီရဲနေပါတယ်။ ကိုယ်ခန္ဓာအပိုင်းအစတွေကလည်း ပျံ့နှံ့နေပါတယ်။ မောင်းတဲ့ကားဘီးတွေကြားထဲ လက်ပြတ်ခြေပြတ်တွေ ညပ်ပါသွားတယ်။ တစ်ယောက်က ဒစ်ဂျစ်တယ်ကင်မရာကိုင်ထားရင်းနဲ့ ဇောက်ထိုးပါသွားပါတယ်။

အပေါ်ကကျလာတဲ့ တချို့ကလည်း သူတို့ဘာသာသူတို့ ရသလို လွယ်သလိုလိုလုပ်ထားတဲ့ ခန်းဆီးစတွေ၊ စားပွဲ

ခင်း အိပ်ရာခင်း လေထီးတွေနဲ့ ခုန်ချလာနေကြ တာတွေ့ရပါ တယ်။ လေထီးတွေက တစ်စက္ကန့်နှစ်စက္ကန့်လောက်သာခံပြီး ပြုတ်ပြတ်ကုန်တော့ လူတွေလည်း လွင့်စဉ်ပြီး အောက်ကျလာ တာကို မြင်ရတာ စိတ်ဆင်းရဲဖို့ သိပ်ကောင်းပါတယ်။

ဖီးဟန်က ဓာတ်ပုံရိုက်ယူဖို့ ကြိုးစားနေတဲ့ ဓာတ်ပုံသမား ဆီကို ဒေါသတကြီး သွားလိုက်ပါသေးတယ်။

"မင်းမှာ လူစိတ်မရှိဘူးလား၊ မင်းဟာကို ပိတ်ထားလိုက် စမ်း"

ဖီးဟန်အသံလည်းကြားရော ဓာတ်ပုံသမားလည်း ထွက် ပြေးတော့တာပဲ။

ကမ္ဘာ့ငွေကြေးဗဟိုဌာနရဲ့ Winter Garden မှာ ဖီးဟန် ရဲ့ ကွပ်ကဲရေးစခန်းဖွင့်တယ်။ အနောက်လမ်းနဲ့ အပြိုင်လမ်း ထဲကို ဖီးဟန်မီးသတ်က ထိပ်တန်းအရာရှိကြီးတွေ ထွက်လာ ခဲ့ကြပါတယ်။ ဒါပေမဲ့ မီးလောင်နေတာကို မမြင်ရဘူး။ ကွယ် နေတယ်။

ဒီတိုက်ကြီး (၂)တိုက်က ဒီလေယာဉ်တွေ တိုက်တဲ့ အရှိန်ပြင်းပြင်းကို ခံနိုင်ပါတယ်လို့လည်း မီးသတ်ထိပ်ပိုင်း က လူတွေ အားလုံး အယူအဆက တူနေကြပါတယ်။ တိုက် တဲ့ လေယာဉ်ကို အစိတ်စိတ် အမြွှာမြွှာတွေ ကွဲထွက်သွားအောင် အဆောက်အအုံရဲ့ နံရံမှာ သံမဏိတွေ ခံထားတယ်။ (၄)လက်မ ထူတယ်၊ ပြီးတော့ ထိပ်ဆုံးကနေ အောက်ခြေအထိဆို ဆိုဖာလို ထူတဲ့ ခံနိုင်တဲ့ တိုင်တွေ (၄၇)လုံးနဲ့လည်း ခံထားသေးတယ်။

ဟုတ်ပါတယ်။ တိုက်တာခံနိုင်အောင် မိုးထိတိုက်ကြီး ညီနောင်ကို စီမံထားတယ်ဆိုတာ ဟုတ်ပါတယ်။

သူတို့ဆက်တွေးရင်း ဆက်တွေးတော့ မီးလောင်တဲ့

ဂျက်လေယာဉ်ဆီတွေရဲ့ အပူဒဏ်ကိုခံရတဲ့ သံမဏိတွေ ဘယ်လို ဖြစ်ကုန်နိုင်တယ်ဆိုတာကို သိလာပါတယ်။

သံမဏိဟာ ဖာရင်ဟိုက် (၁၁၀၀) ဒီဂရီမှာ ပျော့သွားတယ်လို့ မီးသတ်သမားတိုင်း သင်ကြားခဲ့ရပြီးသားပါ။

မီးခြစ်ဆံတစ်ချောင်းဟာ ဒီဂရီ(၂၀၀၀) မှာ မီးထတောက် လောင်တယ်ဆိုတာကို သိလာပါတယ်။

ဒါပေမဲ့ ဂျက်လေယာဉ်ဆီတွေ မီးလောင်နေတာကို ဘယ်သူမှ ထည့်တွက်ကြပုံမရပါဘူး။ အဲဒီမှာ လောင်နေတာ ဒီဂရီ (၃၀၀၀) ရောက်နေပါပြီ။

မီးသတ်သမားတွေကလည်း သူတို့ဘာသာသူတို့ ကြိုးစားနေကြပါတယ်။ အဲဒီမှာ အင်ဂျင်နီယာလည်း တစ်ယောက်မှ မရှိကြပါဘူး။

ဖီးဟန်က ကယ်ဆယ်ရေးလုပ်ငန်းအတွက် လိုအပ်မယ့် ထောက်ပို့လုပ်ငန်းဘက်ကို အာရုံပြုလိုက်ပါတယ်။

ဆေးအဖွဲ့သား (၂) ယောက် လူနာတင်ကပ်နဲ့ အောက်စီဂျင်ဘူးတွေနဲ့ တောင်ဘက်သွားတာကို မြင်လိုက်ရပါတယ်။ နောက်မကြာဘူး၊ တစ်ဖွဲ့က ဒီလိုပဲ မြောက်ဘက်သွားတာတွေ့လိုက်ကြရပြန်ပါတယ်။

ဒါတွေကို စနစ်တကျ စုစည်းဖို့ လိုမယ်လို့ ဖီးဟန်က ပြောပြီး စီစဉ်ခဲ့ပါတယ်။

ကဲ ... ဒါတွေက သမိုင်းမှတ်တမ်းတင်ဖို့ပဲ။

အမြင့်ဆုံးအဆင့်တွေ

ဝဒူးဒ္ဒ နာရီမှာ ဒုတိယသမ္မတ ချိနေက သူ့စားပွဲနားရပ်ပြီး တီဗွီကို လှမ်းကြည့်နေပါတယ်။

အဲဒီအချိန်မှာ လျှို့ဝှက်ထောက်လှမ်းရေးက လူက "ကျွန်တော်တို့ ခုသွားမှဖြစ်တော့မယ်" မကျေမနပ်ပြောတဲ့ အသံမဟုတ်ပေမဲ့ ဒီမှာ ဆက်နေခွင့်မပေးနိုင်တော့တဲ့ အသံမျိုးနဲ့ ဒုတိယသမ္မတချီနေကို ပြောပါတယ်။ ပြီးတော့ ခါးနောက်ပိုင်း ခါးပတ်ကို ဆုပ်ကိုင်ပြီး တံခါးဝဆီကိုလည်း လှည့်ပေးလိုက်ပါတယ်။

"သူတို့က ဒီလိုပဲ လေ့ကျင့်လာခဲ့တာ" ချီနေက ပြောပြီး

"သူတို့က လူပ်ရှားတော့ ဆိုရင်တော့ လူပ်ရှားပေတော့၊ ကိုယ်လူပ်ရှားချင်သလား၊ မလူပ်ရှားချင်လား အဲဒါနှင့် မဆိုင်ဘူး၊ ထပြီးလိုက်သလား မလိုက်ဘူးလားလည်း ကြည့်မနေဘူး၊ သူတို့က လူပ်ရှားပြီး ဆက်သွားအောင် လုပ်ပေးလိုက်တာပဲ"

ဒုတိယသမ္မတက ဆက်ပြောပါတယ်။ သွက်သွက်ပဲ ထွက်ခဲ့ကြတာ အပြင်က ရုံးခန်းထဲအဖြတ်မှာ စားပွဲပေါ်တွေ့တဲ့ Economist မဂ္ဂဇင်းတစ်စောင်ကို ချီနေက လှမ်းယူခဲ့သေးတယ်။

"တကယ်လို့ တစ်နေရာရာမှာ ခဏနေရရင် ဖတ်ဖို့တစ်ခု ခုတော့ ကိုင်လာတဲ့ အလေ့အထက ရှိနေပါတယ်။ ဖတ်စရာ တစ်ခုခုပါမှပေါ့"

ချီနေက ရှင်းပြပါသည်။

ဘယ်သူမှမရှိတဲ့ သမ္မတရဲ့ ဘဲဥပုံအခန်းဘေးက ဖြတ်သွားကြရပါတယ်။ လမ်းထဲ သွက်သွက်လေးဝင်သွားပြီး "သမ္မတအရေးပေါ်စစ်ဆင်ရေးဌာန"လို့ခေါ်တဲ့ ကတုတ်ထဲရောက်သွားပါတယ်။

မိုင် (၃၀)လောက်ဝေးတဲ့ ဒါးလပ်စ် လေဆိပ်ကိုမျှော်စင်က လေကြောင်းလိုင်းထိန်းပေးနေတဲ့ လူတွေက ကြည့်နေရင်းက

ပါးစပ်အဟောင်းသား ဖြစ်သွားကြပါတယ်။ လေယာဉ်တစ်စင်း ဝါရှင်တန်ဘက်ကို တစ်နာရီ မိုင်(၅၀၀)နှုန်းနဲ့ အမြန်သွားတာကို မြင်လိုက်လို့ပါ။ ရေဒါကြည့်နေတဲ့ လူက အဲဒီလေယာဉ်ဟာ (၁၂)မိုင်လောက်က အိမ်ဖြူတော်ဆီတည့်တည့် သွားနေတာကို တွေ့နေရပါတယ်။

ABC 20/20 က သိသမျှတွေကို ပြန်ဆက်စပ်ပြီး တင်ပြခဲ့ရာမှာ လေယာဉ်ထိန်းသူ နောက်တစ်ယောက်က "ကျုပ်တို့ အမျိုးအမည်ခွဲခြားလို့ မရလိုက်တဲ့ ပုံသန်းသွားတဲ့ လေယာဉ်တစ်စင်းဟာ ခင်ဗျားတို့ဘက်ဆီကို (၈)မိုင်လောက် အကွာအနောက်ကိုဦးတည်သွားနေတယ်"လို့ လှျို့ဝှက်ထောက်လှမ်းရေးကို သတင်းပို့လိုက်တယ်လို့ ပြောခဲ့ပါတယ်။

ဒါလပ်စ်က ရေဒါကိုင်ပြီး လေကြောင်းထိန်းတဲ့ လူက ထိတ်ထိတ်လန့်လန့်နဲ့ အချိန်ကို မှန်းပြီး ၅၊ ၄၊ ၃ ... အဲဒီမှာ လေယာဉ်က ရုတ်တရက်တစ်ဖက်ကို ကွေ့ထွက်သွားတာကို ရေဒါမှာ တွေ့လိုက်ရတယ်။

တင်းမာမှုတော့ လျော့စပြုသွားတယ်။ လေကြောင်းထိန်းသူတစ်ယောက်က ရေဒါမှာ ပေါ်လာတဲ့ အရာ Blip က ကျုပ်တို့လေတပ်က လေယာဉ်တစ်စီးဖြစ်ပါလိမ့်မယ်လို့ ပြောပါတယ်။

အဲဒီလေယာဉ်ကလည်း (၃၆၀)ဒီဂရီ ပြည့်အောင် လှည့် ပတ်နေပါတယ်။

"ဘုရားရေ... အဲဒီလေယာဉ်ပုံလှည့်လာနေပါပြီ"

လေယာဉ်ထိန်းတစ်ယောက်က အော်လိုက်တယ်။

ရေဒါပေါ်က အစက်လေးက ရုတ်တရက်ပျောက်သွားပါတယ်။ ပိုတိုမက်မြစ် ဟိုဘက်က ရေဒင်လေဆိပ်ဘက်ဆီမှာ

ပျောက်သွားတယ်။

"ပင်တဂွန်စစ်ဌာနချုပ်ကို ထိသွားတယ်" လေယာဉ်ထိန်းတစ်ယောက်က အော်လိုက်ပြန်ပါတယ်။

ဒါးလပ်စ်လေဆိပ် လေကြောင်းထိန်းခန်းထဲမှာ သက်ပြင်းချသံတွေ ကြားရပါတယ်။

တော်တော်လုံခြုံတဲ့ ဥမင်ထဲရောက်မှတော့ သမ္မတအိမ်တော်ဘက်ဆီကို လေယာဉ်တစ်စီး အရှိန်ပြင်းပြင်းနဲ့ သွားနေတာကို နောက်ယောင်ခံလို့ တွေ့နေပါတယ်လို့ လျှို့ဝှက်ထောက်လှမ်းရေးက လူက ချီနေကို ပြောပါတယ်။

ဒုတိယ သမ္မတက ဖုန်းကို ဆွဲယူလိုက်ပြီး "ကျုပ်နဲ့ သမ္မတကို ဆက်ပေးစမ်းပါ"လို့ ပြောလိုက်ပါတယ်။

သမ္မတနှင့် အဆက်အသွယ်ရဖို့က တော်တော်မလွယ်ဘူး ဖြစ်နေပါတယ်။

သမ္မတကိုလည်း ဆာရာအိုဆာကနေ "လေတပ်လေယာဉ်အမှတ်တစ်"နဲ့ အမြန်ခေါ်သွားကြပါတယ်။

သမ္မတရဲ့ ရုံးအဖွဲ့မှူးက "အမေရိကန်ပြည်ထောင်စု အတိုက်ခံနေရပါပြီ"လို့ သမ္မတကို ပြောခဲ့ပြီးပါပြီ။

ခုမှ ဘုရှ်ရဲ့ မိသားစုက ဆက်သွယ်ပါတယ်။

"အိမ်ဖြူတော်ပစ်မှတ်ဖြစ်နေပါပြီ"လို့ ချီနေက သမ္မတကို အသိပေးလိုက်ပါတယ်။

ဒုတိယသမ္မတရဲ့ ဇနီး"လင်း" သူလုံခြုံရေးနဲ့အတူရောက်လာပါတယ်။ ဒုတိယတိုက်ကြီး အတိုက်ခံရတော့ ဝဒ္ဒးဝဝ နာရီကျော်ကျော်မှာ မြို့ထဲက သူ့ရုံးမှာ ရှိနေပါတယ်။ သူ့ကိုလည်း သူ့ကားဆီ မြန်မြန်ခေါ်ထုတ်လာခဲ့ကြတယ်လို့ ပြန်ပြောပါတယ်။ ဝါရှင်တန်အနောက်က ဒုတိယသမ္မတအိမ်ဆီ အမြန်ပို့ပေးပါ

တယ်။ အဲဒီလမ်းမှာပဲ“ဂ”ကွေ့ကွေ့ပြီး အိမ်ဖြူတော်ဆီ မောင်းပို့ပါတယ်။

အားလုံးထွက်ခွာသွားပြီးစမှာ ချီနေရဲ့ ဇနီးက ရောက်သွားခဲ့ပါတယ်။ အစပိုင်းမှာ အစောင့်တွေက အဝင်မခံ၊ သူ့ယာဉ်မောင်းက လမ်းဘေးလူသွားလမ်းပေါ်တက်ပြီး အကာအရံတွေကို ရှောင်ကွင်းအတင်းမောင်းမှ ဝင်ခွင့်ပေးပြီး မြေအောက်သမ္မတအရေးပေါ် စစ်ဆင်ရေးအစည်းအဝေးခန်း PEOC က ဒုတိယသမ္မတထံကို ရောက်သွားပါတယ်။

သူရောက်ချိန်မှာ ဒုတိယသမ္မတက ပင်တဂွန်ကို ထိသွားပြီလို့ သိစပဲရှိပါသေးတယ်။ ပထမရတဲ့ ဖုန်းသတင်းက ဟယ်လီကော့ပတာတစ်စင်း ဝင်တိုက်တယ်လို့ဆိုတယ်။ ဘုရှ်ကလည်း သူဝါရှင်တန်ကို ပြန်လာချင်နေတယ်။ ဘာတွေဖြစ်နေတယ်ဆိုတာ သေသေချာချာ မသိရသေးခင် မလာသေးဖို့ ဘုရှ်ကို ချီနေက တားထားပါတယ်။

သမ္မတနဲ့ နံပါတ်နှစ်တို့ ကာကွယ်ရေး အစီအစဉ်တွေကို ဆွေးနွေးကြပါတယ်။ ပင်တဂွန်မှာ ကာကွယ်ရေးဝန်ကြီးဒုနယ်ရမ်းစ် ဖဲလ်ဒ်က နိုင်ငံတော်ကာကွယ်ရေးလေတပ်က တိုက်လေယာဉ်တွေကို ပျံတက်ပြီး ဝါရှင်တန်နဲ့ နယူးယောခ်တို့ကို နောက်ထပ်အတိုက်မခံရရန် ကာကွယ်ဖို့ အမိန့်ပေးထားလိုက်ပြီးဖြစ်ပါတယ်။

တိုက်ရမယ့် စည်းကမ်းအမိန့်ကိုတော့ ပိုင်းလော့တွေကို ပေးတားဖို့လိုမယ်။ ဒါမှ ဘယ်အချိန်မှာ စပစ်ရမယ်ဆိုတာ လေသူရဲတွေ ရှင်းနေလိမ့်မယ်လို့ ချီနေက မြင်တယ်။ ဒါမှ ခရီးသည်တင် လေယာဉ်တစ်စင်းဟာ လှမ်းမေးတာကို မဖြေခဲ့ရင် အမိန့်ပေးတဲ့အတိုင်း ပြန်မလှည့်ခဲ့ရင် ဘာလုပ်ရမယ်ဆိုတာ

ရှင်းလိမ့်မယ်။ “သူတို့ကို ပစ်မိန့်ပေးထားစေချင်ပါတယ်လို့ ပြောတော့ သမ္မတက အိုကေ ကျုပ်လက်မှတ်ထိုးမယ့်၊ တာဝန်ယူတယ်လို့ ပြောပြီး သမ္မတက အဆုံးအဖြတ်ပေးပါတယ်”လို့ ချီနေက နောက်တော့ ပြန်ပြောပါတယ်။

(၁၀း၀၀)နာရီ မထိုးခင်လေးမှာပဲ လင်းချီနေကို သမ္မတအရေးပေါ် စစ်ဆင်ရေး အစည်းအဝေးခန်း PEOC ထဲကို ခေါ်သွားပါတယ်။

ဒီလောက် ခက်ခက်ခဲခဲ ဖြစ်နေချိန်မှာတောင် အစည်းအဝေးစားပွဲပေါ်မှာ စားစရာကွတ်ကီပန်းကန်လေးတွေနဲ့ တည်ခင်းပေးထားတာကို လင်းချီနေတွေ့ရလို့ အိမ်ရှင်မကောင်းတွေလည်း ဒီမှာ ရှိကြသား၊ ပြုစုကြသားလို့ တွေးမိနေကြတယ်။ ယူစားတဲ့လူတွေမရှိဘူး။ တီဗွီကိုသာ မော့ကြည့်နေကြပါတယ်။ (၀၉း၅၈)နာရီရှိပါပြီ။

အသက်ကိုလုနေကြရပါပြီ

တောင်ဘက်က မိုးထိတိုက်ကြီးကို အနောက်လမ်းကကြည့်နေတဲ့ ဖိုးဟန်နဲ့ ဖစ်ဇ်ပက်ထရစ်တို့က အထပ်(၉၀)လောက်က မီးခိုးတွေ အူထွက်လာတာကို တွေ့ကြရပါတယ်။

(၀၉း၅၉) နာရီရှိပါပြီ။

သံမဏိတွေကတော့ ခံနိုင်တဲ့ အပူဒီဂရီ ၁၁၀၀ ကို ကျော်သွားပြီ။ ကွန်ကရစ်ကြမ်းခင်းတွေနဲ့ ရှေ့ကနံရံတွေ တွဲပေးထားတဲ့ ‘စို့’ rivets တွေတော့ စပြုတ်ထွက်ကုန် နိုင်တယ်။ အတွင်းက ထမ်းထားရတဲ့ တိုင်လေးဆယ်ခုနစ်ချောင်း အပေါ်အလေးချိန်က ပိနေတော့မယ်။ အဲဒီမှာ တစ်ထပ်ချင်း ပြုတ်စပြုနေပါပြီ။

မော့ကြည့်နေတဲ့ ဖစ်ဧပက်ထရစ်က မျက်လှည့်များပြနေတာလားလို့ ထင်ရလောက်အောင် ဖြစ်လာတာကို တွေ့ရပါတယ်။ ဒီအဆောက်အအုံရဲ့ ထိပ်ဆုံးက အုပ်ဆောင်းကြီး “crown” ဟာ လိမ်တွန့်ပြီး ရွေ့စပြုနေတယ်လို့ ထင်လိုက်မိတယ်။

ကွဲအက်သွားတဲ့ အသံကျယ်ကျယ်ကြားရပြီး မီးခိုးလုံးကြီး ထိုးထွက်လာတယ်။ အပိုင်းအစတွေ ပြုတ်ထွက်ကျလာပါတယ်။ တကယ်လား၊ အမြင်ကလှည့်စားနေတာလား၊ စိတ်ကထင်နေတာလား။

“အဏုမြူဗုံးချလိုက်လို့ ထွက်လာတဲ့ မီးခိုးလုံးကြီး”လို့ ထင်ရပါတယ်။ ဖစ်ဧပက်ထရစ်က နောက်ပြန်ပြေးပါတယ်။

ဖီးဟန်နဲ့ ဖစ်ဧပက်ထရစ်တို့မှာ အညှိုခံထားရသလို လူပ်ရှားလို့ မရအောင် ဖြစ်သွားကြပါတယ်။

ပြီးမှ ကိုယ့်အသက်ကိုယ်လုပြီး ပြေးကြတယ်။ ကမ္ဘာ့ငွေကြေးဗဟိုဌာနရဲ့ မြေအောက်ကားတွေထားတဲ့နေရာကို အရောက်ပြေးကြပါတယ်။

အဝင်မှာ လူတွေက ပြွတ်သိပ်နေပါတယ်။ လဲကျသွားတဲ့ အမျိုးသမီးတစ်ယောက်ကို ဖီးဟန်က လိုက်ကူနေတယ်။ လူအုပ်က တွန်းလိုက်တဲ့ နောက်ပါသွားတဲ့ ဖစ်ဧပက်ထရစ်နဲ့ သူမိတ်ဆွေဟောင်းကြီး ဖီးဟန်တို့ ကွဲသွားပါတယ်။

ဖုန်တွေ အလုံးလိုက်ဝင်လာလို့ ကောင်းကောင်းမမြင်ကြရတော့ဘူး၊ အသက်ရှူခက်လာကြတယ်။ ကားမောင်းဝင်တဲ့လမ်းအတိုင်း ဖစ်ဧပက်ထရစ်က မှောင်မည်းမည်းထဲမှာ တော်တော်ပြေးဝင်သွားမိပါတယ်။

(၁၃၅) ပေမြင့်တဲ့ မိုးထိတိုက်ကြီး သစ်ပင်ကြီးတစ်ပင်

ပြိုလဲကျသလို ကျလာလိမ့်မယ်လို့ ဖစ်ဇပက်ထရစ်စိတ်ကူးနေမိပါတယ်။ သူအောက်မှာ ဝင်နေတဲ့ အဆောက်အအုံပေါ်ကို ပြိုလဲကျလာလိမ့်မယ်လို့လည်း ထင်နေပါတယ်။ ဘယ်တော့ သူ့ကို ထိမလဲလို့သာ တွေးနေမိတယ်။ ရုံးလိုလို အခန်းတစ်ခန်းထဲ ကိုသူလိမ့်ဝင်သွားတယ်။ ငါတော့ ပိတ်မိနေပြီ။ ဒီလိုလည်း ပိတ်ပြီး အသေမခံနိုင်ဘူးလို့ သူ့ကိုယ်သူ စိတ်ဆိုးမာန်ဆိုးနဲ့ အော်ပြောတယ်။ မီးလောင်ပြီး အသေခံလိုက်မယ်။ ဒီမြေအောက်ခန်းထဲ ပိတ်အလှောင်ခံပြီး ပိုက်လုံးကို ရက်သတ္တပတ် သုံးပတ်လောက် ခေါက်ပြီး အသံပေးရင်း အသက်ရှူကျပ်ပြီး မသေချင်ဘူးလို့ သူ့ကိုယ်သူ ပြောခဲ့တယ်တဲ့။

နောက်ကို ပြန်လှည့်ထွက်ဖို့ ဖစ်ဇပက်ထရစ် ဆုံးဖြတ်လိုက်တယ်။ လူတွေကလည်း သူ့လိုပဲ နံရံကို စမ်းပြီး လျှောက်နေကြတယ်။ ဒီမှာ တံခါးပေါက်တွေ့ပြီလို့ အော်သံကြားရတယ်။ ဆောက်လုပ်ရေး အလုပ်သမားတစ်ယောက်က အော်တယ်။ ဖုန်ထူထူလှေကားကို တက်သွားကြပြီး ဆိုင်ကြိုးတစ်ဆိုင်ထဲ ရောက်သွားကြပါတယ်။ ကမ္ဘာ့ငွေကြေး ဗဟိုဌာန WFC ရဲ့ ဆိုင်ကြိုး ဖြစ်ပါတယ်။ ဖစ်ဇပက်ထရစ် ပြေးတက်ရင်း အပြင်ကို ရောက်သွားပြီး အသက်ရှင်နေတာကိုပဲ အံ့သြနေပါတယ်။

ဖီးဟန်လည်း မသေဘူး၊ ကမ္ဘာ့ငွေကြေးဗဟိုဌာန မြေအောက်ကားဂိုထောင်ထဲက ထွက်လာပြီး မီးခိုးတွေ ဖုန်တွေနဲ့ ငရဲတောထဲကို တိုးဝင်ပြီး နယူးယောခ်မီးသတ်တပ်ဖွဲ့ရဲ့ပထမဒုတိယ မင်းကြီးဟာ အပျက်အစီးတွေအောက် ရောက်နေတဲ့ လူတွေကို အမြန်ဆုံး ကယ်ထုတ်နေပါတယ်။ သူ့ဘေးက လူတွေကတော့ ရူးကြောင်ကြောင်တွေဖြစ်ပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေကြပါတယ်။

မီးသတ်သမားငယ်တစ်ယောက်ကိုယ်တိုင်က ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေတာကို တွေ့ရတယ်။ “ဒါမျိုး မတွေ့ဖူးဘူးလား၊ စိတ်အေးအေးထားပါ၊ တို့ ဒီကနေ ထွက်နိုင်မှာပါ”ဖိုးဟန်က အားပေးစကားပြောပြီး ဖုန်တွေ အလိမ်းလိမ့် ဖြစ်နေတဲ့ မီးသတ်သမားတွေကိုလည်း ခေါ်တယ် ပြောတယ်။

တချို့မီးသတ်သမားတွေကလည်း နောက်ထပ်ကျန်တဲ့ မိုးထိတိုက်ကြီး ဘယ်တော့ပြိုကျလာဦးမလဲလို့ တွေးနေကြပုံရပါတယ်။

“ဒါမျိုးက နှစ်ကြိမ်ဖြစ်တတ်တယ်လို့များ ထင်နေကြသလား”

ဖိုးဟန်က သူ့မီးသတ်သမားတွေကို အော်နေပါတယ်။

“ကဲ ... ဒီလိုဆိုရင်လည်း၊ ဒီက ထွက်ကြ၊ လာ သွားကြစို့”

ဖိုးဟန် ဒီလိုသာ ပြောတယ်၊ မသွားဘူး၊ အပျက်အစီးတွေအောက်က လူတွေကို ဆွဲထုတ်ပေးနေပါတယ်။

သေနေတဲ့အမျိုးသမီးတစ်ယောက် တွေ့တယ်။ နောက်ပိုပြီး ရှင်နေသေးတဲ့ အမျိုးသမီးတစ်ယောက်က ကယ်ပါ ယူပါ အော်နေလို့ ဖိုးဟန်က တကုန်းကုန်းနဲ့ ကွန်ကရစ်ပြားတွေဖယ်ပြီး အဲဒီအမျိုးသမီးကို ကယ်ထုတ်နေပါတယ်။

(၁၀း၂၈) နာရီ ရှိပါပြီ။

မြောက်ဘက်က မိုးထိတိုက်ကြီး စပြိုနေပြီ။ ကမ္ဘာငွေကြေးဗဟိုဌာနရဲ့ တစ်ဖက်မှာ ရပ်နေတဲ့ ဖစ်ဇ်ပက်ထရစ်ဟာ မော့ကြည့်ဖို့တောင် စိတ်မကူးတော့ပါဘူး။ ပြီးခဲ့တဲ့ နာရီဝက်လောက် မရှိခင်လောက်ကပဲ (၁၁၀) ထပ်ရှိတဲ့ တိုက်ကြီးပြိုကျလာတာကို ကြားခဲ့ဖူးပြီပဲ။

ဖစ်ဧပက်ထရစ်ဟာ တစ်ခါတည်း မြစ်ဆီကို ပြေးပါတော့တယ်။

လေယာဉ်သံကြားရလို့လည်း ခဏတော့ လန့်သွားပါတယ်။

နောက်ထပ်ရက်စက်ရိုင်းစိုင်းမှုကို ခံရမယ့် တတိယနေရာကတော့ ကမ္ဘာ့ငွေကြေးဗဟိုဌာန WFC ဖြစ်လိမ့်မယ်လို့ ဖစ်ဧပက်ထရစ် တွေးလိုက်မိသေးတယ်။

ပြီးတော့ သူကလည်း WFC ရဲ့ အရိပ်ကြီးအောက်မှာ ရပ်မိပါလားလို့ သိလာတယ်။ ပြေးစရာလည်း မြေမရှိတော့ပါဘူး။

ဖစ်ဧပက်ထရစ်က ရေလည်းသိပ်မကူးတတ်ဘူး။ ဒါပေမဲ့ ဟဒ်ဆန်မြစ်ကြီးက သူ့ကို ရှောင်လွဲသွားခဲ့ပါတယ်။

“ဒါ တိုက်လေယာဉ်ပါ”

လူတစ်ယောက်က အော်နေတယ်။

နိုင်ငံ့ကာကွယ်ရေးအစောင့်တပ်က F-16 တိုက်လေယာဉ်ရောက်လာပါပြီ။

တော်တော်နောက်ကျနေတယ်။

အိမ်တော်ကို ကာကွယ်ကြ

သမ္မတအရေးပေါ် စစ်ဆင်ရေးအခန်းထဲမှာ ချီနေနဲ့ ရိုက်စ်တို့ဟာ သူတို့အဖွဲ့သားတွေနဲ့ တီဗွီထဲက တာဝါကြီးတွေ ပြိုကျပျက်စီးကုန်တာတွေကို ကြည့်နေကြပါတယ်။

အဲဒီအချိန်က ရှိနေတဲ့ ဓာတ်ပုံသမားက သူတို့ကို ရိုက်ယူထားခဲ့တာ အပျက်အစီးတွေ ကြည့်နေရတဲ့ သူတို့မျက်နှာတွေက သူတို့ရဲ့စိတ်တွေကို ထင်ဟပ်ပြသနေပါတယ်။

သူတို့ကိုယ်တိုင်က လူတွေ ထောင်ချီသေကုန်ကြပြီ လို့ ခန့်မှန်းနေကြပါပြီ။

ဒါပေမဲ့ အခန်းထဲမှာ တည်ငြိမ်တယ်။

ကိုယ့်အလုပ်ကို လုပ်နေကြပါတယ်။

ပထမ တာဝါကြီး ပြိုကျပြီး မကြာခင် (၁၀) နာရီလောက်မှာ ဒီအခန်းကို အရေးပေါ်တပ်လှန့်သံ ရောက်လာတယ်။

“အမျိုးအမည်မသိရတဲ့ လေယာဉ်တစ်စီး မိုင် (၈၀) လောက်ကနေ ဝါရှင်တန်ကို ဦးတည်ပြီး မြန်မြန်လာနေတယ် လို့ ရေဒါမှာ တွေ့နေရပါတယ်”

ယူနိဖောင်းအပြည့် ဝတ်ဆင်ထားသူတစ်ယောက်က ချီနေ ကို လာသတင်းပေးပို့ပါတယ်။

မိုင် (၈၀) ကို တစ်နာရီ မိုင် (၅၀၀) နဲ့ စားလိုက်ကြတယ်။ (၁၀) မိနစ်လောက်ပဲ ရှိတယ်။

ဝါရှင်တန်ကို ကာကွယ်ဖို့ ရောက်နေတဲ့ နိုင်ငံစောင့်တပ်က တိုက်လေယာဉ်ကို တိုက်မိန့်ပေးလိုက်ရမလားလို့ သမ္မတရဲ့ စစ်ဦးစီး စကူဟာလစ်ဘီက ချီနေကို မေးတယ်။

“တိုက်”

ချီနေက ဖြေပါတယ်။

ဒီအခန်းထဲဝင်စက လေတပ်လေယာဉ် အမှတ် (၁) ပေါ်က သမ္မတက ပစ်မိန့်ပေးခဲ့ပြီးပါပြီ။ လေယာဉ် အမှတ် (၁) ပေါ်ကို နောက်ထပ်ပစ်ချင်တိုင်း အမိန့်တောင်းခံမနေလိုတော့ဟု ဒုတိယသမ္မတက နောက်မှ ရှင်းပြပါတယ်။

တိုက်လေယာဉ်တွေကို ပစ်မိန့်ပေးနေတဲ့ အချိန်မှာပဲ ယူနိုက်တက်လေကြောင်းခရီး (၉၃) လို့ ခန့်မှန်းတဲ့ အမျိုးအစားမသိရတဲ့ ရေဒါထဲက လေယာဉ်ဟာ ပင်ဆယ်ဗေးနီးယား

ကျေးလက်မှာ ပျက်ကျသွားပါတယ်။ အဲဒီလေယာဉ်ရှေ့ကို ဆက်တိုးလာလို့ ချီနေရဲ့ အမိန့်နဲ့များ တိုးသွားသလားဆိုတာ ကိုတော့ သေချာပေါက် မပြောနိုင်ကြပါဘူး။

"ပျော်ပျော်နေတတ်တဲ့ လူရမ်းကားတွေ "Happy Hooligans" လို့ သိကြတဲ့ မြောက်ဒါကိုတာက နိုင်ငံကာကွယ်ရေး လေယာဉ်အုပ်က ကင်းလှည့်လေယာဉ်တွေက လေသူရဲတွေကတော့ အဲဒီနေ့က အမိန့်ပေးသံတွေ အပြန်အလှန်ပြောသံတွေ စုံအောင်ကြားနေခဲ့ကြရပါတယ်လို့ ပြောပါတယ်။

တစ်ခါတော့ လျှို့ဝှက်ထောက်လှမ်းရေးတွေက "အိမ်ကို ကာကွယ်ပါ"လို့ အမိန့်ပေးတာ ကြားလိုက်ရပါတယ်။ အိမ်ဖြူတော်ကို ပြောတာလို့တော့ ထင်တယ်။ မသေချာလှပါဘူးလို့ လေသူရဲတစ်ယောက်က ပြောပါသေးတယ်။

မွန်းလွဲပိုင်းကျမှသာ အဲဒီလေယာဉ်ဟာ ပစ်ချခံရတာ မဟုတ်တာကို အရေးပေါ်အခန်းထဲက လူတွေက သိကြပါတယ်။

"အဲဒီလေယာဉ်ထဲက လူတွေက ရဲရဲဝံ့ဝံ့ ခံချကြတယ်လို့ ထင်တယ်"

ခရီးသည်တွေနဲ့ လေယာဉ်အဖွဲ့သားတွေက ပြန်လည်တိုက်ခဲ့တယ်လို့ ချီနေက ယူဆပြီး ပြောခဲ့တယ်။

အမှားတွေများများပါတဲ့ သတင်းတွေက ဒုတိယသမ္မတဆီဝင်လာနေပါတယ်။ အခန်းတောင့်မှာ ထိုင်နေတဲ့ လင်းချီနေက သတင်းတွေရောက်လာတာနဲ့အမျှ အစီရင်ခံစာတွေလည်းရေးနေလိုက်ပါတယ်။

နောက်ကျတော့ အဲဒီရေးထားတာတွေထဲက လင်းချီနေက နယူးစ်ဝ်ခ်ကို ဖတ်ပြတာတွေထဲမှာ အကြမ်းဖက်သမားတွေက နိုင်ငံမြို့တော်ကြီးကို ရုတ်တရက်တိုက်ခိုက်ခဲ့မှုတွေနဲ့

ပတ်သက်ပြီး ခံစားချက်တွေနဲ့ ဘုရားထံအသနားခံလျှောက်ထားချက်တွေပါနေတာ တွေ့ရပါတယ်။ လင်ကွန်းအထိမ်းအမှတ်အဆောက်အအုံကြီး ဖောက်ခွဲခံရတာ၊ နိုင်ငံခြားရေးဌာနမှာ ကားဗုံးပေါက်ကွဲတာ၊ ကက်ပီတိုးလ်မှာ ဗုံးတွေ့တာတွေပါတယ်။

စစ်ဘက်အရာရှိတစ်ယောက်က "လေတပ်လေယာဉ်အမှတ်တစ်" Airforce One ကို ခြိမ်းခြောက်တယ်လို့ သတင်းလာပြောတယ်။

ဘယ်လိုလုပ်သိလဲလို့ အက်ဒဲလ်မန်ကမေးတယ်။

သတိပေးချက်မှာ သမ္မတစီးတဲ့ လေယာဉ်ရဲ့ လျှို့ဝှက်အမည်တောင် ပါပါသေးတယ်။ အဲဒါက ထိပ်တန်းလျှို့ဝှက်မဟုတ်လားလို့ ပြောပါတယ်။

အက်ဒဲလ်မန်ကလည်း ဦးစီးချုပ်လစ်ဘီရဲ့ ထိပ်တန်းအကူတစ်ယောက် ဖြစ်ပါတယ်။

ဒီခြိမ်းခြောက်မှုဟာ အတုအယောင်ဖြစ်တယ်ဆိုတာ သေချာပေမဲ့ ဒီသတင်းဘယ်ကလာတယ်ဆိုတာကို အိမ်ဖြူတော်က ဒီနေ့အထိ မသိသေးပါဘူး။

"နောက်လည်း သိနိုင်လိမ့်မယ်လို့ မထင်ပါဘူး"

ကွန်ဒိုရိုက်စ်က ပြောပါတယ်။

FAA ပြည်ထောင်စုလေကြောင်းအုပ်ချုပ်ရေးအဖွဲ့က သတင်းတစ်ပုဒ်ဝင်လာပြန်ပြီ။ နောက်လေယာဉ်တစ်စီး၊ အိမ်ဖြူတော်ကို တည့်တည့်လာနေတယ်။ (၅) မိုင် (၁၀) မိုင်ပဲ လိုတယ်။ စက္ကန့် (၃၀) အတွင်း ရောက်လာလိမ့်မယ်။

"ပစ်ချ"

ဒုတိယသမ္မတက အမိန့်ပေးလိုက်တယ်လို့ လင်းချီနေရဲ့ အစီရင်ခံစာမှာ ပါပါတယ်။

လစ်ဘီပြန်ပြောတာကတော့ ...

"လေယာဉ်တစ်စင်းက (၅) မိုင်အကွာရောက်ပြီး ပေ (၅၀၀) အောက်ဆင်းသွားတယ်။ ရေဒါမှာ မတွေ့ရတော့ဘူး။ အင်း ... ကိုယ့်နာရီကိုကြည့်ရင်း (၅) မိုင်အကွာကလာနေတဲ့ တစ်နာရီမိုင် (၅၀၀) နှုန်းနဲ့၊ ရေဒါကလည်းမမြင်ရ၊ မတွေ့ရဘူး ဆိုတော့ ဒါတွေပဲ ကိုယ့်စိတ်ထဲ ပေါ်လာနေပါတယ်"

အုံ့မှိုင်းရီဝေနေတဲ့ စစ်ကောင်းကင်ပြင်မှာ စိတ်ကူးတွေက ဖန်ဆင်းလိုက်တဲ့ လေယာဉ်တစ်စီးသာ ဖြစ်ပါလိမ့်မယ်။ တကယ်ရှိခဲ့ဟန်မတူပါဘူး။

သမ္မတ အရေးပေါ် စစ်ဆင်ရေးအခန်း PEOC ကို လင်းချိန် တွေ့မြင်ခံစားရေးထားပုံက ...

"ယုံနိုင်စရာတွေ မဟုတ်ပါဘူး။ စိတ်ကူးယဉ်တွေထဲကလိုပါ"တဲ့။

မအောင်မြင်တဲ့ လုံခြုံရေးအစီအစဉ်တွေအကြောင်း ရေးထားတဲ့ "Fail - Safe" ဆိုတဲ့ ၁၉၆၂ ခုနှစ်က ဝတ္ထုကို သွားသတိရစေပါတယ်တဲ့။ မော်စကိုကို သွားတိုက်မိတဲ့အတွက် နယူးယောခ်ကို ဗုံးကြဲဖို့ သမ္မတကိုယ်တိုင် အမိန့်ပေးခဲ့ရတဲ့ ရှုကလီးယားစစ်ပွဲ မတော်တဆ ဖြစ်ခဲ့ရတဲ့ ဇာတ်လမ်းကို လင်းချိန် သတိရနေတယ်။

ဒုတိယသမ္မတကလည်း ရှုကလီးယားစစ်ပွဲကို စိတ်ကူးမယဉ်ဘဲ အစီအစဉ်တကျ စဉ်းစားနေပါတယ်။ ဒီလိုကြံတွေ့တဲ့အခါမှာ နိုင်ငံဖွဲ့စည်းပုံအရ သမ္မတနေရာဆက်ခံပြီး နိုင်ငံကို ဆက်ဦးဆောင်ဖို့ တစ်ယောက်ကတော့ ကျန်နေလိမ့်မယ်လို့လည်း တွက်နေပါတယ်။ သူလည်း ဂျာရယ်လ်ဖို့ဒ်ရဲ့ အိမ်ဖြူတော်ရုံးအဖွဲ့မှူး ကွန်ဂရက်က အဆင့်မြင့်ပုဂ္ဂိုလ်၊ ဖခင်

သမ္မတဖြစ်စဉ်က ကာကွယ်ရေးဝန်ကြီး တာဝန်တွေ ထမ်းခဲ့ဖူးတယ်။ ပြီးတော့ နျူကလီးယားစစ်ပွဲမျိုးစုံ စမ်းသပ်လေ့ကျင့်ခဲ့ရာမှာလည်း ပါခဲ့ရတယ်။ ခု နယူးယောခ်နဲ့ ဝါရှင်တန်မှာ ကြုံနေတာတွေဟာ နျူကလီးယားစစ်ပွဲကို မမီသေးပါဘူး။ အများကြီးကွာပါသေးတယ်ဆိုတာ ချီနေ သိပါသေးတယ်။

ဒါပေမဲ့ ချီနေက ခုအခြေအနေမျိုးပါပဲ ပိုသတိရှိနေနေ ပါတယ်။ သူများတွေကိုလည်း မပေါ့စေချင်ဘူး၊ ပိုသတိရှိစေ ချင်ပါတယ်။ အထူးကို သတိရှိဖို့ လိုတယ်လို့ ချီနေ ခံစား မိနေပါတယ်။

"လေတပ်လေယာဉ်တစ်" Airforce One နဲ့ သမ္မတ အခု လူစီယာနားက ဘခ်ဒေးလ်လေတပ် အခြေစိုက်စခန်းကို ဦးတည်နေတယ်။ အဲဒီရောက်ပြီး မွန်းတည့်ချိန်ကျော်ကျော် လောက်မှာ သမ္မတ ဘုရှ်က အမေရိက အစိုးရ ဆက်လက်ရပ်တည်ပြီး နိုင်ငံကို ဦးဆောင်နေတယ်၊ အမေရိကန်သူ အမေရိကန်သားတွေကို ယုံကြည်စိတ်ချ အေးချမ်းစွာ နေကြဖို့ မိန့်ခွန်းပြောပါလိမ့်မယ်။

နျူကလီးယားခေတ်အသုံးအနှုန်းဖြစ်တဲ့ "Decapitated" "ခေါင်းဖြတ်ခံရပြီ"ဆိုတာမျိုး မသုံးနှုန်းရဘဲ တိုင်းသူပြည်သားတွေကို စိတ်အေးချမ်းသာစေမယ့် မိန့်ခွန်းပြောနိုင် မှာ ဖြစ်ပါတယ်။

ဒါပေမဲ့ ခက်နေတာက ဘခ်ဒေးလ်လည်း ရောက်ပြီးရော ဘုရှ်က ဝါရှင်တန်ကို ပြန်ချင်လို့ မနေနိုင် မထိုင်နိုင် ဖြစ်နေတာပါပဲ။

ဘော့ဖ်ဖယ်လေတပ် အခြေစိုက်စခန်းကို သွားပါဦး၊ နီဘရာစကာအိုမာဟာက မဟာဗျူဟာ ကွပ်ကဲရေးစခန်းကို

သွားဖို့ကိုသာ ဘုရ်ကို ချီနေက ပြင်းပြင်းထန်ထန် တိုက်တွန်းနေပါတယ်။

"တကယ်စိတ်ချရတဲ့ စစ်စခန်းပါ။ ဆက်သွယ်ရေးတွေကလည်း ကောင်းလွန်းလို့ပါ"

ချီနေက ပြောပြီး တိုက်တွန်းနေပါတယ်။

ဘုရ်ကို ဝါရှင်တန်က ပြန်ခေါ်တာလောက် မိုက်မဲတာရှိမှာ မဟုတ်ဘူးလို့ ချီနေက ယူဆတယ်။

ခုလိုလာတိုက်တဲ့ အတိုင်းအတာနဲ့ အတိမ်အနက်ကို ပြည့်ပြည့်ဝဝ မသိရသေးဘဲနဲ့ သမ္မတကို အိမ်ဖြူ တော်ကို ခေါ်လို့ ဘယ်ဖြစ်မလဲ။

ဘုရ်ကလည်း သဘောမတူချင်တူချင်နဲ့ပဲ ချီနေကို သဘောတူလိုက်ရပါတယ်။

တိုက်ပွဲနဲ့ရင်ဆိုင်နေရတဲ့ မြို့တော်ကို သမ္မတ ချက်ချင်း ပြန်မလာလို့ဆိုပြီး နောက်ကျတော့ ဘုရ် ဝေဖန်ခံရပါတယ်။

"အဲဒီလို ဝေဖန်တာကို ဂရုစိုက်မနေနဲ့၊ စစ်ဆင်ရေးလုပ်နေတာ သတင်းသမားတွေ ကျေနပ်အောင်လုပ်နေတာ မဟုတ်ဘူး။ စတန့်တွေ လူကြိုက်အောင် လျှောက်လုပ်နေပြီး တကယ့်အန္တရာယ်ကို ဘယ်သူက ဦးဆောင်ရင်ဆိုင်မှာလဲ၊ အလကားပုဂ္ဂိုလ်ရေးတွေ စဉ်းစားမနေနဲ့၊ ခုလုပ်နေတာက သမ္မတတစ်ယောက်ရဲ့ ဘဝကို ထိန်းသိမ်းစောင့်ရှောက်နေတာ ဖြစ်တယ်။ ဘုရ်တာဝန်ယူထားတဲ့ နိုင်ငံသမ္မတတာဝန်ကြီးကြပ်မှုကို ကာကွယ်နေတာပါ"

ဒုတိယသမ္မတ ချီနေက ပြတ်ပြတ်ရင်ဆိုင် ပြောဆိုပါတယ်။

ဒီလို ဒီနေရာမျိုးကနေ စိမံကွပ်ကဲနေတဲ့ ချီနေကို ဒီ

လောက်သတင်းမှားတွေ တစ်ပြိုကြီး ဝင်လာနေတဲ့ ကြားကနေ သမ္မတ အရေးပေါ် စစ်ဆင်ရေးအဖွဲ့က အကြမ်းဖက်သမား တန်ပြန်တိုက်ရေး အိတ်စပတ်ကျွမ်းကျင်သူတွေက ချီနေ ကွပ်ကဲရေးကို နောက်တစ်နေရာကို ပြောင်းဖို့ တိုက်တွန်းလိုက်သေးတယ်ဆိုပဲ။ ပိုစိတ်ချရအောင်လို့ပါတဲ့။

ချီနေက ပြောင်းဖို့ ငြင်းတယ်။ သမ္မတက လုံခြုံစိတ်ချနေရပြီ။ သမ္မတရဲ့ အရေးပေါ် စစ်ဆင်ရေးအဖွဲ့ကလည်း ဆက်သွယ်ရေးကောင်းကောင်းပေးပြီး စီမံကွပ်ကဲနိုင်နေပြီ။

ဒီနေရာက မပြောင်းဘူး။

ဒီကပဲ ဆက်ကွပ်ကဲမယ်။

ဆက်သွယ်ရေးကောင်းတာက မှန်တယ်။ ဒါပေမဲ့ရတဲ့ သတင်းတွေ မကောင်းဘူး။ မှားတာများနေတယ်။

အကြမ်းဖက်သမားတွေ စတိုက်ပြီဆိုတဲ့အချိန်က အမေရိကန်ကောင်းကင်ယံမှာ ပျံသန်းနေတဲ့ စီးပွားရေးလုပ်ငန်းနဲ့ဆိုင်တဲ့ လေယာဉ်တွေ၊ ကိုယ်ပိုင်လေယာဉ်တွေက (၂၀၀၀) ကျော်လောက် ရှိပါတယ်။ အဲဒီလေယာဉ်တွေကို လေယာဉ်တွေအတင်းအဓမ္မ အပိုင်စီးခံရပြီဆိုတာ သိလိုက်တဲ့အချိန်မှာ ပြည်ထောင်စုလေကြောင်း အုပ်ချုပ်ရေးအဖွဲ့ FAA က ချက်ချင်းအားလုံး မြေပြင်ကို ဆင်းသက်ခိုင်းနိုင်ခဲ့တာဟာ ကြီးကြီးမားမား စွမ်းဆောင်နိုင်တဲ့ အောင်မြင်မှု ဖြစ်ပါတယ်။

ဒါပေမဲ့ ပျံသန်းခဲ့တာ အားလုံးဆင်းပြီလို့ မပြောနိုင်သေးလို့ စိုးရိမ်နေရတယ်။ တချို့လည်း ဝါရှင်တန်ဘက် ဦးတည်ပျံသန်းနေတယ်လို့ သိနေရတယ်။

သမ္မတအရေးပေါ်စစ်ဆင်ရေးစခန်းက အခြေရာယ် ဘယ်လောက်ရှိနေသေးတယ်ဆိုတာကို စိစစ်နေရပါတယ်။ အက်ဖ်

အေအေကပေးတဲ့ လေယာဉ်နံပါတ်တွေကို ပို့ဆောင်ရေးဝန်ကြီးထံက တစ်ဆင့်ရပါတယ်။ဒါတွေကို ဒုတိယသမ္မတကိုယ်တိုင် 'အရေးပါတဲ့ စက္ကူဝါ'နဲ့ ရေးမှတ်ပြီး စိစစ်နေပါတယ်။ ဒါပေမဲ့ ပေးပို့တဲ့ နံပါတ်တွေက အလွဲလွဲအချော်ချော် ဖြစ်နေပါတယ်။

စိုးရိမ်ဖွယ်၊ ရှုပ်ထွေးမှုကသာ ကြီးစိုးနေတယ်။ မင်းဖစ်ကို သွားနေတာက လေကြောင်းလိုင်း "၇၀၆" ပြန်စစ်စမ်းပါ။ အဲဒါက ယူနိုက်တက်ရဲ့ "၆၀၇" ဖြစ်နေတယ်။ အိမ်ဖြူအရာရှိက ပြောပါတယ်။ ကွန်ဒိုရိုက်စ် နိုင်ငံတော်လုံခြုံရေးကောင်စီဝင် အမျိုးသမီးက ပြန်ပြောပြတာကတော့ "မက်ဒရစ်ကနေ ဆန်ဖရန်စစ္စကိုကို သွားနေတဲ့ လေယာဉ်တစ်စင်းက ချက်ချင်း ဝါရှင်တန်ကို လှည့်ပြန်လာနေတယ်။ ပြီးတော့ အဲဒီ လေယာဉ်က မက်ဒရစ်ကွင်းက ခုထိ ထမပျံရသေးဘူး၊ မြေပြင်မှာပဲ ရှိနေတယ်"

ဒါမျိုးတွေက တော်တော်စိတ်ရှုပ်ဖို့ ကောင်းပါတယ်။ FAA ကိုတော့ အပြစ်ပြောလို့ မရပါဘူး။ စစ်ကာလရဲ့ အရှုပ်အထွေး Fog of War က ဒီလိုပါပဲလို့ ဖြစ်ပါတယ်။

ဒုတိယသမ္မတကတော် လင်းချိုနေကတော့ "ကမ်းခြေစောင့်တပ်က ကယ်ဖို့ အကူအညီတောင်းသံ နိုင်ငံခြားလေကြောင်းလိုင်း (၃) လိုင်းဆီက ရတယ်လို့ ဆိုပါတယ်။ ယူနိုက်တက်၊ အဲယားကနေဒါနဲ့ ကွန်တီနင်တယ်အဲယားလိုင်းတို့ကလို့ ဆိုပါတယ်။ ဒါပေမဲ့ မွန်းတည့်ချိန်အထိ ဘာမှ အဲဒီလေယာဉ်တွေအကြောင်း မကြားရပါဘူး။

(၁၃း၀၀) နာရီ ကိုယ်ပိုင်လေယာဉ်တစ်စင်း အမြန်နှုန်းမြန်မြန်နဲ့ ခပ်နိမ့်နိမ့် တက္ကဆက်က သမ္မတရဲ့ ကရောဖို့ခြံဆီ

ကို ဦးတည်ပျံနေတယ်လို့ သတင်းပို့ပြန်ပါတယ်။ နောက်ပြီး KAL တစ်စင်းကလည်း အင်းကာရေ့ချ်ကနေ ထွက်လာခဲ့ရာက အပိုင်စီးခံနေရပါတယ်လို့ အချက်ပြထုတ်လွှင့်နေပြန်ပါတယ်။

ဒီလိုသတင်းလိုင်းတွေ ပြင်းပြင်းမပြတ်အောင် ရိုက်ပုတ်ခံနေရရုံနဲ့ မကျေနပ်နိုင်ကြသေးသလိုပါပဲ။ သမ္မတရဲ့ ဒီစစ်ဆင်ဆေးအခန်းဟာ ကာဘွန်ဒိုင်အောက်ဆိုဒ်တွေ သတ်မှတ်ထားတာထက် လွန်ကဲနေပါပြီလို့ အချက်ပြနေပြန်ပါတယ်။ CO_2 ဓာတ်လွန်ကဲနေရင် လူတစ်ဦး စဉ်းစားဆုံးဖြတ်နိုင်စွမ်းကို ထိခိုက်နေတယ်ဆိုလို့ ဦးစီးချုပ်လစ်ဘီကိုလာ ပြောနေပါတယ်။ သူတို့ပြောလို့စဉ်းစားတော့လည်း ငယ်တုန်းက ကျောင်းမှာ အဲဒီလိုသင်ခဲ့ဖူးတယ် ထင်တာပဲ။

အဲဒီအခန်းထဲက အရေးမပါတဲ့ လူတွေထွက်ခိုင်းကြတယ်။ လူလျှော့ချမှ ကာဗွန်ဒိုင်အောက်ဆိုဒ် လျော့သွားမယ်လို့ ထင်ပြီး စီစဉ်ရတယ်။

အခန်းထဲက အနေအထားနဲ့ အသံက ချီနေအသံပေါ်တည်နေပါတယ်။ သူကတော့ သတင်းပို့ကြတာတွေ မျိုးစုံအောင် ကွဲလွဲနေပေမဲ့လည်း တုန်လှုပ်ပုံမပေါ်ပါဘူး။

အတွေ့အကြုံရှိတဲ့ ဒုတိယသမ္မတကြီးက အရင်ဆုံးဝင်လာတဲ့ သတင်းတွေက မှားတာများတယ်လို့ သိနေပြီးသားနဲ့ တူပါတယ်။

ဆိုင်ဂုံမြို့တော်ကျဆုံးခဲ့ရတဲ့ ၁၉၇၅ က ချီနေက သမ္မတဖို့ဒ်ရဲ့ ရုံးအဖွဲ့မှူး ဖြစ်ပါတယ်။ အဲဒီတုန်းက အမေရိကန်အားလုံးစွန့်ခွာရမယ်လို့ အမိန့်ပေးခဲ့ပြီးမှ မရိန်းတပ်သား (၅၀) ကျန်ခဲ့တယ်လို့ သိရတုန်းကလည်း ချီနေက မတုန်လှုပ်ခဲ့ပါဘူး။

ခုလည်း သူ့ဘာသူ လုပ်ကိုင်နေပြီး ဘာသတိရလိုက်တယ်မသိဘူး 'လင်း'ကို တစ်ချက်ကြည့်လိုက်ပြီး "အိမ်သားတွေ ဘယ်လိုနေကြသလဲ"လို့ မေးလိုက်ပါသေးတယ်။

လင်းကလည်း တစ်ချက်လှမ်းကြည့်ပြီး အားလုံးကောင်းတယ်၊ သမီးတွေကို လျှို့ဝှက်ထောက်လှမ်းရေးတွေက စောင့်ရှောက်ထားပါတယ်လို့ အသိပေးလိုက်ပါတယ်။

တီဗွီနဲ့ ဗီဒီယိုတွေ့ဆုံဆွေးနွေးကြတာက အသံထွက်မလာတဲ့ တစ်ချိန်ပဲ ချိန်နေ စိတ်တိုသွားခဲ့ပါတယ်။

"လဲရအောင် လုပ်ကြစမ်း"

ဒါပဲ သူပြောပါတယ်။

ချိန်နေက တည်ငြိမ်မှုနဲ့ လူတွေအပေါ်မှာ သူ့သြဇာသက်ရောက်စေပါတယ်။

ဒါကြောင့် လူတွေမှာ ခံစားချက်ပြင်းပြင်းတွေ မရှိလာတော့ဘူးလို့တော့ မထင်ပါနဲ့။ မိုးထိတိုက်ညီနောင် ပြိုကျတဲ့ ဗီဒီယိုကို ပြန်ကြည့်နေရင်းက...

"ဒါ ကျွန်မတို့ အဆိုးဆုံးကို ရင်ဆိုင်နေရတယ်လို့ ဆို ရမလား" အီရစ်အဒ်ဒဲလ်မန်ကို လှမ်းမေးတယ်။

ကွန်ဒိုရိုက်စ်က အတွေ့အကြုံမနည်းဘူး။ ဘုရှ်အိမ်ဖြူတော်လူရင်းတွေထဲပါတယ်၊ စတင်းဖို့ဒ် တက္ကသိုလ်က ဆရာမ၊ ပြီးတော့ စစ်ဆင်ရေးတွေ အများကြီးလည်း ကြုံဖူးတယ်။

"တစ်ခါတလေ ကြုံရတာတွေက ကိုယ်ခံနိုင်မယ်လို့ တောင် မထင်ရတာမျိုး တွေ့ကြုံကြရတယ်။ ဒါပေမဲ့ ဘာမှမဖြစ်ဘူး။ နဂိုနေပုံမှန်ပဲနော်"

ဖြတ်သန်းရင်း ကြီးကြီးမားမားတွေ ရင်ဆိုင်ခဲ့ရပြီး ခုထိဆက်လက်ရှင်သန်နေတာတွေကို ပြောပါတယ်။

အကြမ်းဖက်တိုက်ခိုက်မှုခံရပြီး (၂) ရက် (၄၈) နာရီလုံးလုံး ကွန်ဒိုလီဇာရိုက်စ်ရဲ့ စိတ်တွေဟာ မလှုပ်ရှားခဲ့ဘူး။ အိမ်ပြန်ရောက်လို့ တော်တော်ညဉ့်နက်နေတော့မှ CNN ကို ဖွင့်ကြည့်မိလိုက်တယ်။

အဲဒီမှာ ဘတ်ကင်ဟမ်နန်းတော်မှာ အမေရိကန်အလံတော်ကို ဂုဏ်ပြုတပ်ဖွဲ့နဲ့ လွှင့်တင်ပေးနေတာ မြင်လိုက်ရလို့ ရင်ထဲဆို့နင့်သွားအောင် ကွန်ဒိုရိုက်စ် ခံစားလိုက်ရပါတယ်။

စက်တင်ဘာ (၁၁) ရက် မွန်းလွဲပိုင်း ထောက်လှမ်းရေးအစီရင်ခံစာတွေမှာ အကြမ်းဖက်တိုက်ခိုက်တာဟာ အဲလ်ကာယေဒါအဖွဲ့လို့ စတင်အပြစ်ဖို့ သတင်းပေးတာ တွေ့ရပါတယ်။

ဘင်လာဒင်ကို ထုတ်ပေးအောင် တာလီဘန်ကို အမေ ရိကန်တို့ ဘယ်လောက်အကျပ်ကိုင်နိုင်မလဲ၊ ဒါက ပြဿနာ ကြီးပါ။

လွန်ခဲ့တဲ့ (၂) ရက်ကပဲ တာလီဘန်က သူ့ကို ဆန့်ကျင်တဲ့ ခေါင်းဆောင် (၂) ယောက်ကို သတ်ခဲ့သေးတယ်။

စကူတာလစ်ဘီက မှတ်စုလေးတစ်ရွက် ချိုနေကိုပေး လိုက်တယ်။ ခုလို သတ်ဖြတ်နိုင်ခဲ့တာကများ အမေရိကန်ကို အကြမ်းဖက်ဖို့ လမ်းပွင့်သွားသလား။ သူတို့ကို ခရုဇုံးကျည်တွေနဲ့ လှမ်းပစ်နေရုံလောက်နဲ့တော့ မဖြစ်တော့ဘူး ထင်တယ်လို့ လစ်ဘီက ရေးလိုက်တယ်။ ချိုနေနဲ့အဖွဲ့က သဘောတူကြတယ်။

တော်တော်ပြင်းပြင်း တုံ့ပြန်မှ ဖြစ်မယ်။ တကယ်ဆန်းသစ်တဲ့ အစီအစဉ်နဲ့ အတွေးအခေါ်တွေ လိုလာပါပြီ။

(၁၅း၃၀) နာရီ ဂျော့ဘုရှ်က အော့ဖ်ဖယ်လေတပ်အခြေ စိုက်စခန်းမှာ။ ပြီးတော့ သမ္မတရဲ့ ထိပ်တန်းအစိုးရအဖွဲ့ဝင်

တွေနဲ့ လက်ထောက်အစိုးရအဖွဲ့ဝင် အကြံပေးပုဂ္ဂိုလ်တွေ ပါဝင်တဲ့ နိုင်ငံတော်လုံခြုံရေးကောင်စီ ဗီဒီယိုအစည်းအဝေး Vedio Conference ကို ကျင်းပပါတယ်။

ဘုရှ်က သူ ဝါရှင်တန်ကို ပြန်မယ်လို့ စပြောပါတယ်။

ဘုရှ်က ဘာမှမပြောတော့။ ထောက်လှမ်းရေးကတော့ ဆက်တားနေတယ်။ ဘုရှ် မလျှော့ဘူး။ ပြန်လှန်နေတယ်။

“တို့ ဒီလူတွေကို တွေ့အောင်ရှာမယ်။ သူတို့ ပြန်ပေးဆပ်စေရမယ်”

သမ္မတဘုရှ်က ဒီလိုလုပ်မယ်လို့ ပြောတယ်လို့ အစည်းအဝေးတက်ခဲ့တဲ့ လူတစ်ယောက်က ပြန်ပြောပြပါတယ်။

အဲဒီညက ဝါရှင်တန် ပြန်ရောက်ပြီး (၂၀း၃၀) နာရီမှာ ဘဲဥပုံသမ္မတရုံးခန်းထဲကနေ တိုင်းပြည်ကို ပြောတဲ့အခါမှာ သူ့လုပ်ငန်းစဉ်ကို ချပြပါတယ်။ “ဘုရှ်ဝါဒ” Bush Doctrine ကျော်သွားတဲ့ သူ့ဝါဒက အမေရိကန် ပြည်ထောင်စုအနေနဲ့ အကြမ်းဖက်သမားတွေကိုသာ ရန်သူအနေနဲ့ သတ်မှတ်ပြီး တိုက်မှာမဟုတ်ဘူး။ အကြမ်းဖက်သမားတွေကို လက်ခံထားတဲ့ နိုင်ငံတွေကိုပါ ရန်သူလို ဆက်ဆံမယ်လို့ ဘုရှ်က ပြောခဲ့ပါတယ်။

မိန့်ခွန်းပြောပြီးတဲ့နေ့ PEOC အစည်းအဝေးစားပွဲမှာ သူ့အနီးကပ် အကြံပေးပုဂ္ဂိုလ်တွေနဲ့ ထိုင်ပါတယ်။ အကြမ်းဖက်သမားတွေကို တိုက်ဖို့ ညွှန်ပေါင်းဖွဲ့ခွင့် အခွင့်ရေးရတာကို ဝမ်းသာနေပုံရပါတယ်။

ရုရှသမ္မတ ဗလာဒီမာပူတင်က ဒီနေ့ အတိုက်ခံရပြီး အခက်အခဲကြုံနေတဲ့ စောစောပိုင်းမှာပဲ ကွန်ဒိုလီဇာရက်စ်နဲ့ ဆက်သွယ်မိပြီး ရုရရဲ့ ရုပ်တည်ချက်ကို ပြောခဲ့တယ်။ အမေရိကန်ကို ရုရှက ဆက်ထောက်ခံသွားမှာကို ယုံကြည်စိတ်ချပါလို့

ပြောတာလို့ သိရတဲ့ ဘုရှိအနေနဲ့ ဝမ်းသာအားတက်နေပါတယ်။

“ခုဖြစ်နေတာ ဘာလဲ၊ ဒါစစ်ဖြစ်နေတာလား။ ဘယ်လို စစ်မျိုးလဲ။ အဲဒီလူတွေနဲ့ ကျုပ်တို့တွေ့ပြီး စကားပြောသင့်သလား”

ဒါတွေ ဘုရှိက တစ်ခုမှ မမေးခဲ့ဘူးလို့ လစ်ဘီက ပြောပါတယ်။

ညဉ့်အတော်နက်မှ ဒစ်နဲ့လင်းချိုနေနဲ့ ဒုတိယသမ္မတရဲ့အဖွဲ့တွေ အိမ်ဖြူတော်တောင်ဘက်မြက်ခင်းမှာ ဟယ်လီကော့ပတာပေါ်တက်ကြပါတယ်။ အမည်မဖော်ပြတဲ့ လုံခြုံတဲ့ တစ်နေရာမှာ နောက်ရက်သတ္တပတ်တွေ လတွေမှာ ချိုနေနေထိုင်လုပ်ကိုင်ပါလိမ့်မယ်။

ခေါင်းပိုင်းကို ဖြိုမယ့် ‘decapitating’ ရန်သူ့ရန်ကို ကာကွယ်တဲ့အနေနဲ့ စီစဉ်ထားတာ ဖြစ်ပါတယ်။

မီးတွေလင်းထိန်နေတဲ့ ဝါရှင်တန်ကို ရဟတ်ယာဉ်ပြတင်းကနေ ချိုနေ တွေ့လိုက်ရတော့ သမိုင်းသမားတစ်ယောက်ဖြစ်တဲ့အတိုင်း သမိုင်းမှာ ကြုံခဲ့ရတာကို သတိရမိသွားပါတယ်။ အိမ်ဖြူတော်ကို နောက်ဆုံးအတိုက်ခံခဲ့ရတာကို သွားသတိရတာပါ။ ၁၈၁၄ ခုနှစ်ကပေါ့။ ဗြိတိသျှတွေက တိုက်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ချိုနေက ဒါကို သိပ်ကြာကြာစဉ်းစားမနေလိုက်ပါဘူး။ သမ္မတက ရဲရဲကြီး သူလျှောက်လှမ်းတော့မယ့်လမ်းကို ပြောပြလိုက်ပြီပဲ။ သူ့အနေနဲ့ လုပ်ရမှာတွေက အများကြီး ဖြစ်နေပါပြီ။

လုပ်ကြံရေးသီဝရီတွေ

ဟိုဟာမက်အတ်တာရဲ့အဖေ မိုဟာမက်စီနီယာက ကိုင်ရိုမြို့တော်က သူတို့နေတဲ့ အခန်းရဲ့တံခါးကို ဖွင့်ပြီး နယူးစ်

ဝိန်သတင်းထောက်ကို ကြိုပါတယ်။

သူ့သားမောင်းတဲ့ အမေရိကန်လေကြောင်းလိုင်းအမှတ် (၁၁) လေယာဉ်ပုံကြီး ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုဌာနထဲကို ဝင်သွားခဲ့ပြီးတဲ့နောက် (၅) ရက်အကြာမှာ နယူးစ်ဝိန်က လာတွေ့တာ ဖြစ်ပါတယ်။

"အခုလို လာကြတဲ့ အင်တာဗျူးတွေက ကျုပ်ကိုဘာ မှ အကျိုးမပြုပါဘူး"

စိန်ယာအတ်တာက ဒီလိုစကားစတယ်။

"ကျုပ်သားက အခု ဘုရားသခင်ဆီ ရောက်နေပါပြီ။ သူ့ကို မော့ဆဒ် Mossad က သတ်တယ်"

စိန်ယာအက်တာက ကြိုရင်း ပြောပြီး သူ့အိမ်ဧည့်ခန်းထဲ ခေါ်သွားပါတယ်။

အနောင့်အယှက်ကင်းကင်းနဲ့ မိနစ် (၂၀) ပြောကြတာပေါ့တဲ့။ အစကပါ။

တကယ်ပြောကြတော့ အမေရိကန်စီးကရက်ကို ဖွာကြရင်းနဲ့ တစ်နာရီကျော်သွားခဲ့တယ်။

သူ့သားက လေကြောင်းခရီးဘက် မပါနိုင်ပါဘူး။ စာ သာ ကြိုးစားတဲ့လူပါ။ နိုင်ငံရေးအကြောင်းလည်း ပြောခဲပါတယ်။ အစ္စရေးထောက်လှမ်းရေးကဆင်တဲ့ ထောင်ချောက်ထဲကျသွားတာပါလို့ မိုဟာမက်ကြီးက ပြောပါတယ်။

တုတ်တုတ်ခိုင်ခိုင် မျက်မှန်ကြီးနဲ့ ရှေ့နေကြီးက ဒေါနဲ့ မောနဲ့ ပြောနေပါတယ်။ စိတ်ဆင်းရဲသံတော့ ပါနေတယ်။ ဖုံးကွယ်လို့မရပါဘူး။

"မော့ဆဒ်က ကျုပ်သားကို ဖယ်ရှားတာပါ။ သူ့ဖမ်းရတာ လွယ်ပါတယ်။ ခုခံနိုင်တဲ့အားလည်း မရှိရှာပါဘူး။ သူ

က အရင်းရှင်လည်းမဟုတ်တော့ သက်တော်စောင့်တွေ ဘာတွေ မထားနိုင်ဘူးပေါ့။ သူ့နာမည်နဲ့ သူ့ကတ်တွေကို မော့ဆဒ်က ယူ သုံးတယ်။ အကြမ်းဖက်တိုက်ပြီးတော့ သူ့ကို ခြိမ်းခြောက်ပြီး ဖုန်းဆက်ခိုင်းတယ်။ ရှုပ်အောင် မော့ဆဒ်က လုပ်လိုက်ပါတယ်”

အစ္စရေးရဲ့ ထောက်လှမ်းရေး မော့ဆဒ်အပေါ် အပြစ်တွေ ပုံချပြီး အကြမ်းဖက်တိုက်ခိုက်ပြီး နောက်တစ်နေ့မှာ သူ့ဆီကို ဖုန်းဆက်တဲ့ဟာက သူ့သားဆီကလို့ ပြောပြီး အဘိုးကြီးက တစ်ယူသန်ရှင်းနေပါတယ်။

“အဲဒီလို ဖုန်းဆက်ခိုင်းပြီးတော့ သူတို့ ကျုပ်သားကို သတ်လိုက်ကြတယ်။ အဲဒီ အမေရိကန်က တိုက်ကြီးတွေကို တိုက်တာ မော့ဆဒ်က အမေရိကန်ပိုင်းလော့လေယာဉ်မှူးတွေ သုံးပြီး တိုက်ခိုက်ခဲ့ကြတာ ဖြစ်ပါတယ်”

အတ်တာစီနီယာက အစ္စရေးစပိုင်တွေ လုပ်ခဲ့ ရှုပ်ခဲ့တဲ့ သမိုင်းနောက်ခံတွေနဲ့ သူ့ဥပဒေပညာတွေနဲ့ ပေါင်းစပ်ပြီး ပြောနေပါတယ်။

သူစကားကို ဝင်ဖြတ်ပြောရင်လည်း အလွန်စိတ်ဆိုးတတ်ပါသေးတယ်။

“ကျုပ်သား ဒီလိုတိုက်တာမျိုးထဲ ကျုပ်သားပါဖို့ လုံးဝ မဖြစ်နိုင်ပါဘူး။ တစ်ကြိမ်တစ်ခါကလွဲလို့ ကျုပ်သားနိုင်ငံရေး အကြောင်း ပြောခဲ့ဖူးတာ မကြားဖူးခဲ့ပါဘူး။

အစ္စလာမ်မာဘတ်က ကျုပ်တို့သံရုံးကို ဘင်လာဒင့်လူတွေ ဗုံးခွဲတုန်းက တစ်ကြိမ်သာ သူနိုင်ငံရေးစကား ပြောခဲ့ပါတယ်။ “သူစောင့်နေပါစေ။ ဘုရားသခင်က သူ့ကို မီးနဲ့ ရှို့ပါလိမ့်မယ်”လို့ အတ်တာက ပြောပါတယ်။

ခုတိုက်ခဲ့တာ မော့ဆဒ် လုပ်တာပါ။ သူ့သားလုပ်တာ မဟုတ်ဘူးလို့လည်း သက်သေပြပါသေးတယ်။

“တစ်အချက်က အမေရိကန် ဂျူးအလုပ်သမား (၅၀၀၀) တို့ အဲဒီနေ့က အလုပ်မဆင်းကြဘူး။ နှစ်အချက် ဒီလို ပျက်စီး ပြီးတဲ့နောက် အစ္စရေး (၅) ယောက် တာဝါကြီးတွေနားမှာ သီဆိုကခုန်နေတာကို အမေရိကန်ရဲအဖွဲ့က ဖမ်းခဲ့တယ်။ သုံး အချက်က အမေရိကန် ဂျူးစီးပွားရေးသမားတွေက ဒီလိုဖြစ် လာမယ်ဆိုတာ သိလို့ ဘွန်းစာချုပ်တွေ မဝယ်တော့ဘဲ နေခဲ့ တယ်။ တိုက်ပြီးမှ ဝယ်လို့ ဒေါ်လာ (၁၀) သန်း မြတ်သွား ကြတယ်”

အတ်တာစိနီယာကြီးပြောတာတွေက ဖြစ်နိုင်စရာမရှိ လောက်အောင် အံ့ဖွယ်တွေ ဖြစ်နေပေမဲ့ အီဂျစ်သတင်းစာတွေ ထဲပါတဲ့ သတင်းတွေနဲ့ကတော့ သိပ်မကွာလှပါဘူး။

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပြီး (၃) လကြာတော့ အတ် တာအကြောင်း အီဂျစ်သတင်းစာတွေက မရေးတော့ပါဘူး။ သမ္မတ ဟော့စနီမူဘာရက်ထက် ပိုကျော်ကြားသွားပေမဲ့ အတ်တာ အကြောင်း မဖော်ပြတော့ဘူး။ အီဂျစ်တွေက အနောက်တိုင်း သားတွေအမြင်မှာ သူတို့ထဲက တစ်ယောက်က အခု အကြမ်း ဖက် တိုက်ခိုက်မှုမှာ ပါနေတယ်ဆိုတာကလွဲရင် တခြား ဘာကို ဖြစ်ဖြစ် ယုံတော့မယ်ဆိုတဲ့ လူတွေ ဖြစ်နေကြပါတယ်။

အတ်တာ့အဖေက သူ့သား ဘာများလုပ်လိမ့်မလဲဆို တာကို လက်မခံဘဲ ခေါင်းမာမာနဲ့ ငြင်းနေပါတယ်။ ကမ္ဘာ့ တိုက်ကြီးတွေကို ကူးသန်းပြီး တိုက်ခိုက်ဖို့ စီစဉ်နေတာကို မော့ဆဒ်ကပဲ ကြိုးစားနေတယ်လို့ သူ့အဖေက မြင်နေတုန်းပါ။ အိမ်ပြန်လာဖို့ အစီအစဉ်တွေ ဖျက်နေရတာ ဒေါက်တာဘွဲ့ရဖို့

အကြံပေးပုဂ္ဂိုလ် ရှာနေရလို့ပါလို့ အတ်တာက အကြောင်းပြတယ်။ ဘယ်ကနေ ဆက်ဆက် အိမ်ကို ဖုန်းဆက်တိုင်း အတ်တာက ဂျာမနီကပါလို့ ပြောတော့ သူ့အဖေကလည်း ပြောသမျှ ယုံနေခဲ့တာပေါ့။

"သူ့ကို တူရကီလွှတ်ခဲ့တာ သူက အတော်ဆုံးမို့လွှတ် တာပေါ့။ သူ့ ကျောင်းသူ သိပ်ကျနပ်နေတယ်။ သူတော်လွန်း လို့လည်း ဂုဏ်ပြုကြတယ်"

ဒီလိုတွေပြောရင်း သူ့သားကို မိန်းမကိစ္စနဲ့တော့ စိတ် ချပုံမရတဲ့ အတ်တာစိနီယာက ...

"သူက မိန်းမတွေကို လုံးဝတို့တောင် မကြည့်ဖူးဆို ပါလား။ ဖြစ်နိုင်ပါ့မလား။ ကျုပ်က အိမ်ထောင်ပြုခိုင်းခဲ့တာ ကြာပါပြီ။ မိန်းမတွေကို လက်ဆွဲနှုတ်ဆက်ဖို့ သားက ဘယ် တော့မှ လက်မကမ်းခဲ့ဘူးတဲ့။ သူ့ဆီ လက်ကမ်းလာရင်တော့ နှုတ်ဆက်ပါတယ်တဲ့၊ ပြဿနာဖြစ်မှာစိုးလို့တဲ့"

သူ့သားအမျိုးသမီးတွေနဲ့ ပတ်သက်ပြီး ထိန်းရတယ် ဆိုတာက ကြမ်းတမ်းတာတွေကို ဖုံးကွယ်နေရတာနဲ့ တူပါတယ်။

နယူးစ်ဝိခ် သတင်းထောက်က အတ်တာစိနီယာကြီးရဲ့ ဇနီးအကြောင်း မေးတော့လည်း သူ့အတွက် ဆုတောင်းနေပါ တယ်လို့ပဲ ဖြေပါတယ်။

နယူးစ်ဝိခ်လည်း ထွက်လာရော အနောက်တိုင်း သတင်း စာတစ်စောင်က လူက ဝင်ပါတယ်။

အတ်တာစိနီယာကြီး ဆက်ကြွားပြီး ...

တကယ့်အမှန်တွေကို ယုံအောင် ဆက်ပြောနေဦးမှာပါ။

ပြန်လည်ရှင်သန်ဖို့ရေး သင်ခန်းစာရယူ

စက်တင်ဘာ ၁၁ ရက် နံနက်က ဗာဂျင်နီးယား ဒီချိ ယာရာရဲ့ ဖခင်က ဘရုတ်ကလင်ကုန်းမြင့်ထိပ်ကနေ ၁၀၁ ထပ် က သူ့သမီး ရုံးခန်းပြတင်းက မီးခိုးလုံးကြီးတွေထွက်လာတာ ကို ကြည့်နေရင်း တော်တော်စိတ်ဆင်းရဲလာပါတယ်။

အိမ်ပြန်ပြီး ဇနီးကို "ကြည့်ရတာ အခြေအနေမကောင်း ဘူး" ပြောပါတယ်။

"ထပ်ဖြစ်နေပြန်ပြီလား"

ကွန်နီဒီချိယာရာက မေးပါတယ်။

လွန်ခဲ့တဲ့နှစ် (၄၀) က ဆာလ်နဲ့ ကွန်နီတို့ရဲ့ တစ်ဦးတည်း သောသားလေး မီးထဲမှာ ဆုံးခဲ့ရပါတယ်။

သားလေးက မီးခြစ်တွေ ဖယောင်းတိုင်တွေနဲ့ ဧည့်ခန်း ထဲက ခုံနောက်မှာ ဆော့နေတယ်။

သူ့အစ်မ ဗာဂျင်နီးယားက တီဗွီကြည့်နေတယ်။ အမေက အောက်ထပ်မှာ နံနက်စာချက်နေပါတယ်။ (၅) နှစ်သမီး ဗာဂျင် နီးယားကတော့ ဘာမှမဖြစ်ဘဲ လွတ်လာခဲ့တယ်။ သားလေး က (၈၅) ရာခိုင်နှုန်းလောက် မီးသင့်နေတာကို အဖေက ကယ် လိုက်နိုင်တယ်။ (၁၃) ရက်နေတော့ သားလေးသေပါတယ်။

"ဒါမျိုး ဒုတိယအကြိမ်ဖြစ်လိမ့်ဦးမယ်လို့ ဘယ်တော့မှ တွေးမိမှာ မဟုတ်ပါဘူး" ကွန်နီကပြောပါတယ်။ ဖုန်းနားတောင်း ရင်းတော့ စိုးရိမ်စရာတွေပဲ စိတ်ထဲပေါ်လာနေပါတယ်။ ၁၀း၃၀ နာရီမှာ ဖုန်းမြည်လာပါတယ်။

အရီရွန်ဘရွန်က ဆက်တယ်။

"ခင်ဗျားတို့သမီး အိုကေပါပဲ။ သူမသေဘူး။ ဒါပေမဲ့ မီးလောင်ခံရပါတယ်။ ခုစိန့်ဗင်းဆင့် ဆေးရုံမှာပါ" ကွန်နီလည်း

ငိုတော့တာပါပဲ။

တကယ်တော့ ဗာဂျင်နီးယား အဖြစ်က ခုမှအစရှိပါသေးတယ်။

မီးလောင်ခံရတဲ့ လူတွေအတွက် ပထမ (၇၂) နာရီက အသက်ကို သူ့ဘက်ကိုယ့်ဘက်လုဝယ်နေရတဲ့ အချိန်ဖြစ်ပါတယ်။ **“fluid resuscitation”** ကာလက တကယ့်အဆုံးအဖြစ်ပေးမယ့် ကာလပါ။

ဒီချိယာရာက တော်တော်ကို ရောင်ကိုင်းနေပါတယ်။ သွေးအိတ်တွေထဲက အရည်တွေ စိမ့်ယိုထွက်နေပါတယ်။ ဒီလို စိမ့်လို့သွေးအားနည်းပြီး သတိလစ်သွားမှာလည်း စိုးနေပါတယ်။ စိန့်ဗင်းဆင့်မှာ သူ့ကို အကြောကနေ သွေးအား ကောင်းနေအောင် သွင်းပေးထားပါတယ်။ ဒီလို့ရောင်နေလို့ သိပ်မကြာခင် ဒီချိယာရာ (၂၅) ပေါင်လောက် ပိုးလေးလာလိမ့်မယ်။ မီးလောင်ဒဏ်ခံရသူတွေမှာ ဒါမျိုးက ဖြစ်နေကျပါ။

ပြီးတော့ တခြားရောဂါတွေဝင်ကူးမှာလည်း စိုးရသေးပါတယ်။

သူ့မှာ ရောဂါပိုးမွှားတွေကို အကာအကွယ်ပေးမယ့် အရေပြားက မရှိတော့ဘဲကိုး။

ဒီချိယာရာရဲ့ ကိုယ်ခန္ဓာ (၃၀) ရာခိုင်နှုန်းလောက် မီးလောင်ခံထားရပါတယ်။

ပခုံးကနေ လက်ဖျားအထိ (၂) ဖက်လုံးက ဒုတိယအဆင့်နဲ့ တတိယအဆင့် မီးလောင်ဒဏ်ရာတွေ၊ ကိုယ်ဘက်ခြမ်းနဲ့ ကျောကဒုတိယအဆင့်တွေနဲ့ မျက်နှာက ပထမအဆင့် မီးလောင်ဒဏ်ရာတွေနဲ့ ဖြစ်နေပါတယ်။ ပထမနဲ့ ဒုတိယအဆင့် မီးလောင်ခံရတဲ့ ဒဏ်ရာတွေမှာတော့ အရေပြားအသစ် ပြန်

ပေါက်လာမှာပါ။ ဒါပေမဲ့ တတိယအဆင့် မီးလောင်ဒဏ်ရာ နေရာမှာတော့ တခြား နေရာကအရေးပြားကို အစားယူကပ်ပေး နိုင်ပါမှ အရေပြား ပြန်ရလာလိမ့်မယ်။

ဒီချိယာရာရဲ့ ခုတင်ဘေးရောက်နေတဲ့ ပလတ်စတစ် နဲ့ ပြန်တည်ဆောက်ယူရေး ခွဲစိတ်ကုအကြီးအကဲ ဆရာဝန် "ဒေါက်တာဂျိန်းဟား"က လူနာ့အခြေအနေကို တကယ်စိုးရိမ် ရတဲ့ အခြေအနေဆိုတာကို ချက်ချင်း သိနေပါပြီ။ သူ့ လက် ချောင်းတွေရောင်နေလိုက်တာ မစ်ကီးမောက်စ်လက်ချောင်းလေး တွေလိုပါပဲလား။ ပြီးတော့ အာရုံလျော့ကျစပြုနေပါတယ်။

မီးလောင်ထားလိုက်တဲ့ သူ့အရေပြားတွေကလည်းနီ၊ ညို၊ မည်း... ကျပ်ခိုးရောင်နဲ့ တစ်ကိုယ်လုံးက ညှော်နံ့ထွက်နေ ပါတယ်။ အနံ့က တော်တော်ဆိုးပါတယ်။

ဒါပေမဲ့ ဒေါက်တာဟားတွေ့ရသေးတာကတော့ ဒီချိ ယာရာက လန်းဆန်းတက်ကြွတယ်။ သတိရှိတယ်ဆိုတာကို လည်း တွေ့ရလို့ တခြားမီးလောင်ဒဏ်ရာရတဲ့ လူတွေက စိတ်ဓာတ်ကျနေသလို ဖြစ်နေတာနဲ့ ကွာခြားနေတာကို သိနေ တယ်။

ပြီးတော့ ဒီချိယာရာက ဖြစ်လာခဲ့တာတွေကို အသေး စိတ်ပြောပြနိုင်တယ်။ ဟားကိုယ်တိုင် ရယ်မောသွားအောင် ချိယာရာက စွမ်းနေတယ်။

"သူ သူ့စိတ်ထဲ မခံနိုင်အောင် ဖြစ်နေတာက သူဆံပင် တွေကိုပါပဲ။ သူ့ဆံပင်တွေကလည်း ပြားချပ်ကြီးလို ကပ်သွားပြီး ကျပ်ခိုးတွေလို ဖြစ်နေတယ်။ ပြုတ်ပြတ်ပြီးလည်း ကျကျ လာနေတယ်။ အဲဒီဆံပင်တွေ အကြောင်းတော့ သူ့ကိုယ်သူ မညှာမတာကို ပြောပြောနေတော့တာပဲ"

ဒေါက်တာဟားက တကယ်ခံစားမိတဲ့ အသံနဲ့ ပြန်ပြော ပြပါတယ်။

အခြေအနေဆိုးပြီး နာကျင်လှတဲ့ ဒဏ်ရာကြီးနဲ့ ပြောမပြ နိုင်လောက်အောင် ဆိုးနေပေမဲ့ ဆေးရုံပေါ်ရောက်လာရတာကိုက အောင်ပွဲခံသလို ဖြစ်နေပါတယ်။ မော်ဖင်းက ဝင်ဖေးမတော့ လည်း ခံစားရတာ သိသိသာသာခံသာနေပြီး မသေလို့ ရှင်သန် နေရတာကိုက တကယ်ကျေးဇူးတော်ကြီးမားလှနေပါတယ်။

ကွန်နီဒီချိယာရာက ရောက်လာတော့ သူ့သမီးကို ကြည့်ရတာ ဖရဲသီးကြီးလိုပါလို့ ပြောပါတယ်။ ကွန်နီမျက် ရည်တွေဝဲနေတယ်။ ဝမ်းနည်းလို့ မဟုတ်ဘူးတဲ့။

သမီးမသေဘဲ အရှင်တွေ့ရတာ ဝမ်းသာလွန်းလို့ပါတဲ့။

သမီးကို ဘယ်ပုံမျိုး ဘယ်ဘဝမျိုးနဲ့ ဖြစ်နေပါစေ။ ကျွန်မကတော့ ဆက်ပြီး မွေးမယ်၊ ပြုစုမယ်၊ ချစ်မယ်တဲ့။

လိုဇာလမ်းတွေ ပိတ်ထားလို့တဲ့ ဒီနေ့က ဆေးရုံကို ရောက်မလာနိုင်ကြတဲ့ ဒီချိယာရာရဲ့ ရင်းနှီးလှတဲ့ မိတ်ဆွေတွေက ဒီချိယာရာတို့အိမ်မှာ အဲဒီညက စုဝေးပြီး အသက်မသေရှင် ကျန်နေတဲ့ ဗာဂျင်နီးယားဒီချိယာရာအတွက် ရှန်ပိန်ပုလင်းကြီး ဖောက်ပြီး ခွက်မြှောက်ဂုဏ်ပြုလိုက်ကြပါသေးတယ်။

နောက်နေ့ကျတော့ အခြေအနေမှန်ကို ရင်ဆိုင်ကြ ရပါတယ်။ ဒီချိယာရာအနေနဲ့ တော်တော်ခက်ခဲရှုပ်ထွေးတဲ့ ခွဲစိတ်ကုသမှုကို ခံယူရတော့မယ့်အကြောင်း ဒေါက်တာဟား က အသိပေးပါတယ်။

ရောင်ကိုင်းလာတဲ့ ကြွက်သားတွေနဲ့ သေသွားတဲ့ အရေပြားတွေက သူ့သွေးအိတ်တွေကို "ကြက်ပေါင်ကွင်း" လို ဆွဲညစ်နေကြတယ်။ ဒီသွေးအိတ်တွေကို ဆွဲဆုပ်ထားတော့ သူ့

တစ်သျှူးတွေဆီကို သွေးမရောက်တော့ဘူး။

ဒါကြောင့် သူ့ကို တစ်နေရာပြီး တစ်နေရာ၊ တစ်ခုပြီးတစ်ခု၊ တစ်ချက်ချင်းတစ်ချက် ထိုးပြီးဖြတ်ရမယ်။ fasci ontomies လို့ခေါ်တာလုပ်ရမယ်။ လက်မောင်းနဲ့ လက်တစ်လျှောက် အဲလိုလုပ်လိုက်မှ ခံနေရတဲ့ ဒဏ်သက်သာသွားလိမ့်မယ်။

"ဖက်ရွှန်တိုးမီးစ် လုပ်ပြီးရင်တော့ တကယ်အံ့သြဖို့ကောင်းသွားလိမ့်မယ်" လို့ပါ ဒေါက်တာဟားက ပြောခဲ့ပါတယ် လို့ ပြန်ပြောပြပါတယ်။

"လုပ်သာလုပ်စမ်းပါ။ နှစ်ခါပြန်စဉ်းစား မနေစမ်းပါနဲ့၊ ဖြတ်ပစ်ရမှာ အကြောင်းလည်းပြောမနေနဲ့၊ ပြောစရာကိုမလို လို့ပါ ဒေါက်တာရယ်"

ဗာဂျင်နီးယားရဲ့တံံပြန်ပြောတာတွေ ကြည့်စမ်းပါဦး။

သူ့မိသားစုနဲ့ ဆေးရုံကားကို ပြင်ပကမ္ဘာကြီးကို လုံးဝပိုင်းခြားထားခဲ့ပြီး တကယ့်ခံစားနေရတဲ့ အခြေအနေမှန်ကိုသာ ဒီချီယာရာ ရင်ဆိုင်နေလိုက်ပါတယ်။

သူ့အလုပ်အကြီးအကဲ Cantor Fitzgerald နဲ့ Stephen Merkel ဆေးရုံကို ဝင်ကြည့်သွားပါတယ်။ ဒီချီယာရာက သူ့ အလုပ်ခွင်က လုပ်ဖော်တစ်ယောက်ကို မေးတယ်။ အမေးခံရသူက ခေါင်းခါတယ်။ နောက်လုပ်ဖော်တစ်ယောက်ကို ချီယာရာက မေးပြန်တယ်။ ဟိုကလည်း ခေါင်းခါပြန်တယ်။

"အခြေအနေမကောင်းဘူး။ ဗာဂျင်နီးယား" မာကယ်လ်က သူ့ကို ပြောပါတယ်။

ဘယ်လောက်ဆိုးတယ်ဆိုတာကိုတော့ မာကယ်လ်က ဗာဂျင်နီးယားကို မပြောပါဘူး။

ကန်တာဖစ်ဂျရဲလ်ဒ်ရဲ့ ဝန်ထမ်း (၁၀၀၀)ထဲက (၆၅၈) ယောက်လောက် စက်တင်ဘာလ (၁၁) အတိုက်ခံရတုန်းက သေသွားခဲ့ပါတယ်။

ဒီချီယာရာက ခေါင်းစဉ်တွေ ပြောင်းပြောပါတယ်။ ကြောက်စရာတွေနဲ့ သူမပတ်သက်မိအောင် ရှောင်တယ်။

ဆေးရုံက သူ့အခန်းပြတင်းကနေ မိုးထိတိုက်ကြီး ညီနောင် ရှိခဲ့တဲ့နေရာကို မြင်နေရပါတယ်။ အဲဒီက ဘာမှမရှိတော့တဲ့ နေရာနဲ့ အပျက်အစီးနဲ့ မီးခိုးတွေကို မမြင်ချင်တော့လို့ အမေရေခန်းဆီကိုသာ ဆွဲပိတ်ထားလိုက်ပါလို့ ဗာဂျင်နီးယားက ပြောလိုက်ပါတယ်။

စက်တင်ဘာ (၁၄) ရက်နေ့ကျတော့ ဗာဂျင်နီးယားကို စိန့်ဗင်းဆင့်ကနေ နောက်ဆုံးပေါ် မီးလောင်ဒဏ်ရာကုအဖွဲ့ ရှိရာ စိန့်ဘာနာဘတ်စ် ဆေးရုံကို ပြောင်းပေးတယ်။ ညသန်းခေါင်လောက်မှာ အဲဒီက intensive care unit ICU အနီးကပ်ပြုစုရာကို ရောက်ပါတယ်။

“တကယ်မှောင်ထဲရောက်ရသလိုပါပဲ။ အခန်းတံခါးကလည်း ပိတ်ထားတယ်။ ရေအိမ်ကိုတောင် သွားလို့မရဘူး။ သူတို့ဝတ်စုံဝတ်၊ ပါးစပ်နှာခေါင်းပိတ်လည်း တပ်ထားရတယ်။ မျက်လုံးဖြူဖြူလေးတွေကလွဲလို့ ဘာမှမမြင်ရတော့ဘူး”

စိန့်ဗင်းဆင့်မှာတုန်းက သူ့အခန်းထဲ ဝိုင်းပြုစုနေတဲ့ မိသားစုနဲ့ အပေါင်းအသင်းတွေလည်း တော်တော်ခံနေကြရတယ်။

စိန့်ဘာနာဘတ်စ် ရောက်စက ဒီချီယာရာကို ဆေးပြင်းတော်တော်တိုက်ထားတယ်။ morphine နဲ့ percocet တို့ကိုနာတဲ့ဒဏ်တွေ ခံနိုင်အောင် ပေးထားတယ်။ Ativan နဲ့

Xanax တို့ကို စိုးရိမ်စိတ်တွေ ကင်းအောင်ပေးတယ်။ Maalox ကို ဗိုက်ထဲက အာလ်ဆာ ulcer အတွက် ပေးသေးတယ်။ နောက်လည်း ကျွေးတဲ့ဆေးတွေ မနည်းဘူး။ ဆေးဆိုင်မှာရှိသမျှ ဘာကျန်သေးလဲဆိုသလိုပါပဲ။

"သမုဒ္ဒရာကြီးလောက် ခံစားနေရတာကို ရောကန်လေးလောက်သာ ခံစားရအောင် ကြိုးစားနေကြရတာပါ"

မီးလောင်ဒဏ်ရာ ပြုစုကုသရတဲ့ သူနာပြုဆူဆန်ဂါဆီယို ရော့စကီက ပြောပြပါတယ်။

"နာလို့ခံနေရတာတွေ ထိန်းမရအောင်တောင် မဖြစ်ချင်ဘူး မဟုတ်လား၊ ဒါကိုတော့ ရှင်လည်းလုပ်နိုင်ပါတယ်"

ဗာဂျင်နီးယားလည်း အသံလေးထွက်အောင် ရယ်လာတယ်။ ပြောချင်လို့ ကြိုးစားပေမဲ့ နည်းနည်းစပြီး မရဘူးပြတ်သွားပြီး (၅) မိနစ်လောက်နေတော့မှ ဆက်ပြောလို့ ရသွားပါတယ်။

ဘာတွေပဲ ကြုံရကြုံရ စိတ်မချတာကတော့ ဗာဂျင်နီးယားအတွက် ရှင်းနေတယ်။ အခန်းထဲက တီဗွီကိုတောင် အကြမ်းဖက်သမားတွေ အကြောင်းပါလာရင် သူနာပြုတွေက ပိတ်ပိတ်ထားခဲ့တယ်။ တစ်ခါတလေလည်း ဖျော်ဖြေရေးတွေလာနေရင်းက အကြမ်းဖက် တိုက်ခံရတဲ့ကိစ္စတွေ ရုတ်တရက် ပါလာပြီး မပိတ်လိုက်ရဘူး။ ကန်တာဖစ်ဇ်ဂျရဲလ်ဒ်က ဝန်ထမ်းတွေ အကြောင်းပါလာတယ်။ သေကြတဲ့လူတွေအကြောင်းပါလာလို့ သူ့အနီးမှာ တော်တော်ကြာကြာနေရတဲ့ ဆူဆန်က စိုးရိမ်မိသွားခဲ့ပါတယ်။

"ကဲ ... တွေ့လား၊ တို့လူတွေ မလွတ်ကြဘူး။ သေကုန်ကြတယ်။ ငါတစ်ယောက်ပဲ ရှင်ပြီး ဒီကို ရောက်လာတယ်"

ချီယာရာက ဒီလိုပြောလိုက်လို့ သူနာပြုဆူဆန် အံ့သြသွားခဲ့ရတယ်။

“ဒီချီယာရာက စိတ်ပြင်းတယ်။ သူ့အခြေအနေပိုကောင်းလာဖို့သာ စူးစိုက်နေတယ်”

မီးလောင်ဒဏ်ရာကုအဖွဲ့ အကြီးအကဲ ဒေါက်တာဟာနီမန်ဆူးက ပြောပါတယ်။

“ငါပိုပြီး နေကောင်းချင်တယ်”

ဒါက ဗာဂျင်နီးယား ဒီချီယာရာရဲ့ ဆောင်ပုဒ်ဖြစ်နေပါတယ်လို့ ဆရာဝန်တွေ သူနာပြုတွေက ပြောလာကြပါတယ်။

ကိုယ်လက်သန့်စင်ဆေးကြောဖို့အတွက် မီးလောင်ဒဏ်ခံထားရတဲ့ လူနာတွေကို ဘီးတပ်လှည်းနဲ့ ပို့ကြပါတယ်။ အဲဒီအခါကလည်း နှိပ်စက်တဲ့ ညှဉ်းတဲ့ အခန်းမျိုးနဲ့တူတယ်။ တစ်ပိုင်းက အစိုပိုင်း၊ မျက်နှာကြက်က တွဲလောင်းကျနေတဲ့ရေပိုက်တွေနဲ့ ဆေးကြော ပွတ်တိုက်ပေးကြရပါတယ်။ နောက်တစ်ပိုင်းက ဆေးထားတာကို သန့်အောင်ခြောက်အောင်လုပ်တဲ့ အခြောက်ပိုင်းဖြစ်တယ်။

အဲဒီအခြောက်ပိုင်းမှာ ပိုးခြုံထည်မျိုးနဲ့ အုပ်ပြီး ခြောက်အောင် လုပ်ပေးပါတယ်။

ရောက်တဲ့ညက ရေချိုးစင်ပေါ်က ဗာဂျင်နီးယားရဲ့ ဓာတ်ပုံရှိပါတယ်။ သူ့လက်မောင်းကို မလိုက်တော့ ထူထူအသားတွေ ပြဲနေတာ လက်မောင်းအောက်မှာ တွေ့ရပါတယ်။ **fasciontomies** လုပ်တဲ့နေရာတွေပါ။ တတိယအဆင့် လောင်ထားတဲ့ နေရာတွေ ဖြစ်ပါတယ်။ အရေပြားက သားရေလိုဖြစ်နေပြီး ပန်းရောင်သန်းနေတယ်။ တခြားနေရာတွေက မရန်းရောင်မှာ အကွက်လေးတွေနဲ့ တစ်နေရာမှာ အညိုရောင် အရေ

ပြားအရစ်လေး တွေ့ရမယ်။ အဲဒါက သူ့အရင်က ရိုးလက်စ်လက် ပတ်နာရီ ပတ်ခဲ့တဲ့နေရာပေါ့။

မျက်နှာကတော့ မမှတ်နိုင်လောက်အောင်ကို ရောင်ကိုင်း နေပါတယ်။

သူဘယ်လောက် စိတ်ထိန်းထားရတယ်ဆိုတာကတော့ သူကိုယ်တိုင်ပြောမှပဲ သိရပါတယ်။ အခန်းထဲမှာက တကယ် စိတ်ကုန်ဖို့ကောင်းတယ်။ တချို့လူတွေ အော်သံတွေက သွေး တောင်ဆုတ်သွားပါတယ်။ ဟိုနာဇီတွေ ဓာတ်ငွေ့နဲ့ လူတွေ သတ်နေတာမျိုးနဲ့ တူနေတယ်။ တချို့က ကလေးလေးတွေဆို တော့ စဉ်းစားကြည့်ကြပေါ့။

သူလည်း ပြောရင်းတောင် တုန်လှုပ်နေတယ်။

သူ့ရေချိုးပေးမယ့် မနက် (၆) နာရီကပေါ့။ သူက သူ့ သူနာပြုကို ခေါ်ပြီး မော်ဖင်းထိုးပေးစမ်းပါ။ ပြီးမှ အဲဒီထဲခေါ် သွားပြီး လုပ်စရာတွေ လုပ်ကြပေါ့လို့ ပြောခဲ့သေးတယ်။ အဲဒီ အခန်းထဲရောက်တော့ သူလည်း မကြားဝံ့ မနာသာတွေ အော် တော့တယ်ဆိုပဲ။ ဒါပေမဲ့ ကိစ္စမရှိဘူး။ အဲဒီမှာ အဲဒါမျိုးက နော်မယ်ဖြစ်နေကျတဲ့။

သူ့သူနာပြု ဂက်ဆီယိုရော့စကီကလည်း သူ့ကို နောက် နောက်ပြောင်ပြောင်နဲ့ ပွတ်သပ်ပြီး ချော့နေပါတယ်။ မော်ဖင်း ထိုးဦးမလား ရတယ် ထိုးပေးမယ်။ ပြီးတို့ဘာမှ မသိဘူးလို့ ထင်နေသလား။ တကယ်တော့ သိပါတယ်။ ခံစားနေရပါတယ် လို့လည်း ဆူဆန်က ပြောလိုက်ပါသေးတယ်။

တစ်မနက် အဲဒီ ရေချိုးခန်းထဲမှာပေါ့။ သူတစ်သက်မမေ့ နိုင်အောင် မြင်လိုက်ရတာက **fasciontomies** လုပ်ထားတာ တစ်ခုကို တွေ့လိုက်ရတာပါ။ အဲဒီအခန်းထဲရောက်တဲ့အခါ

သာ အဲဒါတွေကို သူတို့က ဖွင့်ထားကြတာကိုး။ မော်ဖင်းဒဏ်နဲ့ ဒီချိုယာရာက မျက်နှာကြက်ကိုသာ မော့ကြည့်နေမိခဲ့ရာက ဒီနေ့မှ ခေါင်းထောင်ပြီး လက်မောင်းကို ကြည့်လိုက်မိပါတယ်။ ခွဲကုပြီးစ အရိုင်းအတိုင်းဆိုတော့ အသားတွေနဲ့ ကြည့်ရသိပ်ဆိုးနေတယ်။

"ဘုရား ...ဘုရား... ငါ့လက်ကို ငါးမန်းကိုက်သွားသလိုကြီးပါလား"လို့ ပြောပြီး ခေါင်းပြန်ကျသွားပါတယ်။ အပ်ဖျားလေးမြင်လိုက်ရုံနဲ့ မူးမေ့သွားတတ်တဲ့ လူဆိုရင်တော့ သွားပြီ။ ဗာဂျင်နီးယားလည်း နောက်ကို ဘယ်တော့မှ ငုံ့မကြည့်တော့ပါဘူး။

သူလည်း မကြည့်ဘဲ ကြာကြာမနေနိုင်ပါဘူး။

ဆက်လည်းကုနေရ၊ အရေပြားတွေ တစ်နေရာက ခွာ တစ်နေရာကပ် ကုရတာတွေကို ဆရာဝန်တွေက လေသလပ်စေ ချင်တော့ အုပ်ထားလို့ကလည်း မဖြစ်တော့ ကြည့်မိတယ်။ လုပ်ပြီးစတွေကလည်း ပြူးပြဲနေတယ်။

"တကယ်ကြောက်စရာပါ။ 'ရှင်ရင်းသေတယ်'ဆိုတဲ့ ညမျိုးပါ။ ကြည့်လေဆိုးလေပါ။ ဘုရား၊ ဘုရား ဒါ ကျွန်မကိုယ် ခန္ဓာပါလား။ မြင်ရတာနဲ့ ကိုယ့်ကို စိတ်ဒုက္ခတော်တော်ပေးပါလား"

နောက်ရက်နည်းနည်းကြာတော့ ပိုဆိုးတဲ့ သူ့ဘယ်ဘက်လက်ကို ဆရာဝန်တွေက ကုကြပြန်ပါတယ်။

စိတ်သက်သာစရာတစ်ခုတော့ သိရပါတယ်။ ဒီချိုယာရာ မကြာခင် ဆေးရုံက ဆင်းရတော့မယ်တဲ့။

အင်း ... မဆင်းခင်တော့ စိတ်တင်းပြီး မော်ဖင်းကို လျှော့ပြီး ရေချိုးခန်းဝင်မှ ဖြစ်မယ်။ Percocets နှစ်လုံးလောက်

နဲ့ ထိန်းထားရပါတော့မယ်။

တစ်မနက် (၆) နာရီခွဲလောက်မှာ သူနာပြုတစ်ယောက်က မော်ဖင်းထိုးပေးဖို့ အသင့်ဖြစ်နေပါပြီ။

"အဲဒါ မထိုးနဲ့တော့။ ပါကိုဆက်နှစ်လုံးသာပေး"

ဗာဂျင်နီးယားက ပြောလိုက်တယ်။

"တကယ်လား"

သူနာပြုက ပြန်မေးပါတယ်။

"အေး ငါရအောင် လုပ်မယ်"

ဒီချီယာရာက ပြောပြီး ...

"ဒီက ထွက်ရအောင် ငါကြိုးစားရမယ်လေ"

ဗာဂျင်နီးယား ဒီချီယာရာက ဆက်ပြောပါတယ်။

ကွယ်လွန်သူကိုမြှုပ်နှံရပြီ

ဘီလ်ဖိုးဟန်ရဲ့သား ဂျွန် (၃၂) ကလည်း တပ်ဖွဲ့ (၂၅၂) က မိုးသတ်သမားတစ်ယောက် ဖြစ်ပါတယ်။

(၁၀း၃၀) နာရီ၊ စက်တင်ဘာ (၁၁) က ပစ်မှတ်အခြေကနေ တိုက်ကွက် (၄) ကွက် အကွာအဝေးမှာ ရောက်နေပါတယ်။ လှောင်ပိတ်မိနေတဲ့ မိုးသတ်သမားတွေကို ကယ်ဖို့လာခဲ့တာပါ။ မြောက်ဘက်က မိုးထိတိုက်ကြီး ပြိုကျလာသံကို ကြားလိုက်တော့ ဘာကြောင့်မှန်းမသိဘူး။ သူ့အဖေကို သတိရလိုက်မိတယ်။

"ဂျွန်တော်လည်း ကွပ်ကဲရေးစခန်းကို ရှာတွေ့မှ ဖြစ် မယ်"

တပ်ဖွဲ့ဝင်တစ်ယောက်ကို ဂျွန်က ပြောတယ်။ အဲဒါ ဘယ်မှာဆိုတာ ဘယ်သူမှ မသိကြဘူး။ ရေဒီယိုတွေလည်း ဆက်မရ။ ဆိတ်ငြိမ်သွားပုံကလည်း တစ်မျိုးကြီးပဲ။ ဘယ်လို

ခံစားမိမှန်းလည်း မသိဘူး။ နောက် (၄) နာရီလောက်အတွင်း မှာတော့ Ground Zero မှာတွေ့တဲ့ လူတိုင်းကို မေးတော့တာပဲ။

“အဖေ့ကို တွေ့သလား”

ဂျွန်ကတွေ့တဲ့လူတိုင်းကို မေးပါတယ်။ နောက်ကျတော့လည်း သူမေးတဲ့ လူတွေထဲမှာ သူ့အဖေသေတာသိတဲ့ လူတွေပါနေတယ်ဆိုတာ သူသိမှာပါ။

ဒါပေမဲ့ အဲဒီလူတွေကလည်း သေသူ့သားကို ပြောမထွက်ကြပါဘူး။

အပျက်အစီးပုံကြီးအောက်က လူတွေကို ဆွဲထုတ်ဖို့ ဂျွန်တော်တော်ကြာကြာ နေခဲ့သေးတယ်။

မြောက်ဘက်တိုက် (၈၂) ထပ်ကဆိုတဲ့ အမျိုးသမီးကြီး တစ်ယောက်ကို ဂျွန်ကယ်ထုတ်လို့ ရသွားတယ်။

(၁၅း၄၅) နာရီ မီးသတ်က လူကြီးက ဂျွန်ကို တော်ပြီလို့ ပြောပါတယ်။ အဲဒီလူကြီးနဲ့ မျက်လုံးချင်းဆုံလိုက်မိတာနဲ့ ဂျွန်ဖီးဟန်ကတော့ သိလိုက်ပါပြီ။

မီးသတ်က အကြီးအကဲက သူ့ကို လူနာတင်ယာဉ်တစ်စင်းဆီကို ခေါ်သွားပါတယ်။

“ဒါကို မင်းသိချင်သလား။ ကြည့်ချင်သလားတော့ ငါမသိပါဘူး။ ဒါပေမဲ့ မင်းအဖေကတော့ အဲဒီမှာ”

လူကြီးက ဒါလောက်ပဲ ပြောပါတယ်။

“ကျွန်တော်လည်း ဒီလိုပဲ ထင်ပါတယ်”

ဂျွန်က ဒီလောက်ပဲပြောပြီး ငိုင်သွားတယ်။

လူနာတင်ကားပေါ်ကို နောက်ပိုင်းက တက်သွားပြီး ငိုရှိုက်နေတယ်။ သူ့စိတ်သူထိန်းပြီး အဝတ်စကို ဆွဲပြီး ဖုံးအုပ်လိုက်နိုင်ပါသေးတယ်။

ဖီးဟန်တို့ မိသားစုကို စိန့်ပက်ထရစ်ကျောင်းတော်မှာ အသုဘအတွက် စီစဉ်ပေးကြဖို့ ခွင့်ပေးပါတယ်။ ဒါပေမဲ့ ဖီးဟန်ရဲ့ Flushings က ကျောင်းတော်ဟောင်းမှာပဲ စီစဉ်လို့ကြပါတယ်။ ဒီတော့ မြို့တော်က အကြီးအကဲတွေ လာပြီး ဂါရဝပြုနိုင်ကြဖို့ လောင်းအိုင်လင် အမြန်လမ်းမကြီးကို ရဲကပိတ်ပေးပြီး စီစဉ်ရပါတယ်။

မီးသတ်ရဲ့ ဆရာကြီး ဖီးဟန်ကို မသင်္ကြိုဟ်မိ ဂျွန်နဲ့ သူ ဖီးဟန်ရဲ့သားအကြီးဆုံး ဘီးလ်ဂျူနီယာ အသက် (၄၀) တို့ Bellevue Hospital ကို သွားကြည့်ကြပါတယ်။

"ရေက သူ့နေရာ သူရှာတယ်"

"Water seeks its own level" ဆိုတဲ့ သူ့အဖေစကားကို သားကြီး ဘီးလ်ဂျူနီယာက သတိရနေပါတယ်။

ပြီးတော့ "အရည်အချင်းရှိတဲ့လူက ထိပ်ရောက်တယ်" "The cream rises to the top" ဆိုတာကိုလည်း သားကြီးက မမေ့ပါဘူး။

ဟုတ်ပါတယ် အဖေရယ်။ ရေမျက်နှာပြင်က တည်ငြိမ်တယ်။ ပတ္တမြားမှန် နွံမနစ်ပါဘူး။ အဖေရဲ့ တည်ငြိမ်တဲ့ အရည်အသွေးနဲ့ အဖေ လူ့လောကကို အကျိုးပြုခဲ့နိုင်လို့ အဖေ့နာမည်က သမိုင်းမှာ တောက်ပနေမှာပါ။

သားတို့တွေဟာ သေကိုသေကြရမှာပါ။ သူရဲဘောကြောင်တဲ့ လူတွေသာ အကြိမ်ကြိမ်သေပါတယ်။ အဖေလို သတ္တိရှိ ရဲဝံ့တဲ့ လူတွေက တစ်ကြိမ်ပဲ သေပါတယ်။ ဒီလို ရေရွတ်နေတဲ့ သားကြီးက ထိခိုက်လို့ သွေးတွေသံတွေနဲ့ သေရတဲ့ သူတို့ဖခင်ဟာ ပင်ကိုဖီးဟန်ကြီးရဲ့ ရုပ်ပကတိနဲ့ သေနေတာတွေ့ကြရပါတယ်။

လက်တွေကတော့ အင်တေတုံးကြီးတွေကို ဆွဲမထားလို့ ပွန်းပဲ့နေပါတယ်။

ကြည့်ရတာ အရင်နဲ့ မတူဘူးတဲ့

အောက်တိုဘာ (၃) ရက်နေ့မှာ ဗာဂျင်နီးယား အိမ်ပြန်နိုင်ခဲ့ပါတယ်။ ပန်းနံ့တွေကလည်း မွှေးလို့ သူ့အိမ်အဝင်လမ်းကို အိမ်နီးနားချည်းတွေက ပန်းအိုးတွေ လာတန်းစီထားပေးထားကြပါတယ်။

"ဗာဂျင်နီးယား အိမ်အပြန်လမ်းကို ကြိုဆိုပါတယ်" လို့လည်း စာတန်းကြီးချိတ်ဆွဲထားကြပါသေးတယ်။

အိမ်ထဲဝင်လိုက်မိတော့လည်း ကြည့်မိလေရာတိုင်းမှာ ခန်းဆီးတွေ ကတ်ပြားတွေချည်းပါလား။

သူ့ရွှေရောင်ခွေးလေးတွေကလည်း အရူးအမူး ဖြစ်နေလိုက်ကြတာကိုလည်း ကြည့်ကြပါဦး။

မိတ်ဆွေတွေ မိသားစုဝင်တွေကလည်း ဝိုင်းဝိုင်းလည်လို့။

ဖုန်းသံကလည်း တညံညံနဲ့။

ဗာဂျင်နီးယားလည်း စိတ်လှုပ်လှုပ်ရှားရှား ဖြစ်နေပုံကလည်း ပြောမပြနိုင်အောင်ပါလား။ ခေါ်လိုက်တဲ့ဖုန်းကို ထူးလိုက်တော့ ရွှိုင်းဘဲလ်ဆိုပါလား။ သူ့ရှေ့ကနေ ဓာတ်လှေကားအပြင်ရောက်သွားတဲ့ လူပေါ့။ မသေလို့ ရှင်ကျန်နေခဲ့တဲ့ နှစ်ယောက်ဖုန်းထဲမှာ ပြန်ဆုံပြီး ငိုလိုက်ကြပါတယ်။

နောက်တစ်နေ့ဆိုရင်ပဲ ရှေ့မှာ လျှောက်လှမ်းရမယ့် ခရီးတောကို တွေ့မြင်နေရပါပြီ။

အိမ်နီးချင်းကလေးတစ်ယောက်က သူ့ကို မြင်တော့ ရှေ့ဆက်မတိုးရဲတာကို ဗာဂျင်နီးယားတွေ့လိုက်ရလို့ သူ့မိတ်ဆွေ

တစ်ယောက်ကို ဝမ်းနည်းစကားပြောလိုက်တာကတော့ သူ့ကို ကြည့်ကြရတာ အရင်ကနဲ့ မတူတော့ဘူးနဲ့ တူတယ်လို့ ပြောတဲ့ စကားပါပဲ။

နောက်လေးငါးရက်နေတော့ သူ့မိတ်ဆွေတစ်ယောက်က ကလေးနှစ်ယောက်နဲ့ ရောက်လာတယ်။ ကလေးနှစ်ယောက်က ဗာဂျင်နီးယားကို လာပွဲကြဖက်ကြတော့ ဗာဂျင်နီးယား သိပ်ဝမ်းသာသွားတယ်။

ကလေးတွေက သူ့ကို နမ်းကြပြီး "ဒေါ်လေးအကြောင်း သတင်းစာတွေမှာ ဖတ်ရတာ ဒေါ်လေးက တော်တော်ကို စိတ်အေးတာတွေ့ရပါတယ်။ တိုက်ပွဲက ထွက်လာလိုက်တာလည်း တော်တော်စိတ်အေးအေး ထားနိုင်လို့ပေါ့နော်"

ကလေးတွေက သူ့ကို မေးမေးပြောပြောတွေဆိုတော့ ငါက ကလေးတွေနဲ့ မစိမ်းဘူး၊ မဆန်းဘူးလို့ တွေးမိပြီး ဗာဂျင်နီးယား အားတက်လာပါတယ်။

နောက်ရက်တွေလတွေမှာလည်း ဗာဂျင်နီးယား ဒီလိုမျိုးတွေ့ကြုံပြီး စိတ်တက်လိုက်ကျလိုက်နဲ့ မတည်မငြိမ် ဖြစ်နေခဲ့ပါတယ်။

"သူ့ဘဝက နဂိုနေ ဘယ်တော့မှ ပြန်ဖြစ်မှာ မဟုတ်ဘူး" ဆိုတဲ့ လက်မခံနိုင်တဲ့ အသိစိတ်က သူ့ကို ဒုက္ခပေးဆုံးဖြတ်နေပါတယ်။

သူနဲ့ တွဲဖက် မော်တော်ဘုတ်တောင် စပ်တူဝယ်ထားခဲ့တဲ့ ဆာလာမီက သူ့ကို သွားလိုရာပို့တယ်။ အရင်ကလို ပျော်ရအောင် ပင်လယ်ကမ်းခြေကိုလည်း ခေါ်တယ်။ မြူးစေပျော်စေပါတယ်။

ဒီတစ်ခေါက် ဆာလာမီက ဆရာဝန်တားထားတဲ့ကြားက သူ့ကားကလေး Acura ကို (၁၅) မိနစ်လောက် ဗာဂျင်

နိုးယားကို ပေးမောင်းစေလိုက်ပါတယ်။ BMW ပိုင်တဲ့ မာန ကြီးကြီး ဗာဂျင်နိုးယားကလည်း ကားမောင်းရတာလောက် ပျော်တာ မရှိဘူးဆိုတဲ့ မိန်းမပဲ မောင်းတော့တာပေါ့။ ကား စတီယာရင်တိုင် ကိုင်မိတယ်ဆိုရင်ပဲ ဗာဂျင်နိုးယား စိတ် အားတက်သွားတယ်။ ကိုယ့်ကိုယ်ကိုလည်း ယုံကြည်စိတ် မြင့် တက်လာပါတယ်။

တစ်နေ့လုံး ပျော်သွားတယ်။ ပင်လယ်အစားအစာဆိုင် မှာ ဝင်နားလိုက် စားလိုက်ကြတယ်။ ပုစွန်တုပ်ကြီးကို အိမ် ကပါလာတဲ့ ဘီစကစ်နဲ့ စားလိုက်ကြတယ်။

"သူငယ်ချင်း ဆာလာမီရေ...တို့တော့ လွတ်မြောက်သွား ပြီ" ဗာဂျင်နိုးယား ကြွေးကြော်လိုက်တယ်။ ဒါပေမဲ့ ဒီချိုယာ ရာစိတ်တွေကို ပြန်ဒုက္ခပေးနေတာတွေကလည်း ရှောင်လို့မရ အောင် ဖြစ်နေတယ်။

အခန်းထဲက တီဗွီ ဆိုမဖွင့်ရဲဘူး၊ အကြမ်းဖက်သမား တွေ တိုက်ခဲ့တာကိုပဲ ထပ်တလဲလဲ ပြနေတော့ ခက်တယ်။

ပြီးတော့ ကန်တာမှာ လုပ်ဖော်ကိုင်ဖက် ၇၀၀ လောက် သေခဲ့ရပြီး သူသာ အသက်ရှင်ကျန်နေခဲ့တယ်ဆိုတဲ့ အသိက လည်း ဖျောက်လို့မရဘူး။

Wall Steet Journal မှာ ဖော်ပြတာကို ဖတ်လိုက်မိ တော့ သူတို့ကန်တာ Cantor မှာ သေခဲ့ရတဲ့ ညီအစ်ကိုအတွဲ (၁၀) တွဲ ရှိတယ်။ ကလေးပေါင်း (၁၄၃၆) ယောက်က အဖေ မရှိသူတွေ၊ အမေမဲ့သူတွေ ဖြစ်ကျန်ခဲ့ပါတယ်။ အဲဒီ စက်တင် ဘာ (၁၁) က ကွယ်လွန်သွားတဲ့ အလုပ်သမားတွေထဲက ကျန် ခဲ့တဲ့ ဇနီးတွေထဲက အဲဒီနေ့မှာ မီးဖွားမြင်တဲ့ ကလေး (၃) ယောက် လည်း ရှိလိုက်ပါသေးတယ်။

ဒါတွေကြားရတော့ သိရတော့ ဗာဂျင်နီးယားစိတ်ထဲ မချိတင်ကဲ ဖြစ်ရတယ်။ ငါအသက်ရှင်ကျန်ခဲ့တာ တရားမှ တရားရဲ့လား အပြစ်ကင်းရဲ့လား။ ဒီလိုတွေးတိုင်း ဟိုးနှစ် လေးဆယ်က မောင်လေးမီးလောင်ပြီး သေခဲ့ရတာတွေပါ ပြန် ပေါ်လာကုန်ရော။

ငယ်ငယ်ကလည်း ဗာဂျင်နီးယား လွတ်လာခဲ့တယ်။ ခုကြီးတော့လည်း ဗာဂျင်နီးယား မသေဘူး လွတ်လာပြန်ပြီ။ ခက်တယ်။ တစ်ကိုယ်ကောင်းဆန်တယ်။ ကိုယ်လွတ်ရုန်းတယ်လို့ ထင်ကြတော့မယ်။ ဗာဂျင်နီးယား ဘာကိုမှ ကြိုလည်းမသိပါဘူး။ မီးနဲ့ ပတ်သက်လာရင်လည်း စိတ်ခံစားမှုကတစ်မျိုး ကြောက် စိတ်နဲ့ ရူးသလို ဖြစ်ဖြစ်နေတယ်။ ပြေးလမ်းကို အမြဲကြည့် ကြည့်ထားတယ်။

ဒါကလည်း ဗာဂျင်နီးယားရဲ့ ပင်ကိုစိတ်။ ပြီးတော့ မီးကြောက်တဲ့အပြင် ဘာဖြစ်ဖြစ် ကိုယ့်အပြစ်ကိုယ့်ကြောင့်လို့ သာ ခံယူတတ်တာမျိုးကလည်းရှိတော့ ခုပိုခံစားရတာပေါ့။

ဒါပေမဲ့ တော်သေးတယ်။ သူငယ်ချင်းတစ်ယောက်က ဗုဒ္ဓဆင်းတုတော်လေးတစ်ဆူလာပေးလို့ သူတို့သင်ပေးထားတဲ့ အတိုင်း တရားစာဖတ်၊ တရားမှတ်နေမိလို့ စိတ်ချမ်းသာမှုရပါ တယ်။

အရင်တုန်းကတော့ အားတယ်ဆိုရင် ဗာဂျင်နီးယားနဲ့ ဆလာမီတို့နှစ်ယောက် စပ်တူဝယ်ထားတဲ့ မော်တော်ဘုတ်နဲ့ ဘီယာသေတ္တာတင် ပင်လယ်ထဲ အပြင်းမောင်းထွက်သွားပြီး ဘီယာသောက်လိုက်၊ စားလိုက်နားလိုက်နဲ့ လှိုင်းစီးပြီး စိတ် အေးချမ်းသာမှုဆိုတာကို ရှာခဲ့တဲ့ ဗာဂျင်နီးယား ဖြစ်ပါတယ်။

အသားကပ် ကိုယ်တိုင်းနဲ့ အတိအကျ ချုပ်ထားတဲ့

ဝတ်စုံတစ်စုံကို ဒေါက်တာမာဆူးက ဝယ်ခိုင်းတယ်။

မီးလောင်ဒဏ် အရေပြားတွေက သွေးကောင်းကောင်း မလျှောက်လို့ အရေပြားတွေ ထူမယ်၊ ကြမ်းမယ်လို့ သူ့ကို ခွဲကုခဲ့တဲ့ ဆရာဝန်က စီစဉ်ပါတယ်။ တစ်နေ့ (၂၃) နာရီ ဝတ်ရမယ့်ဝတ်စုံတဲ့။ လုံးဝနေထိုင်လို့မရတဲ့ ဝတ်စုံမို့ ဗာဂျင်နီးယားငိုနေမိပါတယ်။

အပေါင်းအသင်းတွေက သူ့ကို ဂုဏ်ပြုတဲ့ စားသောက်ပွဲတည်ခင်းလို့ အရဲစွန့်ပြီး နယူးယောခ်ကို ဗာဂျင်နီးယား လာမိပါတယ်။ သွားတဲ့လမ်းမှာ Ground Zero ကို ဖြတ်ရလို့ ကြည့်လိုက်မိတယ်။

“ဘုရားရေ ... ဒါပဲ ကျန်တော့သလား”

ဒီမြင်ကွင်းကို မေ့ပစ်ချင်နေတဲ့ ဗာဂျင်နီးယားကိုပါတီ က သူရဲကောင်းလို ဝိုင်းကြိုကြပါတယ်။

ဝိုင်းအာရုံပြုခံနေရတာကိုလည်း သူမခံနိုင်တော့ဘူး။ ပြီးတော့ ဒီကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန ပြိုကျတဲ့အကြောင်းသာလူတွေက ပြောချင်နေကြတော့ နေလို့လည်း မရတော့ဘူး။

“ကျွန်မ ဒီပြင်ကိစ္စတွေအကြောင်းလည်း ပြောတတ်ပါတယ်။

ဒီလိုပြောမိတဲ့အထိ ဖြစ်ကုန်ပါလေရော။

“ဟုတ်ပါတယ်၊ ဘာမှ ကျွန်မဘဝမှာ အရင်ကလို ပြန်ဖြစ်လာမှာ မဟုတ်တော့ဘူးဆိုတာ သိပါတယ်။ကိုယ့်ဘဝကိုယ် မြတ်နိုးခဲ့ချစ်ခဲ့တာတွေလည်း ပြောင်းသွားပါပြီ။ ဆောင်းဦးမှာ သစ်ပင်တွေ သေကုန်ကြပြီလို့ ထင်ရတယ်။ သူတို့မသေဘူး၊ ခဏအိပ်ကြတာပါ။ ဆောင်းကုန်တော့ ပြန် ရှင်သန်လာကြတယ်။ အဲဒီလိုမျိုး ကျွန်မတို့ဘဝတွေ ဖြစ်နိုင်ကြရင် ခဏအိပ်လိုက်ကြပြီး ပြန်နိုးထ ရှင်သန်ကြရအောင်”

မမေ့ခဲ့နိုင်

နယူးယောခ်မီးသတ်ဌာနမှာ ဂုဏ်ယူဖွယ်မာန်မာနက ခါးသီးလှတဲ့ အတွေ့အကြုံနဲ့ ခွဲမရအောင် ရောနေတယ်။ နိုင်ငံသူရဲကောင်းသစ်တွေမှာ ပဋိညာဉ်မဲ့လုပ်ခဲ့ကြတယ်။

ပန်းတွေနဲ့ မျက်ရည်တွေကိုတော့ ရပါတယ်။ တင်နီဆန်ရဲ့ ကဗျာကို သတိရနေကြတယ်။

“Tennyson's Charge of the Light Brigade”

Was there a man Dismayd?
Not tho' the soldier knew.
Someone had blundered;
Theirs not to make repply;
Theirs not to reason why,
Theirs but to do and die.

မြောက်ဘက်က မိုးထိတိုက်ကြီး မပြိုခင်က လူကြီးတွေက သူတို့လူတွေ ထွက်ခဲ့ကြဖို့ ခေါ်တယ်လို့တော့ သတင်းတွေကြားရပါတယ်။ ဖီးဟန်ကိုယ်တိုင်ကတောင် သူ့လူတွေကို တိုက်ကြီးထဲ မဝင်ခိုင်းတော့ဘူး။ အပြင်မှာပဲ ကယ်ဆယ်ရေးတွေ လုပ်စေတယ်လို့ သိရပါတယ်။

ဒါပေမဲ့ ဘယ်သူမှ ဘယ်တော့မှ အတိအကျသိကြရမှာ မဟုတ်ပါဘူး။

ခုတော့ မီးသတ်သမားတွေ ပြောနေကြတာကတော့ နယ်မြေမှာလည်း မီးသတ်ဌာနလို့ ဖြစ်ပါတယ်။

ဖီးဟန်ရဲ့ မြေးကလေး (၈) နှစ်က သူ့ခုတင်နဲ့ နံရံကြားဝင်စာအုပ်တွေနဲ့ သူ့ကိုယ်သူ ဖုံးအုပ်ထားပြီး “ကယ်ပါ ကယ်ပါ” “Help Help” လို့ အော်ပြီး ကစားနေပါပြီ။

ဖီးဟန် ရဲ့သမီး သားလေးကော်နာရဲ့ မိခင်ကတော့

သူ့ သားလုပ်ပုံကို ကြည့်ပြီး ငိုရှာတယ်။

ဖီးဟန်တပည့်၊ မီးသတ်တပ်သားက သားလေးကို စာ အုပ်ပုံကြားက ဆွဲထုတ်ပြီး Ground Zero က ယူလာတဲ့ အင်္ဂတေအတုံးတစ်တုံးကို ပေးပါတယ်။ "၉-၁၁-၀၁"လို့ နေ့စွဲထိုးထားပါတယ်။

"မင်းအဘိုးက သူရဲကောင်း၊ သူ့ကိုသာ သေစေခဲ့တယ်။ မင်း ဘယ်တော့မှ အဘိုးကို မမေ့ရဘူး" ကော်နာဖခင်က ပြောပါတယ်။ ကော်နာအဘိုးနှစ်ယောက်လုံးကလည်း မီးသတ်တပ်သားတွေပါ။ ကော်နာကလည်း ကြီးရင် မီးသတ်တပ်သားလုပ်မယ့်သူ။ အဘိုးကို မမေ့နိုင်လို့ပါတဲ့။

Newsweek : Dec 31, 2001 - Jan 7,2002.